
www.burmeseclassic.com




# မယ်မင်းဘုံ

အချစ်ရေယာပြင်ပသို့ ရောက်ရှိနေပါသဖြင့်

L. လင်း

www.burmeseclassic.com

www.burmeseclassic.com



# မယ်မင်းဘုံ

အချစ်ဧရိယာပြင်ပသို့
ရောက်ရှိနေပါသဖြင့်

BURMESE CLASSIC .com

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com



"တီ … တီ … တီ"

ဖုန်းသံလေးက သာယာငြိမ့်ညောင်းစွာ ထွက်ပေါ်လာသည်။ စာရင်းဇယားတွေနှင့် ချာလပတ်လည်အောင် အလုပ်ရှုပ်နေသော စိမ်းပြာ တစ်ယောက် ဖုန်းသံကြောင့် စိတ်ညစ်သွားရသည်။ စိတ်တိုတိုနှင့်ပင် ဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟယ်လို … ပြောပါ"

"မမ ဘာတွေများ အလုပ်တွေရှုပ်နေလို့ အသံက မာနေရတာလဲ"

ချိုရှိသော အသံကလေးကြောင့် စာရင်းဇယားတွေနှင့် ခေါင်းခြောက်နေသော စိမ်းပြာ အမောပြေသွားရသည်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



သည့်အသံပိုင်ရှင်လေးသည် ယောဒီတစ်လောကလုံးမှာ စိမ်းပြာရဲ့ တစ်ဦးတည်းသော အချစ်ဆုံး ညီမလေး ရှိန်းပြာပင် ဖြစ်သည်။

"ရှိန်း ... ညီမလေး ဒီနေ့ စောစောစီးစီး ဖုန်းဆက်လို့"

"ဟုတ်တယ် မမရဲ့၊ ဒီနေ့ သတင်းထူးလေး မမကိုပြောချင်လို့ ဆက်လိုက်တာ"

"ဘာသတင်းလဲ ရှိန်းရဲ့"

"ရှိန်း သန်ဘက်ခါ flight နဲ့ ပြန်လာတော့မှာ"

ဟင် ... ရှိန်းပြာရဲ့စကားကြောင့် စိမ်းပြာသည် တကယ်အံ့သြလို့သွားပေသည်။ ကြည့်စမ်း ... ဒီကလေးမ ပြန်လာမယ်ဆိုတဲ့ အကြောင်းကို အခုမှပဲ ပြောတော့တယ်။

"တကယ်ပြောတာလား ရှိန်း"

"အင်း ... မမကလည်း တကယ်ပေါ့၊ ဒီတစ်ခေါက် ခွင့်က (၃)လရတယ်လေ"

"အင်း ... ကောင်းတယ်ကွာ၊ ဘိုးနဲ့ဘွားသာသိရင် ပျော်ကြမှာ"





"ဒါပေါ့ မမရဲ့၊ မမရေ ... ရှိန်း ဖုန်းကတ်ကုန်တော့မယ်၊ ဒါပဲနော်၊ သြော် ... သန်ဘက်ခါ ညနေ(၆)နာရီ ... Silk air flight နော် တာ့တာ"

ရှိန်းပြာက ခပ်သွက်သွက်လေးပြောကာ ဖုန်းချသွားတော့သည်။ စိမ်းပြာ ပြုံးလိုက်တော့သည်။ စိတ်ထဲမှာလည်း တကယ့်ကို ကြည်နူးမိသွားသည်။

ရှိန်းပြာ ပြန်လာတော့မည်ဆိုတဲ့သတင်းက စိမ်းပြာအတွက်တော့ တကယ့်ကို ပျော်စရာပါ။ ရှိန်းပြာကို ဟိုးငယ်ငယ်ကတည်းက စိမ်းပြာကပဲ ပိုးမွေးသလို မွေးပြီး ပြုစုခဲ့တာ။

စိမ်းပြာတို့ မိဘတွေက ရှိန်းပြာလေး ရှစ်နှစ်သမီးကတည်းက ကား accident ကြောင့် ဆုံးသွားခဲ့တာဖြစ်သည်။

ဘဝမှာ ခိုကိုးစရာ မိဘရင်ခွင့်မဲ့နေတဲ့ (၁၃)နှစ်အရွယ် စိမ်းပြာနှင့် ရှစ်နှစ်အရွယ် ရှိန်းပြာကို ဖေဖေ့ရဲ့ ဖေဖေနှင့် မေမေ (စိမ်းပြာတို့ရဲ့ဘိုးဘိုး၊ ဘွားဘွား)တွေကပဲ ဒီနေ့အထိ ကျွေးမွေးပြုစု စောင့်ရှောက်ပညာသင်ပေးခဲ့တာပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းပြာ ... ရှိန်းပြာ ... အခုဆိုရင် အသက်(၂၁)နှစ်အရွယ် အပျိုကြီးဖားဖားကို ဖြစ်နေပြီ။ ဆယ်တန်းအောင်ပြီးကတည်းက စင်ကာပူမှာပဲ ကျောင်းတက်၊ ဟိုမှာပဲ အလုပ်လုပ်နှင့် ရှိန်းပြာ အတွက်ကတော့ စင်ကာပူနှင့် မြန်မာပြည်သည် အိမ်ဦးနှင့်ကြမ်းပြင်ပမာပင်ဖြစ်သည်။

အခုလည်း စိမ်းပြာ ပြန်လာမယ်ဆိုတဲ့ သတင်းကို ဘိုးဘိုးနှင့် ဘွားဘွားသာသိရင် ဘယ်လောက်များ ဝမ်းသာလိုက်လေမလဲ။

အတွေးနှင့်အတူ စိမ်းပြာသည် တော်တော်လေးကို ကြည်နူးနေရသည်။ စိမ်းပြာရဲ့ အတွင်းရေးမှူးမလေး စံပယ်၏ ခေါ်သံကြားမှပဲ စိမ်းပြာ အသိဝင်လာကာ စိတ်အာရုံတို့သည် ပစ္စုပ္ပန်သို့ ရောက်လေသည်။

"meeting အတွက် အဆင်သင့် ဖြစ်ပါပြီ MD"

စိမ်းပြာသည် ခေါင်းအသာဆတ်ပြလိုက်ပြီး meeting room ဆီသို့ ဦးတည်သွားလိုက်တော့သည်။ meeting ထိုင်အပြီးတွင်တော့ စိမ်းပြာသည် အပ္ပိုင့်မန့်တွေနှင့် တွေ့လိုက်ရသေးသည်။





ကိစ္စတွေအားလုံး ပြီးသွားမှပဲ စိမ်းပြာသည် ဘိုးဘိုးနှင့် ဘွားဘွားဆီသို့ ဖုန်းခေါ်ကာ ရှိန်းပြာ ပြန်လာမည့်အကြောင်းကို ပြောလိုက်ရသည်။ ဘိုးနှင့်ဘွားကတော့ အတော်ကလေးကို ပျော်နေကြတာပဲ ဖြစ်သည်။

ဘွားကတော့ သည်တစ်ခေါက် ပြင်ဦးလွင်ကို ရှိန်းကိုကော စိမ်းကိုပါ ပြန်လာစေချင်တာ ဖြစ်သည်။ ပြီးတော့ စိမ်းပြာ အတွက် စီစဉ်ပေးစရာကိစ္စလည်း ရှိသေးသည်တဲ့။

စိမ်းပြာသည် မရောက်ဖြစ်တာ နှစ်,နှစ်လောက်ရှိပြီဖြစ်သော မိမိရဲ့ဇာတိမြို့လေး ပြင်ဦးလွင်သို့ သည်တစ်ခေါက်တော့ ပြန်ဖြစ်အောင် ပြန်မည်ဟု တွေးထားလိုက်တော့သည်။

စိမ်းပြာ ချစ်တဲ့ ပြင်ဦးလွင်ဟာ စိမ်းပြာကို ဘယ်လိုများ ကြိုနေမှာပါလိမ့်။

❣ ○ ❣



www.burmeseclassic.com

www.burmeseclassic.com



သည်ကနေ့တွင်တော့ စိမ်းပြာတစ်ယောက် တော်တော့ကိုလန်းဆန်းတက်ကြွနေပါသည်။ အကြောင်းကတော့ စိမ်းပြာရဲ့ညီမလေး ရှိန်းပြာ သည်နေ့ ပြန်လာတော့မှာမို့ဖြစ်သည်။

သိပ်မကြာခင်အချိန်မှာ ရှိန်းပြာနှင့် တွေ့ရတော့မည်ဆိုသည့်အသိက စိမ်းပြာရဲ့ရင်ကို နွေးထွေးသွားစေပါသည်။ လေဆိပ်ရောက်ပြီး သိပ်မကြာခင်တွင်တော့ စိမ်းပြာ၏လက်ကိုင်ဖုန်းလေးမှ အသံမြည်လာသည်။ စိမ်းပြာသည် ဖုန်းနံပါတ်ကိုကြည့်လိုက်တော့ ဘိုးဘိုးနှင့် ဘွားဘွားဆီက ဖြစ်လို့နေသည်။

"ဟုတ်ကဲ့ ဘိုး"

"မြေးရေ ... ရှိန်းလေး မလာသေးဘူးလား"

"လေယာဉ်က ဆိုက်ခါနီးနေပါပြီ ဘိုးရဲ့"





"အင်း ... အင်း ... ရှိန်းလေး ရောက်တာနဲ့ ဘိုးတို့ဆီ ဖုန်းဆက်နော်"

"ဟုတ်ကဲ့ပါ ဘိုးဘိုး"

ရှိန်းပြာကို သွားကြိုရာတွင် စိမ်းပြာ၏ အတွင်းရေးမှူးမလေး စံပယ်ကပါ လိုက်ပါလာသဖြင့် စိမ်းပြာ အတွက် အတော်လေးကို အဖော်ရနေပေသည်။ စိမ်းပြာသည် ဘိုးဘိုးနှင့် ဖုန်းပြောအပြီးတွင်တော့ စံပယ်က မေးလာသည်။

"MD ရဲ့ ဘိုးဘိုးနဲ့ ဘွားဘွားက ရန်ကုန်မှာ မနေဘူး နော်"

"အင်း ... ဟုတ်တယ် စံပယ်ရဲ့၊ ဘိုးနဲ့ ဘွားက ရန်ကုန် မှာနေဖို့ခေါ်လည်း မရပါဘူး။ လာလည်း ခဏပဲလေ။ ပြင်ဦးလွင်ကို မခွဲနိုင်ဘူးလေ"

"MD က ဒီတစ်ခါ ပြင်ဦးလွင်ကို သွားရဦးမှာလား ဟင်"

"ဟုတ်တယ် စံပယ်ရဲ့၊ အစ်မ မပြန်တာ ကြာပြီလေ၊ ဘိုး နဲ့ဘွားဆီကို ရှိန်းနှင့်အတူ ပြန်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ဆိုက်လာပြီဖြစ်သဖြင့် စိမ်းပြာတို့ စကားစ ပြတ်သွားတော့သည်။ ခဏအကြာတွင်တော့ ရှိန်းပြာကို တွေ့လိုက် ပါသည်။

စိမ်းပြာကို မြင်သည်နှင့် ရှိန်းပြာက လက်လှမ်းပြလေ သည်။ ရှိန်းပြာသည် ပိုလို့တောင်ပင် လှလို့နေသည်။ ခရမ်းရောင် ပိုးဂါဝန်လေးကိုသာ ရိုးရှင်းစွာ ဝတ်ဆင်ထားသော ရှိန်းပြာသည် တော်တော်လေးကို ချစ်ဖို့ကောင်းပါသည်။

ရှိန်းပြာသည် baggage ရွေးပြီး ထို baggage ကို troller ပေါ်တင်ပြီးနောက် တွန်းကာ ထွက်လာခဲ့တော့သည်။ ပြုံးရွှင်သော မျက်နှာလေးဖြင့် ရှိန်းပြာသည် စိမ်းပြာဆီသို့ တန်း မတ်စွာ လျှောက်လာပြီး ပွေ့ဖက်လိုက်ကာ ...

"မမကို အရမ်း သတိရနေတာ"

"မမလည်း အတူတူပါပဲ ညီမလေးရယ်"

စံပယ်က အလိုက်သိစွာဖြင့်ပင် ကားကို သွားယူ လိုက်သည်။ ကားရောက်လာတော့မှ ရှိန်းပြာရဲ့အိတ်တွေကို ကား နောက်ဖုံးထဲ ထည့်ပြီးမှ ကားလေးသည် လေဆိပ်မှ ထွက်လာခဲ့ တော့သည်။





စံပယ်က ကားမောင်းသဖြင့် စိမ်းပြာသည်လည်း ရှိန်းပြာနှင့်အတူ ကားနောက်ခန်းတွင်သာ ထိုင်လိုက်လာခဲ့တော့ သည်။

ကားမောင်းထွက်လာပြီး သိပ်မကြာခင်တော့ ဖုန်း ဝင်လာလျှင် ထိုဖုန်းမှာ ဘိုးဘိုးတို့ဆီက ဖြစ်လေသည်။ စိမ်းပြာ သည် ရှိန်းကိုသာ တစ်ခါတည်း ဖုန်းပေးကိုင်လိုက်တော့သည်။

"ဟယ်လို ... ဘိုးဘိုး"

"ဟာ ... ရှိန်းလေးလား၊ နေကောင်းတယ်မှလား"

"ဟုတ် ... ကောင်းပါတယ် ဘိုးရဲ့၊ ဘွားကောဟင်"

"ရှိပါ့ဗျာ၊ မြေးရဲ့ ပြင်ဦးလွင်ကို မြန်မြန်သာလာခဲ့တော့ ဟေ့"

ဘိုးဘိုးက ပြင်ဦးလွင်ကို မြန်မြန်လာဖို့ ဆော်ဩြ လျှင် ရှိန်းသည် အသာပြုံးလိုက်ကာ ...

"ဟုတ်ကဲ့ပါ ဘိုးဘိုးရဲ့၊ စိတ်ချနေဝ် ရှိန်းတို့ အမြန်ဆုံး လာခဲ့မှာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ၊ ကဲ ... မြေးရေ၊ ညည်းအဘွားက ဖုန်းကိုလှနေပြီ၊ ပြောလိုက်ဦး"

ရှိန်းသည် ဘွားဘွားနှင့် ထပ်မံစကားပြောဖြစ်သည်။

"ဘွား ... နေကောင်းလား"

"ကောင်းပါ့တော်၊ ငါ့မြေးလေး အစစအရာရာ အဆင်ပြေရဲ့လား"

"ပြေပါတယ် ဘွားဘွားရဲ့၊ ရှိန်းတို့ ပြင်ဦးလွင် လာမှာပဲ ဘွားကို ဟိုက အတွေ့အကြုံတွေ ပြောပြရဦးမယ်"

"အေး ... အေး၊ ဪ ... မြေးရေ၊ စိမ်းလေးကောဟေ့"

"ရှိတယ် ဘွား၊ ပြောလိုက်ဦးနော်"

စိမ်းပြာက ဖုန်းကိုလှမ်းယူလိုက်ပြီး ဘွားဘွားနှင့် ဖုန်းပြောလိုက်သည်။

"စိမ်း ... ဒီတစ်ခေါက်လာရင် ကြာကြာနေနော်၊ စိမ်းကို ဘွားဘွား ပြောစရာလည်းရှိတယ်၊ စီစဉ်ပေးစရာတွေလည်း ရှိတယ်"





"ဟုတ်ကဲ့ပါ ဘွား၊ စိမ်း အလုပ်တွေဖြတ်ပြီးတာနဲ့ လာခဲ့ပါ့မယ်"

"ဟုတ်ပြီ စိမ်းလေး"

ဘွားဘွားနှင့် ဖုန်းပြောပြီးသွားလျှင်တော့ စိမ်းပြာသည် ရှိန်းဘက်သို့လှည့်ကာ ...

"ရှိန်း ဒီနေ့ ဘာစားချင်လဲ၊ ဒီနေ့တော့ sorry ကွာ၊ မမ အလုပ်တွေ ရှုပ်နေတာနဲ့တင် ထမင်းဟင်း အိမ်မှာမချက်နိုင်ဘူး၊ မနက်ဖြန်ကျမှ မမကိုယ်တိုင် ချက်ကျွေးမယ် ... နော်"

"ရပါတယ် မမရဲ့ ... အခုတော့ ဆိုင်တစ်ဆိုင်ဆိုင်မှာပဲ ဝင်လိုက်ကြတာပေါ့"

"MD ဒါဆိုရင် အနီးဆုံး စားသောက်ဆိုင် တစ်ဆိုင်မှာ ဝင်စားမှာလား"

စပယ့်ကို အနီးဆုံးစားသောက်ဆိုင် တစ်ခုသို့ ဝင်ခိုင်းလိုက်ပြီး အဲသည်မှာပဲ ဒင်နာစားဖြစ်သည်။

"ရှိန်း ... ဟိုမှာ အလုပ် လုပ်ရတာ အဆင်ပြေရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... အားလုံး good တယ်"

"ရှိန်းရယ် ... ဒီမှာပဲ နေပါတော့လားဟင်"

စိမ်းပြာရဲ့ကရုဏာသက်စွာ အပြောကို ရှိန်းက အသာပြုံးပြလိုက်ရင်း ...

"နေမှာပေါ့ မမရဲ့၊ ဒီတစ်ခါ ရှိန်း ပြန်လာတာ ဟိုက ကုမ္ပဏီက မြန်မာပြည်မှာ ရုံးခွဲဖွင့်မယ်လေ၊ အဲဒါ ထရန် စဖာလုပ်ဖို့ကိစ္စအပြင် project တစ်ခုလည်း ပါလာတယ်လေ ...

အင်း ... ဒီတစ်ခါတော့ ရှိန်း စင်ကာပူပြန်ဖြစ်လည်း အနည်းဆုံး သုံးလလောက်ပါပဲ၊ အဲဒီနောက်ပိုင်းတော့ ရှိန်း ဒီမှာပဲ ရုံးထိုင်တော့မယ်"

ရှိန်းပြာရဲ့ စကားကြောင့် စိမ်းပြာသည် တော်တော်လေး ကြည်နူးသွားရသည်။

"တကယ် ... ဝမ်းသာလိုက်တာ ရှိန်းရယ်၊ မမကလေ ညီမလေးကို မမအနားမှာပဲ ရှိစေချင်တယ်"





"ဟုတ်ကဲ့ပါ မမရယ်။ ဒီတစ်ခါတော့ ရှိန်း မမအနားမှာပဲ နေတော့မှာပါ"

ကြည်နူးဖွယ်ကောင်းသော သည်စကားလေးကြောင့် စိမ်းပြာသည် တော်တော့်ကို ပျော်ရွှင်နေမိသည်။ စိမ်းပြာအတွက်တော့ ရှိန်းသည် အဖိုးမဖြတ်နိုင်သော ရတနာလေးပင်။

❢○❢



www.burmeseclassic.com

www.burmeseclassic.com



"မမရေ ... ကားလက်မှတ် စီစဉ်လိုက်တော့မယ်နော်"

ဘိုးဘိုးနှင့် ဘွားဘွားဆီသို့ သွားရတော့မည်ဟူသော အသိကြောင့် စိမ်းပြာရဲ့ရင်ထဲ ကြည်ကြည်နူးနူးလေး ဖြစ်သွားရသည်။ ပြင်ဦးလွင် ဆိုသည့် ဇာတိမြို့လေးအကြောင်းကို တွေးမိတိုင်း စိမ်းပြာရဲ့ရင်ထဲမှာ အေးချမ်းသွားရသည်။

"မမ ... ဘယ်သူ့အကြောင်းတွေး"

စိမ်းပြာရဲ့နောက် ခါးလေးကိုသိုင်းဖက်ကာ မေးလိုက်လျှင် စိမ်းပြာသည် အပြုံးလေးဖြင့် ရှိန်းကို နဖူးချင်းတိုက်ကာ ...

"ပြင်ဦးလွင် အကြောင်းပေါ့ ရှိန်းရယ်"

"အယ် ... သေချာလို့လား၊ မမက ဒီလောက်ချောတာ ဘဲဘဲကြီးတွေ ရှိနေပြီလား"





"ပေါက်တတ်ကရ မရှိပါဘူးဟယ်၊ နေဦး ... မမဆီကို မနေ့က ကောင်လေးတစ်ယောက် ဖုန်းဆက်တယ် ...

ရှိန်းနဲ့ ပြောချင်လို့တဲ့"

"ဘယ်သူတဲ့လဲ မမ"

စိမ်းပြာက တစ်ခဏ စဉ်းစားလိုက်ပြီးမှ သတိရသွားဟန်ဖြင့် ...

"တိမ်ယံ ... တိမ်ယံတဲ့"

"သြော် ... တိမ်ယံကိုး၊ ရပါတယ် မမရယ်၊ ထားလိုက်ပါ"

"ရှိန်းနဲ့ ဘယ်လိုပတ်သက်လို့လဲ"

စိမ်းပြာရဲ့ မေးခွန်းကြောင့် ရှိန်းသည် စိမ်းပြာရဲ့ မျက်နှာကို ဖျတ်ခနဲ ကြည့်ကာ ပြုံးပြလိုက်သည်။ ရှိန်းသည် ထိတ်ထိတ်ပျာပျာပုံစံဖြင့် မေးနေသော စိမ်းပြာကို ကြည့်ကာ ...

"မမရယ် ... စိတ်မပူပါနဲ့၊ ရိုးရိုးသူငယ်ချင်းတွေပါ"

"ရှိန်းက ယောက်ျားလေး သူငယ်ချင်း ပိုများသလိုပဲနော်"

စိမ်းရဲ့စကားကြောင့် ရှိန်းပြာသည် တဟားဟား အော်ရယ်လိုက်ပြီး နောက်ရွတ်ရွတ်လေးလုပ်၍ မျက်လုံးတစ်ဖက် မှိတ်ပြလိုက်လျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ပြောင်ချော်ချော် လုပ်မနေနဲ့ ရှိန်း၊ သူတို့တွေကို ရှိန်းက ဘယ်လိုသဘောထားသလဲ"

"မမကလည်း ရှိန်း ပြောပြမယ်၊ ရှိန်းက ဆယ်တန်းအောင်ပြီးကတည်းက စင်ကာပူမှာပဲ ကျောင်းတက်လာတာ၊ အလုပ်ရတဲ့ အထိပဲလေ၊ ဒီလိုမျိုးတော့ တစ်ကိုယ်တည်းလွှင့်လို့ ဘယ်ရပါ့မလဲ မမရယ်၊ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အီစီကလီလေးတော့ ရှိတာပေါ့"

"ဟယ် ... ဘယ်လို"

"လန့်မသွားပါနဲ့ မမရဲ့၊ ရှိန်းက ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းကာကွယ်နိုင်ပါတယ်၊ သူတို့တွေနဲ့က ဒီလိုပဲ တွဲသွားတွဲလာပါ၊ ဒါတွေကတော့ minor ပါ မမရယ်"

ရှိန်းပြာရဲ့စကားကြောင့် စိမ်းသည် သက်ပြင်းတစ်ချက်ကို ချလိုက်ရင်း ရှိန်းပြာရဲ့ခေါင်းလေးကို အသာပွတ်သပ်ကာ ...

"ရှိန်းရယ် ... မဖြစ်သင့်ဘူး၊ အဲဒီလိုမျိုးတွေ သူတို့တွေကို တွဲနေတော့ မျှော်လင့်ချက်ပေးသလို ဖြစ်နေမှာပေါ့"





"အား ... မမကလည်း ဒါမျိုးတွေ မရှိပါဘူး၊ တစ်ယောက်နဲ့တစ်ယောက်က ဘော်ဒါပေါင်း ပေါင်းတာပါ"

ဟင်း ... မလွယ်ပါလား ရှိန်းရယ်။ အချစ်ဆိုတာကို လွယ်လွယ်လေး တွေးနေသလားကွယ်။ ရှိန်းပြာကို ကြည့်ရတာ အားလုံးကို အပျော်အပြက် လုပ်နေသလိုပဲ။ ဘာပဲဖြစ်ဖြစ် စိမ်းပြာ ရင်မောရပါသည်။

ရှိန်းက အချစ်ကို ပေါ့ပေါ့လေး တန်ဖိုးထားပေမယ့် စိမ်းပြာကတော့ အချစ်ကို လေးလေးနက်နက် တန်ဖိုးထားချင်ပါသည်။

လေးနက်တဲ့ အချစ်တစ်ခုသည် စိမ်းပြာအတွက် တစ်နေ့နေ့တွင်တော့ ဖြစ်လာမည်ဟု ယုံကြည်ထားသည်။

စိမ်းပြာအတွက်တော့ အချစ်ဆိုတာသည် စိမ်းပြာ မဖတ်ဖူးသေးသည့် ဘဝရဲ့စာမျက်နှာတစ်ရွက်ပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှိန်းရေ ... ပစ္စည်းတွေ စုံပြီနော်"

သည်နေ့မှာ စိမ်းပြာနှင့် ရှိန်းတို့ ညီအစ်မနှစ်ယောက် မွေးဖွားရာ ဇာတိမြို့လေးဖြစ်သည့် ပြင်ဦးလွင်မြို့လေးသို့သွားရန် စီစဉ်ထားသောနေ့ဖြစ်သည်။ ရှိန်းတို့ရဲ့ပြင်ဦးလွင်မြို့လေးသည် အလွန်ကိုအေးချမ်းပြီး သာယာလှသည့် ဒေသမြို့လေးပင်။ အဲဒါကြောင့်မို့လည်း ဘိုးနှင့်ဘွားက သည်မြို့လေးကို မခွဲနိုင်တာဘဲဖြစ်မည်။

"ဟဲ့ ... ရှိန်းရေ၊ တွေးဟော့ ... တွေး၊ ခေါ်နေတာလည်း မကြား"

မမရဲ့ခေါ်သံကြားမှ ရှိန်းသည် အတွေးစတို့ ပြတ်တောက်သွားတော့သည်။ ရှိန်းသည် မမကို ရယ်ကျဲကျဲ မျက်နှာဖြင့် ပြုံးလိုက်ပြီး ...





"အဟဲ ... ဘိုးနှင့် ဘွားအကြောင်းကို စဉ်းစားနေတာပါ မမရဲ့"

"အင်း ... ကောင်မလေးကတော့ ဟိုရောက်တာနဲ့ ဘိုးနှင့် ဘွားကို ချွဲပြီနဲ့တူတယ်"

"ဒါပေါ့ မမရ"

ပစ္စည်းတွေကို ကားပေါ်တင်ကာ ကားဂိတ်သို့ သွားရန်အတွက် ရှိန်းကော စိမ်းပါ အဆင်သင့် ဖြစ်နေသည်။ ဟိုင်းဝေးလမ်းကို စိမ်းက သိပ်မမောင်းချင်သဖြင့် သက်သောင့်သက်သာနှင့် အေးဆေးဖြစ်အောင် Express ဖြင့်သွားရန် စီစဉ်ထားသည်။ လေယာဉ်နှင့် သွားမည်ဆိုတော့လည်း ရှိန်းက Express ပဲ စီးချင်သည် ဆိုသဖြင့် Express စီးဖို့ အစီအစဉ်ဖြစ်လာတော့သည်။

စိမ်းတို့ကို အဝေးပြေးကားဂိတ်သို့ လိုက်ပို့ပေးရန် အတွက် စိမ်းရဲ့စက္ကူထရီ စံပယ်က အဆင်သင့် စောင့်နေသည်။ စိမ်းတို့ အဆင်သင့်ဖြစ်သောအခါ စံပယ်မောင်းနှင်သော ကားလေးသည် အဝေးပြေးကားဂိတ်ဆီသို့ ဦးတည်မောင်းနှင်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"စံပယ် ... အစ်မ စိတ်ချမယ်နော်၊ report တွေကိုတော့ မပြတ်ပို့ပေး"

"ဟုတ်ကဲ့ ... စိတ်ချပါ MD"

ကားဂိတ်ရောက်လို့ ကားပေါ်ပင် တက်တော့မည်။ အခုချိန်ထိ မမသည် သူ့ရဲ့စက္ကူထရီကို မှာတမ်းခြွေလို့မပြီးသေး။ ရှိန်းသည် စိတ်မရှည်စွာဖြင့်ပင် မမရဲ့လက်ကို ဆွဲလိုက်ပြီး ...

"ကဲပါ ... မမရယ်၊ မစံပယ်ကို စိတ်ချလိုက်စမ်းပါလား၊ ကားပေါ်တက်ရအောင်နော်"

ဖွတ်အတင်းခေါ်နေလွန်းမှသာ စိမ်းပြာသည် ရန်ကုန်က အလုပ်ကိစ္စတွေကိုဖြတ်ကာ ကားပေါ်သို့ တက်ခဲ့ရသည်။ မကြာခင်မှာပဲ စိမ်းပြာတို့ရဲ့ ခရီးသွားကားကြီးက စတင်ထွက်ခွာပါသည်။ သက်သောင့်သက်သာနှင့် ဒီလိုပေါ့ပေါ့ပါးပါး ကိုယ့်ဇာတိမြေကို ပြန်လာခဲ့ရတာဟာ ရင်ခုန်ကြည်နူးစရာ ကောင်းလှပါသည်။ ပြင်ဦးလွင်ကို မကြာခင်အချိန်တွင်းမှာ ရောက်တော့မယ်ဆိုတဲ့ စိတ်ဟာ အရမ်းချမ်းမြေ့ဖွယ်ဖြစ်၏။





ခရီးတစ်ထောက်နားရာ စားသောက်ဆိုင်တစ်ဆိုင်တွင် ရပ်နားသည့်အခါတွင်တော့ စိမ်းပြာတို့သည် အများနည်းတူ ကားပေါ်ကဆင်း၍ စားကြသောက်ကြသည်။

"မမ toilet သွားဦးမယ်"

"ဟုတ် ... ရှိန်းတော့ မလိုက်တော့ဘူးနော်"

စိမ်းပြာသည် ခေါင်းတစ်ချက် ဆတ်ပြကာ အနောက်ဘက်မှာ သီးသန့်ရှိနေသည့် သန့်စင်ခန်းဆီသို့ သွားပြီးနောက် ပြန်အထွက်မှာတော့ တစ်ယောက်က ဝင်တိုက်လိုက်၍ စိမ်းပြာသည် ဟန်ချက်ပျက်ကာ အနောက်ကို လန်ကျတော့မလို ဖြစ်သွားတော့သည်။

စိမ်းပြာရဲ့ခန္ဓာကိုယ်သည် နောက်မှ တစ်စုံတစ်ယောက်ရဲ့ ဆီးပွေ့ခြင်းကို ခံလိုက်ရသဖြင့် လေထဲမှာ တန့်သွားတော့သည်။ စိမ်းပြာကို ဝင်တိုက်တဲ့သူက "ဆောရီး"ဟု တစ်ခွန်းပြောကာ သန့်စင်ခန်းဘက်သို့ ထွက်သွားတော့သည်။

စိမ်းပြာသည် ဒေါသကို လျှော့ကာ ကိုယ့်ကိုကူညီသည့်သူဘက်သို့ မျက်နှာလှည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်နော်"

"ရပါတယ်ဗျာ၊ အဆင်ပြေရဲ့လား"

ပြုံးပြကာ အသံချိုချိုလေးနှင့်ပြောသော သူ့ကို စိမ်းပြာသည် မြင်လိုက်တာနှင့် တည်ကြည်ရင့်ကျက်ပုံပေါက်တယ်ဟု ခံစားရသည်။

အဲဒီလို သဘောကောင်း မနောကောင်း ပုဂ္ဂိုလ်မျိုးဟာ ဒီခေတ်ထဲမှာ ရှားသွားပြီလေ။

"ဘာဖြစ်သွားသေးလဲ၊ ကျွန်တော့်သူငယ်ချင်းကြောင့် ခုလိုဖြစ်သွားတာ တောင်းပန်ပါတယ်နော်"

"ဪ ... ခုနကလူက ရှင့်သူငယ်ချင်းလား"

"ဟုတ်ပါတယ်၊ သူက အဲဒီလိုပဲ ကျွန်တော် သူ့ကိုယ်စား တောင်းပန်ပါတယ်နော်"

"ဪ... ရပါတယ်၊ ကျွန်မကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ် ...

သွားဦးမယ်နော်"





စိမ်းပြာက သူ့ကိုနှုတ်ဆက်ကာ ကားဆီသို့ ထွက်လာခဲ့တော့သည်။ ရှိန်းက ကားပေါ်မှာ စောင့်နေတာဖြစ်သည်။ စိမ်းပြာတို့ရဲ့ Express ကားကြီးက သိပ်မကြာခင် မန္တလေးသို့ ရောက်တော့မှာဖြစ်သည်။ မန္တလေးဂိတ်မှာ ဘိုးနဲ့ဘွားက လာကြိုမှာဖြစ်ပြီး အိမ်ကကားနှင့် ပြင်ဦးလွင်ကို ဆက်တက်ကြမှာဖြစ်သည်။

စိမ်းပြာတို့ဟာ ကိုယ့်ဇာတိမြေကို ရောက်တာနှင့် စိတ်ထဲ ငြိမ်းချမ်းသွားရသည်။ ကိုယ် ငယ်စဉ်ကတည်းက နေလာခဲ့တဲ့ ဒီခြံကြီးကိုရောက်လျှင် စိတ်ထဲ၌ လုံခြုံနွေးထွေးသွားတော့သည်။

ဘိုးနဲ့ဘွားရယ်၊ အန်တီခမ်းရယ်ပဲ ရှိသော စိမ်းပြာတို့မိသားစုဟာ ဘိုးစဉ်ဘောင်ဆက်က ကြွယ်ဝချမ်းသာခဲ့တာဖြစ်သည်။

"စိမ်းနဲ့ ရှိန်းတို့ ဒီတစ်ခါတော့ ကြာကြာနေနော်"

အပျိုကြီး အန်တီခမ်းက စိမ်းပြာနဲ့ ရှိန်းကို ငယ်ငယ်ကတည်းက စောင့်ရှောက်လာသူမို့ အမေလို အစ်မလို ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိမ်းက ဒီမှာ တစ်ပတ်လောက်နေမယ်၊ ပြီးရင် ရန်ကုန် ခဏပြန်ရဦးမယ်၊ အဲဒီမှာ အလုပ်လေးတွေ ဖြတ်ပြီးရင်တော့ ဒီမှာ အေးဆေးနေလို့ရပြီ"

"ဟုတ်ပါပြီ၊ ကဲ ... ဒါဖြင့် ရှိန်းကော"

ရှိန်းက ပြုံးကြွသွက်လက်စွာ ဖြေလေသည်။

"ရှိန်းက နှစ်လလောက်ကိုနေမှာ ... ဟဲ ဟဲ"

"အေးပါ ... အေးပါ၊ ကျုပ်ကို ဟာဒယရွှင်ဆေး တိုက်ကျွေးတော့မယ့် ရှိန်းတို့ ရောက်လာတာ အရမ်းကောင်း"

ရှိန်းသည် အဲဒီလိုမျိုးဖြစ်သည်။ ဘဝကို အရိုးရှင်းဆုံးစတိုင်လ်ဖြင့် အေးချမ်းစွာ ဖြတ်သန်းတာဖြစ်သည်။ အဲဒါကိုက ရှိန်းရဲ့ attraction တစ်ခုလို ဖြစ်နေကာ ချစ်စရာကောင်းတယ်ဟု နာမည်ကြီးသူ ဖြစ်ပါသည်။

❣○❣





ရှိန်းတို့သူငယ်ချင်းတစ်စုသည် မတွေ့ရတာ ကြာပြီဖြစ်သော်လည်း ဖုန်းတွေ၊ mail တွေ အမြဲအဆက်အသွယ်ရှိနေတာဖြစ်သည်။ ရှိန်း ပြန်ရောက်ကတည်းက သူတို့က ကဲချင်နေပေမယ့် ရှိန်းကလည်း ရောက်တာနဲ့ ဖလန်း ဖလန်းထပြီ အပြောမခံချင်တာကြောင့် တစ်ရက်လောက် အိမ်ထဲမှာ ငြိမ်ပြီးတော့မှ အပြင်ထွက် သောင်းကျန်းတော့တာဖြစ်သည်။

ရှိန်းတို့သည် ဆုံနေကျ ရှမ်းခေါက်ဆွဲဆိုင်လေးမှာ breakfast ကို ဆွဲနေကြရင်း ဆိုင်ကယ်သံတဝူးဝူးနဲ့ ဝင်ချလာသောအုပ်စုဆီသို့ မျက်လုံးရောက်သွားတော့သည်။ ချယ်ရီက အချက်ပေးသလို မေခကို မျက်စပစ်ပြလိုက်လျှင် ရှိန်းက သူတို့ကို ဘာလဲဆိုပြီး အကဲခတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အစိမ်းရောင်တီရှပ်လက်ရှည်ကို skinny အနက်ရောင်ဘောင်းဘီနှင့် ခပ်ရိုးရိုး ဝတ်ဆင်ထားတာဖြစ်သည်။ ကိုရီးယားစတိုင်လ် ဆံပင်ကို ခပ်ပြေပြေလေးကောက်ကာ အလန်းဒီဇိုင်းရှိသော သူ့ပုံစံဟာ အတော်ကြည့်ကောင်းပါလား။ သူ့ပုံစံကတော့ ဒီဒေသခံပုံစံမျိုးပါပဲ။

ပြင်ဦးလွင်က အမျိုးသားလေးတွေဟာ ဒီလောက်တောင် မိုက်တယ်လား။

ခပ်တည်တည်နှင့် ထိမထင်ဒီဇိုင်း ဝင်လာတဲ့သူဟာ ထူးတော့ထူးပါသည်။

"ရှိန်း ... king ကြောထဲ မျောသွားပြီလား"

မေခ စကားကြောင့် ရှိန်းသည် မေခကို ဘာလဲဆိုသော သဘောဖြင့် တစ်ချက် မေးဆတ်ပြလိုက်ပြီး ...

"ဘာလဲ ... king ကြော"

"သူလေးက ဒီမြို့ဝန်းကျင်မှာ king ပဲဟ၊ မိုက်တယ်မှလား၊ စင်ကာပူကဘဲတွေနဲ့ သူ ဘယ်သူပိုမိုက်လဲ"

"သူက ဘယ်သူမို့လို့လဲ"





"ဩော် ... ပြောပြီးပါပကော၊ တို့မြို့ရဲ့ king ပါဆို"

ရွှေစင့်စကားကြောင့် ရှိန်းသည် သူ့ကို စိတ်ဝင်စားစွာ တစ်ချက်လှမ်းကြည့်လိုက်သည်။ အင်း ... အဝေးကြည့်ကတော့ တော်တော်မိုက်ပါသည်။ မြင့်မားတဲ့ သူ့အရပ်အမောင်းဟာ ဘယ်နေရာမှာနေနေ ထင်းထွက်နေသည်။

"သူက ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ကြီး"

"ဒီလောက်တောင် popular ဖြစ်တယ် ... ဟုတ်"

"ဒါပေါ့ဟ ... ကောင်မလေးတွေကလည်း ထည်လဲတွဲတယ်၊ လူကလည်း ဆွဲဆောင်မှုအားက နိုင်းလောက် ရှိတော့ ရေလည် popular ဖြစ်တာပေါ့"

မေခရဲ့စကားကြောင့် ရှိန်းသည် နှုတ်ခမ်းတစ်ချက်မဲ့လိုက်သည်။ အဲဒီ ရုပ်ကာနဲ့ လုပ်စားနေတဲ့သူ့ကို အမြင်ကတ်သလို ရှိသွားသည်။ ဒါလား popular ဖြစ်တာ။

"မျက်နှာမမဲ့နဲ့ မမရှိန်း၊ ရှင် ဘယ်လိုဘဲတွေကို ကြည့်မရဘူးဆိုတာ သိပြီးသား၊ ဒါပေမဲ့ သူကတော့ ရှင် ကြည့်ရမှာပါ ...



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေကသာ သူ့နားမှာရှိနေ၊ ကပ်နေကြတာ၊ သူက ရှင်းတယ်၊ အားလုံးနဲ့တွဲတယ်၊ ဒါပေမဲ့ သူတို့တွေနဲ့ ရည်းစားတော့ မဟုတ်ပြန်ဘူး ...

သူ ပြောနေကျစကားက ချစ်တယ်ဆိုတာ သူပြောဖို့ မလိုတဲ့ စကားတဲ့လေ"

"ဘယ်လို"

ရှိန်းသည် အသားလွတ် သူ့ကိုယ်သူ ဘ၀င်မြင့်နေတဲ့ အဲဒီလူကို အမြင်ကတ်မိသွားသည်။ ဘာလဲ ... အဲဒီစကားဟာ မိန်းကလေးတွေအတွက် ဈေးကျစေတဲ့စကားမျိုးလေ။ ချစ်တယ်ဆိုတဲ့ စကားကို သူ ပြောဖို့မလိုဘူးတဲ့။

မိန်းမတွေကို ရှင်က ဘယ်လို ထင်ထားတာတုန်း။

ရှိန်းသည် ကိုယ်နှင့် မလှမ်းမကမ်း စားပွဲဝိုင်းမှာထိုင်ကာ သူငယ်ချင်းတွေနှင့် ရယ်မောဝိုင်းဖွဲ့ စားသောက်နေသော သူ့ကို လှမ်းကြည့်မိလိုက်သည်။ အပြုံးကတော့ စပါးကြီးသည်းခြေ ထည့်ထားပြီး ပြုံးသလား အောက်မေ့ရအောင် ဆွဲဆောင်မှုရှိလွန်းပါသည်။





"သူက ဘယ်လိုလူစားမျိုးလဲ မေခ"

"ပညာတတ် 109/110 ကြီးပေါ့ဟာ၊ ချမ်းသာတာက ကျိုကျိုတက်၊ ဘာမှကိုမလိုအပ်ဘူး၊ ပြီးတော့ သူက ဆရာဝန်၊ လုံး၀ဆေးမကုဘူးနော်၊ ဘွဲ့ရပြီးတည်းက အပေါင်းအသင်းတွေနဲ့ သွားလိုက် စားလိုက် လုပ်နေတယ်"

"ဟဲ့ ... ဒါတင် ဘယ်ကမလဲ၊ ဘော်ဒါတွေနဲ့တင်မကဘူး ကောင်မလေးတွေနဲ့လည်း ဇ၀ နေတာပါပဲ၊ သူက ရုပ်ကလည်း အမိုက်စားဟာ မြို့လယ်က နေစံအိမ်မှာ နေတာလေ၊ အမျိုးမြင့်တဲ့ စော်ဘွားမျိုးက ဆင်းသက်လာတဲ့ တစ်ဦးတည်းသော သားတော်လေးလေ ...

ကဲ ... ဒီလိုမျိုး ဘယ်သွားရှာမလဲ၊ ဒီတစ်ယောက်ပဲ ရှိမယ်"

မေခနှင့် ရွှေစင်က ဟိုကိုယ်တော်ဋီကာကို ဖွင့်ပြပြီးလျှင် ရှိန်းသည် တကယ် အံ့အားသင့်ရပါသည်။ သူဟာ အဲဒီလောက်တောင်ပဲ ပြည့်စုံတယ်တဲ့လား။ ဒီလို မိုးကျရွှေကိုယ်ဟာ မိန်းကလေးတွေနှင့်သာ အရောတဝင် မနေဘူးဆိုရင် တော်တော့်ကို ပြစ်ချက်မရှိ လူရည်သန့်တစ်ဦး ဖြစ်လာနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းသည် မရောက်တာကြာပြီဖြစ်တဲ့ ကိုယ့်မွေးရပ်မြေမှာ ဒီလောက်တောင်.ကုံလုံပြည့်စုံတဲ့ ယောကျ်ားတစ်ယောက်နှင့် လာဆုံစည်းရခြင်းကို အံ့သြရသလို မယုံနိုင်လောက်အောင် သူ့အပေါ် စိတ်ဝင်စားမှုအား ကြီးမားခဲ့မိပါသည်။

ဒါပေမဲ့ သူက အမြင်ကတ်ဖို့တော့ ကောင်းပါသည်။ ချစ်တယ်ဆိုတဲ့ စကားက သူပြောဖို့မလိုဘူးတဲ့။ အဲဒီစကားကို ဆိုတယ်ဆိုကတည်းက မိန်းမတွေအပေါ်ထားတဲ့ သူ့ရဲ့အထင်သေးစိတ်ကို မှန်းလို့ ရပေသည်။

ရှိန်းသည် သူ့ကိုကြည့်ကာ မေခတို့နှင့် အလောင်းစားလုပ်ချင်သည့် စိတ်တို့ တဖွားဖွား ပေါ်လာခဲ့တော့သည်။ အလောင်းစား လုပ်ရတာကိုက ရှိန်းတို့သူငယ်ချင်းတစ်စုရဲ့ ဗီဇဝါသနာဖြစ်သည်။

"သူက ချစ်တယ်ဆိုတာ သူပြောဖို့မလိုတဲ့စကားလို့ ပြောတယ်နော်၊ အေး ... သူ ငါ့ကို ချစ်တယ်လို့ ပြောလာစေရမယ်၊ ဘယ်လိုလဲ ... တစ်ပွဲတစ်လမ်း အကဲစမ်းလိုက်မလား"





ရှိန်းရဲ့စကားကြောင့် မေခနှင့် ရွှေစင်က "ဘာရယ်" ဟုဆိုကာ အားပါးတရ ရယ်မောလိုက်လျှင် ရှိန်းသည် မဖြစ်ဖြစ်အောင် လုပ်ချင်တဲ့စိတ်တွေ ပိုမိုကြီးမားလာကာ ...

"ဘာလဲ ... နင်တို့က ငါနဲ့ မလောင်းရဲလို့လား"

"ရှိန်း ... နင် သူနဲ့ကြည်ဖို့ အလွယ်လေးနော်၊ ဒါပေမဲ့ သူ့ဆီကအချစ်ကို ရဖို့ကတော့ မဖြစ်နိုင်ဘူး၊ ငါက နင် ရှုံးသွားမှာ စိုးလို့ပါဟယ် ... ဟဲ ... ဟဲ"

"ကျစ် ... နင်တို့တွေက သူ့ကို *ဇွတ် favour ပေးတာကိုး၊ သတ္တိရှိရင် လောင်းလိုက်မယ်လေ ...

ငါ့အကြောင်းလည်း နင်တို့သိရဲ့သားနဲ့"

ရှိန်းက အပိုင်ပြောလိုက်လျှင် ရွှေစင်သည် ရှိန်းကို မချိုမချဉ်မျက်နှာနှင့် တစ်ချက်ကြည့်ကာ ...

"နင့်ကို မလောင်းခင်လေးမှာ ကြိုတော့ ပြောပြထားမယ်၊ နင် ငါ့အစ်မ ရွှေရည်ကို သိတယ်နော်"

ရှိန်းက ခေါင်းတစ်ချက် ဆတ်ပြကာ ...

"အင်း ... သိတယ်၊ ဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... မချွေရည်က သူ့ရဲ့ girlfriend တွေထဲက တစ်ယောက် ဖြစ်ခဲ့ဖူးတယ်၊ နင် သိတဲ့အတိုင်းပဲ ငါ့အစ်မ ဘယ်လောက် မာနကြီးတယ်ဆိုတာ ...

အေး ... အပြောကြီးတဲ့ ငါ့အစ်မ သူ့ကိုလည်းတွေ့ကော အငြိကြီး ငြိသွားတာ၊ သူ့မှာ အစကတော့ သင်းကို မုန်းတယ် ဘာတယ်နဲ့လုပ်ပြီး နောက်တော့ ရူးအောင် ချစ်မိသွားတာပေါ့၊ ဟိုက သူ့ကို ဘော်ဒါလိုပဲ တွဲတော့ ညစ်ရှာတာပေါ့ ...

နောက်တော့ အဲဒီကိုယ်တော်က နောက်တစ်ယောက်နဲ့ ထပ်တွဲတော့ ငါ့အစ်မမှာ အသည်းတွေကွဲ အလူးအလဲနဲ့ အိမ်က father ကြီးက ငါ့အစ်မကို သူ့မိတ်ဆွေသားနဲ့ စီစဉ်ပေးလိုက်လို့သာ ရသွားကြတယ်၊ အခုချိန်ထိတော့ မေ့ရှာပုံမပေါ်ဘူး ...

ကြည့်လုပ်နော်၊ တော်ကြာ ရှင်လည်း အဲဒီလိုဖြစ်သွားဦးမယ်"





ရှိန်းသည် ဂရုမစိုက်စွာဖြင့် ပခုံးနှစ်ဖက်ကို ဟန်ပါပါ တွန့်လိုက်သည်။ ဒီလောက် ဟစ်ဖြစ်နေတဲ့ သူ့ကို ရှိန်းက lesson ပေးချင်လှပါသည်။ ဒီတစ်ခါ ပြန်လာတာဟာ အမှတ်တရလည်း ဖြစ်သွားတာပေါ့။

"သွားပါဟာ၊ အဲဒီထဲမှာ ငါ မပါဘူး၊ ငါကတော့ နင်တို့သိပ်ညွှန်းနေတဲ့ ဘိုးတော်ကို ပါးပါးလေး ပုတ်လိုက်ချင်ပြီ ...

ကဲ ... ဘယ်လိုလဲ၊ ကြွှာက်ရင် ဝန်ခံလိုက်ပါ"

"ဟော့ ... ဒါမျိုးတော့ လာမလုပ်နဲ့၊ လောင်းမယ်ဟော့ လောင်းကြေးသတ်မှတ်လိုက်၊ နင်က ဧည့်သည်ဆိုတော့ ငါတို့က တစ်ထစ်လျှော့ပေးပါ့မယ်၊ နင် သူနဲ့ပတ်သက်ပြီး လိုတဲ့အကူအညီတော့ ပေးပါ့မယ်ဟာယ်"

ရှိန်းသည် ခပ်ပြုံးပြုံးမျက်နှာပေးနှင့် သူ့ကိုတစ်ချက် လှမ်းကြည့်လိုက်သည်။ ရှင့်ကို နိုင်ရင် ကျွန်မ ဘာယူရမလဲ ?။

"အင်း ... ဒီကိစ္စက ငါ့အတွက် no problem ဆိုတော့ one table လောက်ပါပဲ၊ ငါ နိုင်ရင် နင်တို့ one table



www.burmeseclassic.com

www.burmeseclassic.com



ခင်းပေါ့၊ နင်တို့နိုင်ရင် နင်တို့ကြိုက်တာ့ တောင်းဆို စဉ်းစားမနေပါနဲ့ဟယ်၊ ဘာလို့လဲဆိုတော့ ငါက နိုင်မှာ sure ပဲ ...

သူ့ data တွေတော့ ငါလိုချင်တယ်"

"မိန်းမ ... တက်ကြွနေတာ၊ ကောင်တော့ ရှင် သူ့ကို တကယ်ထိသွားပြီ ထင်တယ်၊ ဒါကြောင့် သဲကိုးဖြာနဲ့ တို့ king ရဲ့အချစ်ကို ဖြားယောင်းမယ်ပေါ့လေ"

ရှိန်းသည် အဲဒီစကားကြောင့် နှလုံးသားတစ်ခုလုံး လှုပ်ခတ်သွားသလို ခံစားရပါသည်။ သူ့ကို တစ်ထိုင်တည်းနှင့် ဘာလို့ ဒီလောက် စိတ်ဝင်စားသွားမှန်းလည်း မပြောတတ်ပါ။ ဒါပေမဲ့ သူနှင့်ပတ်သက်ချင်သည့် စိတ်တစ်ခုက ရှိန်း ရင်ထဲမှာ အမှန်တကယ် ရှိလို့နေပါသည်။

"သြော် ... နင်လိုသမျှ အကူအညီ ငါတို့ပေးမယ်နော်၊ ငါတို့က အနိုင်အရှုံးထက် နင်နဲ့ ကင်းလေးရဲ့ ပတ်သက်မှု ကို စိတ်ဝင်စားတာ၊ နင် ဘယ်လို သူနဲ့ introduce မလဲ၊ ငါ join ပေးရမလား"





ရှိန်းသည် ရွှေစင့်ကို မျက်စိတစ်ဖက် မှိတ်ပြကာ ငယ်ပါသေးတယ် ဆိုသော သဘောဖြင့် သူမ ပခုံးကိုပုတ်လိုက်ရင်း ...

"အဲဒီလို ဘိုးတော်ဘုရား လေးဖက်ကုန်းအရွယ်က idea မျိုး မတွေးဘူး ညီမလေးရဲ့၊ ဒီနေ့ Jan: 30၊ သူ့ကိုဖေဖော် ဝါရီအိပ်မက်လေးတွေနဲ့ Feb: 1 ရက်နေ့မှာ ငါ့နည်းငါ့ဟန် နဲ့ ချဉ်းကပ်မယ် ...

နင်သာ ဒီည ငါ့ကို သူ့ data တွေ လာပေး"

"ဟဲ့ ... လန်းတော့ လန်းတယ်နော်၊ နင်က ကိုယ့်ဘာသာ သွားမိတ်ဆက်မှာပေါ့၊ ဟုတ်လား"

"ဖွီး ... လာပြန်ပြီ၊ ဘယ်ခေတ်မှာ နေနေတာလဲ၊ ကြည့် လိုက် ... စောင့်ကြည့်လိုက်၊ မကြာခင်မှာ ငါ One table စားရတော့မယ် ... ဟဲ ဟဲ"

ရှိန်းသည် ပြောင်စပ်စပ်ဖြင့် စကားကို အဆုံးသတ် လိုက်သည်။ ဒီပွဲလေးဟာ ပေါ့ပေါ့ပါးပါးလေးနှင့်ကို ရှိန်း အနိုင် ရမှာ ဖြစ်ပါသည်။ အတိတ်နိမိတ်ကိုက ပြနေခဲ့သည်လေ။ ဖေဖော်ဝါရီလဆိုတာ ချစ်သူတွေရဲ့လ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဘယ်သူမှ မချည်နှောင်ထားနိုင်ပေမယ့် ရှိန်းကတော့ ပဟေဠိဆန်စွာ သူ့အနားကို ချဉ်းကပ်ကာ စိတ်ကို ချည်နှောင်မှာဖြစ်ပါသည်။ အဲ ... သူ့ကို စိတ်စားပေမယ့် အခုထိ နာမည်တောင် ရှိန်း မသိရသေးပါလား။

ရှိန်းသည် မေခတို့ကို မေးတစ်ချက် ဆတ်ပြကာ (သူ့ဘက်သို့) နာမည်မေးလိုက်လျှင် ရှင်းလင်းသော နာမည်တစ်ခုက ရှိန်း နားထဲမှာ ဖြတ်စီးလို့သွားသည်။

"စပ်(ဝ်)နေခတဲ့"

စပ်(ဝ်)နေခ။ ရှင့်အနားကို လာခဲ့ပါ့မယ်။ ဆက်ဆက်သာ စောင့်လို့နေပါနော်။

❢○❢





"ရော့ ... ဒါ နင်လိုချင်တဲ့ ခရဲ့ data တွေ၊ ငါ့အစ်မအခန်းထဲမှာ ရှိတာတွေပါ ယူခဲ့တာနော်၊ မရွှေရည်သာသိရင် ငါ့ကို ရန်ကုန်ကနေ လာသတ်မှာ"

ရွှေစင်က ရှိန်း၏ရှေ့မှာ ဖိုင်လ်တစ်ခုနှင့် စာအုပ်တစ်အုပ်ကို ချပေးကာ အဲဒီစကားကို ပြောလိုက်သည်။

"Thank you ရွှေစင်၊ ငါ လေ့လာပြီးတာနဲ့ ဖေဖော်ဝါရီ (၁)ရက်နေ့မှာ လုပ်ငန်းစတော့မယ်"

"နင် ဘယ်လိုလုပ်မှာလဲ ရှိန်း"

ရှိန်းက သူမတို့ကို ပခုံးနှစ်ဖက်တွန့်ပြကာ ဟန်ပါပါ ပြုံးပြရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"နောက်တော့ ပြောမှာပေါ့ဟယ်၊ ဩော် ... ဒါနဲ့ ဒီကိစ္စကို မမတို့ ဘွားဘွားတို့ရှေ့မှာ မပြောနဲ့နော်၊ တော်ကြာ ငါ့ကို ဆူနေမှာစိုးလို့"

"အေးပါ၊ ကဲ ... မယ်မင်းကြီးမ ငါတို့လည်း ပြန်မယ်၊ မနက်ဖြန်မှ တွေ့မယ်ဟေ့"

ရှိန်းသည် မေခနှင့် ရွှေစင်ကို ခြံဝထိလိုက်ပို့ပြီး နောက်မှာတော့ အခန်းထဲသို့ ဝင်လာကာ တံခါးကို လော့ခ်ချလိုက်သည်။ အင်း ... စပ်(ဝ်)နေခရဲ့ profile တချို့ကို ဖတ်ကြည့်ရဦးမည်။

ရှိန်းသည် သူ့အကြောင်းတချို့ကို ဖတ်ကြည့်ရင်းနှင့် သူ့မျက်နှာကို မျက်လုံးထဲ မြင်ယောင်လာမိသည်။

နှာတံပေါ်ပေါ် မျက်ခုံထူထူနှင့် လေးကိုင်းသဏ္ဍာန် နီရဲစိုဖပ်နေသော နှုတ်ခမ်းသားလေးတွေဟာ အရမ်းချောမောလှပတဲ့ ယောကျ်ားတစ်ယောက်အဖြစ် အထူးပုံပိုးထားပါသည်။ သူဟာ အရမ်းမိုက်တယ် ဆိုတာတော့ ရှိန်း လက်ခံပါသည်။





ရှိန်းသည် ယောကျ်ားတစ်ယောက် အကြောင်းကို အချိန်ပေး စဉ်းစားနေသည့် ကိုယ့်အဖြစ်ကိုယ် အသာပြုံးမိကာ သူ့ရဲ့ဝါသနာတွေ အကျင့်စရိုက်တွေ ရေးထားသည့် စာရွက်လေးကို ပြန်ဖတ်လိုက်မိသည်။ ဩော် ... သူ့မွေးနေ့က ဖေဖော်ဝါရီ(၁၄) ပါလား။

အင်း ... ဒါကြောင့်မို့လည်း သူ ရည်းစားများတာ ထင်သည်။ ဖေဖော်ဝါရီ(၁၄)ရက်လို ချစ်သူများနေ့မှာမွေးတဲ့ အမျိုးသားတွေဟာ သူများနဲ့မတူအောင် စိတ်ကူးဉာဏ် ရင့်သန်ကာ စန်းပွင့်တတ်တယ်တဲ့။

သိပ်မကြာခင်မှာ သူ့မွေးနေ့ရောက်တော့မှာပဲ။ ရှိန်းသည် ကိုယ့်ရဲ့ဖေဖော်ဝါရီ အစီအစဉ်နှင့် တိုက်ဆိုင်စွာ လာတူနေသော သူ့မွေးနေ့မှာ တစ်ခုခု ထူးခြားအောင်တော့ ဖန်တီးမှာဖြစ်သည်။

ရှိန်းသည် ကိုယ့်ဘာသာ ကျိတ်ပြုံးရင်း နေ့လယ်က စီစဉ်ခဲ့သော အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဟု တွေးထားလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဒိုင်ယာရီရေးထားဖို့ ဆုံးဖြတ်ကာ ရှိန်းရဲ့ Note book အသစ်လေးထဲမှာ ခေါင်းစဥ်တစ်ခု ရေးထားလိုက်သည်။

"သူနှင့်သက်ဆိုင်သော ဖေဖော်ဝါရီစီမံကိန်း"

အဲဒီလို ဖေဖော်ဝါရီစီမံကိန်းဟု ဘာလို့ပေးထားရသလဲ ဆိုတာကိုတော့ အခုချိန်မှာ ရှိန်း တစ်ယောက်တည်းပဲ သိထားလိုက်သည်။ ပထမဆုံး တွေ့တွေ့ချင်းမှာပင် ရင်ခုန်သံတစ်ခု ပေးစွမ်းခဲ့သော သူ့အတွက် ရှိန်းဟာ romantic ဆန်စွာ သူ့စိတ်ကို ချည်နှောင်ထားမှာ ဖြစ်ပါသည်။





# ဖေဖော်ဝါရီ နှလုံးသားစီမံကိန်း

www.burmeseclassic.com

www.burmeseclassic.com





## ဖေဖော်ဝါရီ(၁)ရက်နေ့

ရှိန်းသည် မေခနှင့် ရွှေစင့်ကို အဖော်ခေါ်ကာ နေစံ အိမ်ရဲ့ မလှမ်းမကမ်း နေရာမှာ ကားကိုရပ်ထား၍ ကားထဲမှ အခြေအနေတစ်ခုကို အကဲခတ်နေမိသည်။ ရှိန်းသည် လက်မှ Romanson နာရီလေးကို တစ်ချက် ငုံ့ကြည့်လိုက်လျှင်တော့ မနက် ခုနစ်နာရီထိုးနေပြီ။

ရှိန်း၏အစီအစဉ်မှာ ဖေဖော်ဝါရီ(၁)ရက်နေ့အတွက် "I like you"စာတန်းပါ အပြာရောင်ပူဖောင်းလေးတစ်လုံးကို စပ်(ဝ်)နေခရဲ့အိပ်ခန်းထဲမှာ ထားပေးမှာဖြစ်သည်။ ဒီကိစ္စဟာ အရမ်းခက်ခဲလွန်းမှန်း သိပေမယ့် ရှိန်းက အဲဒီလို စိတ်ဝင်စားမှု ရရှိအောင် ကြိုတင်အကွက်ချပြီးပြီဖြစ်သည်။ စပ်(ဝ်)နေခဟာ



www.burmeseclassic.com

www.burmeseclassic.com



ရှစ်နာရီခွဲလောက်မှ အိပ်ရာက နိုးတတ်တယ်ဆိုတာကို ရှိန်း သိထားသည်။

"ရှိန်း ... နင် မနက်စောစောစီးစီး ဘာတွေလုပ်မလို့လဲ"

"နင် အသာလေးစောင့်ကြည့်၊ ဟော ... လာပြီ"

ရှိန်းရဲ့ "လာပြီ" ဆိုတာဟာ နေစံအိမ်ထဲမှ စပ်(ဝ်)နေခရဲ့အဒေါ် ဒေါ်စပ်(ဝ်)ရင်မေ ထွက်လာတာကို ဆိုလိုတာဖြစ်ပါသည်။ ရှိန်းသည် ကားပေါ်ကဆင်းကာ ထိုအမျိုးသမီးကြီးဆီသို့သွားကာ ...

"ဒီက အန်တီက ဒေါ်စပ်(ဝ်)ရင်မေ ပါလားရှင်"

"ဟုတ်ပါတယ်၊ ဘာကိစ္စများရှိလို့ပါလဲ"

ရှိန်းသည် သဘောမနော အလွန်ကောင်းလှသည်ဟု ကြားထားသော ဒေါ်စပ်(ဝ်)ရင်မေကို နှုတ်ဆက်စကားပြောပြုပြကာ ...

"ဒီလိုပါ အန်တီ၊ သမီးက စပ်(ဝ်)နေခရဲ့မိတ်ဆွေပါ"

"ဩော် ... ခရဲ့မိတ်ဆွေလား"

"ဟုတ်ပါတယ် အန်တီ၊ အခု လာရင်းကိစ္စကတော့ အန်တီ့ဆီက အကူအညီလေးတစ်ခု တောင်းချင်လို့ပါ"





"ဘာများလဲ သမီးရယ်၊ အန်တီ ကူညီနိုင်တာရှိရင် ကူညီပါ့မယ်"

ရှိန်းသည် အဲဒီစကားကြောင့် တစ်ချက်ပြုံးမိသွားသည်။ အန်တီ ကူညီနိုင်မှာပါ။ ရှိန်းသည် အဲဒီအကူအညီရဖို့အတွက် မုသားမပါ လင်္ကာမချောဆိုသည့် စကားအတိုင်း လင်္ကာချောအောင် မုသားပါသောတော်လ်ကီ သုံးရတော့သည်။

"ဒီလိုပါ အန်တီ၊ ခက သမီးကို ကိစ္စတစ်ခု ကူညီပေးခဲ့တယ်လေ၊ အဲဒါ သမီးက ကျေးဇူးတင်လို့ သူ့ကိုကျေးဇူးဆပ်ပါရစေ ပြောတော့ သူက ဒီနေ့မနက် အိပ်ရာကနိုးရင် သူ့အခန်းထဲမှာ ဘောလုံးတစ်လုံး မြင်ချင်တယ်တဲ့။ အဲဒါကို ဖြစ်အောင်လုပ်ပေးနိုင်ရင် ကျေးဇူးဆပ်ရာ ရောက်ပြီတဲ့ ...

ဒါကြောင့်မို့ သမီးကို ကူညီပေးဖို့ အန်တီ့ကို တောင်းဆိုချင်တာပါ"

ခရဲ့အန်တီက ရှိန်း ဘာကိုဆိုလိုချင်တယ်ဆိုတာ သဘောပေါက်သွားကာ သူ့တူအကြောင်းကို နားလည်သူဖြစ်သဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ပြကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ခနဲ့ကွယ်၊ ပေါက်ပေါက်ရှာရှာ၊ ကဲ ... ပေး... ပေး၊ အန်တီ ကူညီပါ့မယ်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် အန်တီ၊ ခဏလေးနော်"

ရှိန်းသည် ကားထဲကဘောလုံးကို ယူကာ ဒေါ်စပ်(ဝ်)ရင်မေကို ပေးလိုက်ပြီး ...

"ခ မြင်သာမယ့်နေရာမှာ ထားပေးပါနော် အန်တီ"

"အေး ... အေး၊ ဒါဆို အန်တီ သွားထားလိုက်မယ်"

ထိုအမျိုးသမီးက မိုးပျံပူဖောင်း အပြာလေးကိုယူကာ ခြံထဲပြန်ဝင်သွားသည်။

အိုကေ ... ကိစ္စတစ်ခုတော့ ပြီးပြတ်သွားပြီ။ ရှိန်းသည် မေခတို့ကို မေးတစ်ချက် ဆတ်ပြလိုက်သည်။

ခဏအကြာတွင်တော့ ဒေါ်စပ်(ဝ်)ရင်မေက ခြံထဲမှ ပြန်ထွက်လာကာ ...

"အန်တီ ထားလိုက်ပြီ သမီးရေ၊ ခ,ကတော့ အိပ်တုန်းပဲ"





အိုကေ ... ဒီနေ့ကတော့ မင်္ဂလာရှိသောနေ့ပါပဲ။ ရှိန်းသည် ကိုယ့်ဘာသာကိုယ် ကျေနပ်သွား၍ ပြုံးမိတာဟာ ထိုအန်တီကို ပြုံးပြသည့်သဘော ဖြစ်သွားသည့်အတွက် ချော်လဲရောထိုင် လုပ်လိုက်တော့သည်။

"အဟဲ ... ကျေးဇူးအများကြီး တင်ပါတယ် အန်တီ၊ သွားလိုက်ပါဦးမယ်နော်"

"အေး ... သမီး၊ ဒါနဲ့ သမီးနာမည်က"

နာမည်တဲ့။ အင်းလေ ... စပ်(ဝ်)နေခ အတွက် ပို့ပေးသူရဲ့နာမည်ကိုတော့ သိထားသင့်ပါတယ်။ ရှိန်းသည် ခေါင်းတစ်ချက် ဆတ်ပြလိုက်ကာ ရှိန်းရဲ့နာမည်ကို ပြောပြလိုက်တော့သည်။

"သမီးနာမည် ရှိန်းပြာရောင်ပါ အန်တီ"

ရှိန်းသည် ဒေါ်စပ်(ဝ်)ရင်မေကို နှုတ်ဆက်ကာ ထွက်လာခဲ့တော့သည်။ အခုမှ Breakfast စားရမယ့် ရှိန်းတို့အုပ်စုဟာ အနီးဆုံးဆိုင်တစ်ဆိုင်မှာ ဝမ်းမီးတောက်တာကို အရင်ငြိမ်းပြီး နောက်မှာတော့ မေခက စတင်မေးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ပြောပါဦး၊ အဲဒါ ဘာကြီးလဲ၊ ဘာအထာကြီးလဲ"

"အေးနော် ... နင်က ခရဲ့အဒေါ်ကို ဘာတွေသွားပြောတာလဲ၊ ပြီးတော့ ပုံဘောလုံးကကော ဘာလုပ်တာလဲ၊ ရှင်းဦး"

ရှိန်းက ညစ်ကျယ်ကျယ်ပြုံးကာ နည်းနည်းတော့ အိုက်တင်ခံနေလိုက်ပြီးမှ ...

"ဟဲ ... ဟဲ၊ ပြောပြမယ်၊ ဒီနေ့ Feb: 1 ရက်နေ့အတွက် သူ့ကို အဲဒီ ပူဖောင်းလေး ပို့ပေးလိုက်တာ၊ နေရာအတိအကျ ပြောရရင်တော့ ပူဖောင်းကို သူ့ရဲ့အိပ်ခန်းထဲထိ ရောက်အောင် သူ့အဒေါ်ကတစ်ဆင့် ပို့ပေးလိုက်တာ"

"ဘာရယ် ... ဘာရယ်"

မေခနှင့် ရွှေစင်က အလန့်တကြား ရှိန်းကို ပြူးပြူးပျာပျာမေးလျှင် ရှိန်းသည် တဟားဟား အော်ရယ်ရင်း ကော်ဖီသောက်လိုက်သည်။ ရွှေစင်က ရှိန်းရဲ့ထိမထင်ဒီဇိုင်းကို အံ့သြသလို ငေးကြည့်ပြီး ...





"ဟဲ့ ... ရှိန်း၊ နေစမ်းပါဦး၊ နင် သူ့ကို ဘာကိစ္စ အဲဒီလို ဘောလုံးသွားပို့ရတာလဲ၊ ဘာနည်းလမ်းတွေများသုံးဖို့ စိတ်ကူးနေတာလဲ မယ်မင်းကြီးမ"

"ပြောမှာပေါ့၊ ဒီလို ... ဒီလို သာမန်တက်ကနစ်တွေနဲ့ သူ့ကို ပတ်သက်လိုက်မယ်ဆိုရင် သူ့ဆီက ဘာရမှာလဲ၊ ငါတို့ လောင်းထားတာကိုက ငါက သူ့ရဲ့အချစ်ကို ရအောင်ယူမယ်ဆိုပြီး လောင်းတာလေ ...

အဲဒီတော့ သူ့ဆီကအချစ်ရအောင် ငါ ဖန်တီးရတာပေါ့၊ ဖေဖော်ဝါရီ(၁၄)ရက်က သူ့ရဲ့မွေးနေ့လေ၊ ငါက ဒီလိုလုပ်ဖို့ စဉ်းစားထားတယ်"

ရှိန်းက စကားစ ခဏဖြတ်လိုက်လျှင် မေခနှင့် ရွှေစင်က စိတ်မရှည်တော့ဟန်ဖြင့် ရှိန်းရဲ့ပခုံးကို ဖျတ်ခနဲ ပုတ်လိုက်ကာ ...

"ကဲ ... ပြောပါတော့ဟယ်၊ တကတဲ ဒီမိန်းမကတော့ သက်သက်မဲ့ အိုက်တင်ခံနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ .... ဟဲ ... ဒါကတော့ ထောင်တန်တဲ့စကားလေ၊ ဒီလောက်တော့ အိုက်တင်ခံရတာပေါ့"

မေခက မျက်စောင်းတစ်ချက် ထိုးလိုက်ကာ ရှိန်းရဲ့ခါးကို တစ်ချက်တို့လိုက်လျှင် ရှိန်းက တွန့်လိမ်သွားပြီး မေခရဲ့လက်ကို ဖမ်းဆုပ်ကာ ...

"ဟယ် ... တော်ပြီ ... တော်ပြီ၊ ပြောမယ် ... ပြောမယ်"

"အဟဲ ... ဒီလိုမှပေါ့၊ ကဲ ... ပြောတော့"

"ဒီလိုဟ ... ငါက ဖေဖော်ဝါရီ(၁)ရက်နေ့ကနေ စပြီးတော့ သူ့မွေးနေ့ ရောက်တဲ့အထိ အချိန်(၁၄)ရက် ရတယ်၊ အဲဒီ(၁၄)ရက်အတွင်းမှာ ငါ သူ့ဆီကို မျက်နှာထွက်မပြဘဲနဲ့ သူ့စိတ်ကို ဖမ်းစားနိုင်တယ်၊ romantic ပစ္စည်းလေးတွေကို တစ်ရက်တစ်မျိုး ပို့ပေးမယ်ဟာ ...

ဘယ်သူဆိုတာမသိဘဲနဲ့ ရောက်လာတတ်တဲ့ အဲဒီပစ္စည်းလေးတွေကို တစ်နေ့ပြီးတစ်နေ့ သူ ရလာမယ်ဆိုရင် ဒီပစ္စည်း ဘယ်သူပို့သလဲဆိုတဲ့ စိတ်ဝင်စားမှု ဖြစ်လာမယ် ...





အဲဒီ စိတ်ဝင်စားမှုကနေ စွဲလမ်းလာမယ်၊ ကဲ ... ဘာလိုသေးလဲ"

ရွှေစင်က နင့်ကိုတော့ လေးစားတယ်ဆိုတဲ့ သဘောနဲ့ ရှိန်းကို အလေးပြုလိုက်ပြီး မေခကတော့ ရှိန်းရဲ့အိုက်ဒီယာကို စုပ်တသပ်သပ်ဖြင့် လေးစားသွားကာ ...

"ရေလည်စားတယ်ဟာ၊ ကြီးတော်ရဲ့ အိုက်ဒီယာကတော့ စံတင်လောက်ပါ၊ ဒါနဲ့ နင် သူ့ကို ဘာပစ္စည်းတွေ ပို့ပေးမှာလဲ၊ ပြီးတော့ ... အဲဒီလို့သူ့ဆီပို့ဖို့က ခက်ခဲတယ်နော်"

ရှိန်းသည် မေခ ပြောစကားကြောင့် အသာပြုံးမိသွားသည်။

အင်း ... မေခပြောလည်း ပြောစရာပဲ။ ရှိန်းဟာ သူ့ကို ရုပ်ရှင်ဆန်ဆန် စိတ်ကူးယဉ်ဆန်ဆန် ပတ်သက်မိတာဖြစ်သည်။ ကြည့်ခဲ့ဖူးတဲ့ ရုပ်ရှင်တွေထဲကလိုမျိုး အပြင်မှာရော တကယ်လုပ်လို့ရရဲ့လား ဆိုတဲ့ အတွေးမျိုးနှင့် စပ်(ဝ်)နေခအနားကို ချဉ်းကပ်ခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်လေးရက်တိတိ သူ့ဆီကို ပစ္စည်းတွေ ပို့ပေးနေရတာဟာ အရမ်းရင်ခုန်ဖို့ ကောင်းလှပါသည်။ သူ့ကို ဘယ်လိုနေရာမှာ ဘယ်လိုပုံစံမျိုးနဲ့ ပေးမယ်ဆိုပြီး ကြိုတင်အကွက်ချထားတာတော့ မရှိပါ။ ဒါပေမဲ့ ရှိန်းဟာ အင်မတန် ဘာရိန်းပြေးသော မိန်းကလေးဖြစ်သည်။ ဖျတ်ခနဲပေါ်လာတာကို ဆတ်ခနဲ ကောက်လုပ်လိုက်ခြင်းဖြင့် စပ်(ဝ်)နေခ ဆိုသော သူ့ရဲ့ အချစ်ကို အရယူချင်တာ ဖြစ်ပါသည်။

"စကားလေးတစ်ခွန်း ရှိတယ် မေခရဲ့ ... 'Love grants in a moment what toil can hardly achieve in an age' တဲ့။ အမိပ္ပာယ်ကတော့ တစ်သက်လုံး လုပ်တာတောင် အောင်မြင်ခဲ့တဲ့ အရာကို အချစ်(မေတ္တာတရား)က တစ်ခဏချင်းနဲ့ ဖန်ဆင်းပေးနိုင်တယ်တဲ့ ...

ငါလည်း အဲဒီလိုပဲပေါ့၊ သူ့ကို မေတ္တာထားပြီး ပစ္စည်းတွေပို့တော့ သူ စိတ်ဝင်စားလာဖို့ဆိုတာ တစ်ခဏအတွင်းမှာပဲ ဖြစ်လာနိုင်ပါတယ်ဟယ်၊ နင်တို့ စောင့်ကြည့်ပေါ့"





"အေးပါ ... ငါတို့ကတော့ အလောင်းအစားထက် နင်သူ့ကို ဘယ်လိုပစ္စည်းတွေ ပို့မလဲဆိုတာကို စိတ်ဝင်စားတယ်၊ လောင်းတာက လောင်းတာပေါ့၊ ဒါပေမဲ့ ငါတို့က နင့်ကို အင်တိုက် အားတိုက် ကူညီပေးမှာ"

ရှိန်းသည် အိပ်ရာက နိုးထလာတာနှင့် တွေ့ရမည့် အပြာရောင်ဘောလုံးလေးကို မြင်ရင် သူ ဘယ်လိုများ ဖြစ်သွားလေမလဲဆိုတဲ့ အတွေးနှင့်အတူ ကြည်နူးနှစ်သိမ့်ရပါသည်။

စွဲလမ်းမှု ဆိုတာ ပြဿနာတစ်ခု ဖြစ်တယ်ဆိုတာကို ခ,ကို သိစေချင်ပါသည်။ အဲဒီစွဲလမ်းမှုကနေ သူ ရှိန်းကို ချစ်လာမည့် အချစ်တစ်ခုကိုပဲ မျှော်လင့်စောင့်စားနေခဲ့ပါသည်။

ရှိန်းကတော့ သူ့ကိုချစ်တယ်ဆိုတာ သိပ်မသေချာသေးပါ။ ဒါပေမဲ့ တစ်ချိန်ချိန်မှာတော့ သေချာပေါက်ကို ...။



www.burmeseclassic.com

www.burmeseclassic.com



## ဖေဖော်ဝါရီ(၂)ရက်နေ့

ခ,သည် ဘော်ဒါတွေနှင့်အတူ ဆိုင်ထိုင်ပြီးနောက်တွင်တော့ အိမ်ပဲပြန်တော့မည်ဟု စိတ်ကူးကာ သူ့ဂျစ်လေးရှိရာသို့ သွားလိုက်တော့သည်။ သူ့ဂျစ်လေးဟာ စိတ်ကြိုက်ဒီဇိုင်းဆင်ကာ သ,ထားတာကြောင့် အရမ်းလှပါသည်။ အဲဒီအတွက် သူက ကျေနပ်ဂုဏ်ယူစမြဲပင်။

ခသည် ကားပေါ်မှာထိုင်ကာ ဂီယာဖြုတ်၍ စက်နှိုးလိုက်သည်။ မျက်စိထောင့်ကနေ တွေ့လိုက်တဲ့ အရာလေးကို ခ,က ဘာပါလိမ့်ဆိုပြီး စူးစမ်းသည့် သဘောဖြင့် ဒက်ရှ်ဘုတ်ပေါ်မှာ တင်ထားသည့် အကြည်သားပေပါဖြင့် ထုပ်ပိုးထားသော ဘူးတစ်ခုကို လှမ်းကြည့်လိုက်သည်။





ဒီဘူးက ဘယ်က ရောက်လာတာပါလိမ့်။ ခ,သည် ဒက်ရှ်ဘုတ်ပေါ်က ပါကင်ဘူးလေးကို လှမ်းယူလိုက်သည်။ အကြည်သားပေပါဖြင့် ထုပ်ပိုးထားသောကြောင့် ဘူးထဲတွင် ဘာပစ္စည်းဆိုတာကို ခ,မြင်နေရသည်။ ချစ်စရာကောင်းသော fancy အရုပ်လေးနှစ်ရုပ်ဖြစ်သည်။ အဲဒီဘူးလေးရဲ့ထောင့်မှာ စာတန်းထိုးထားသော ရေစိုခံ စတစ်ကာလေး ကပ်ထားသည်။

"To ... Satt Nay Kha

From ... Shane Pyar Youn

Subject ... 2nd Feb:"

ဒါဆို ဒီဘူးက သူ့အတွက်ပေါ့။ ရှိန်းပြာရောင်တဲ့။ ရှိန်းပြာရောင်။

နေပါဦး။ ဒီ ... ဒီနာမည်က။ အား ... သူ မှတ်မိပြီ။ မနေ့ကလည်း အန်တီမေ့ကို တစ်ပတ်ရိုက်ကာ သူ့အခန်းထဲကို ဘောလုံးပို့ခိုင်းတဲ့ မိန်းကလေးရဲ့နာမည်။ ဒီမိန်းကလေးက ဘာအထာနဲ့ သူ့ဆီ ဒီလိုပို့နေရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ခ,သည် ပခုံးနှစ်ဖက်ကို ဟန်ပါပါဖြင့် တွန့်ကာ အဲဒီဘူးလေးကို ထိုင်ခုံမှာ ပစ်တင်ကာ ကားကိုဆက်မောင်းလာခဲ့တော့သည်။ သူ အိမ်ပြန်ရောက်တဲ့ အခါမှာတော့ မေမေက သူ့ကို စကားလှမ်းပြောလေသည်။

"ခ,ရေ ... သား မနက်ဖြန် ဦးစိုင်းခြံမှာ သစ်ခွအိုးတွေ သွားယူပေးပါနော်၊ မေမေ လွမ်းနိုင်ကို မန္တလေးဆင်းခိုင်းထားလို့ ...

သားပဲ သစ်ခွအိုးတွေ သွားယူပေးပါနော်"

"ဟုတ်ကဲ့ မေမေ၊ ဘယ်အချိန်သွားရမှာလဲ"

"မနက်ပိုင်းလောက်ပဲ သွားလိုက်လေ သားရဲ့"

ခ,သည် မေမေ့ကို ခေါင်းတစ်ချက် ဆတ်ပြကာ အိမ်ပေါ်သို့ တက်လာခဲ့တော့သည်။ အိမ်မှာက သူဟာ တစ်ဦးတည်းသောသား ဖြစ်သည့်အပြင် ဖေဖေရဲ့ အားအကိုးရဆုံး၊ အလိမ္မာဆုံး တစ်ဦးတည်းသော မျိုးဆက်ဖြစ်သည့်အတွက် တစ်အိမ်လုံးက သူ့ကိုဆို ဖူးဖူးမှုတ်ထားတာဖြစ်သည်။ သူ ကောင်မလေးတွေနှင့် တွဲသားတွဲလာ ရှိတာကို အိမ်က သိထားသော်လည်း အဲဒီကိစ္စနှင့် ပတ်သက်ပြီး ဘာမှမပြောကြပါ။





အချစ်ဆိုတာကို သူက အယုံအကြည် မရှိပါ။ သူနှင့်တွဲတဲ့ ကောင်မလေးတွေဟာ အီစီကလီအဆင့်လောက်ပဲ ထားခဲ့တာမျိုးဖြစ်သည်။ တစ်နေ့ သူ အိမ်ထောင်ပြုတဲ့ အခါမှာတော့ မိဘတွေက သဘောတူ ပေးစားသည့် ဆွေကြီးမျိုးကြီးထဲက အမျိုးကောင်းသမီးတစ်ယောက်နှင့်ပဲ ဖြစ်နိုင်ပါသည်။ အချစ်ကို အဲဒီလောက် အုံးမစားတာကြောင့် သူက အေးဆေးအထာနှင့် နေနေတာမျိုးဖြစ်သည်။

❣○❣



www.burmeseclassic.com

www.burmeseclassic.com



"ရှိန်း ... နင် ဒီနေ့ ဘာမှလဲ မလှုပ်ရှားပါလား၊ ညနေပဲ စောင်းတော့မယ်နော်"

ရှိန်းသည် ခြံထဲမှာ ကော်ဖီကောင်းကောင်းတစ်ခွက် သောက်ရင်း စင်ကာပူကို mail ပို့ဖို့အတွက် Laptop တစ်လုံးနှင့် အလုပ်ရှုပ်နေချိန်မှာ ရွှေစင်ရဲ့အမေးကြောင့် ပြုံးချင်သလိုတောင် ဖြစ်သွားပါသည်။ ရှိန်းက အေးဆေးလုပ်ပြနေလျှင် မေခက အံ့ဩသလို ပခုံးတွန့်၍ ...

"ဘာလဲ ... မလွယ်မှန်းသိလို့ နောက်ဆုတ်လိုက်တာပေါ့ ဟုတ်လား ရှိန်း၊ ငါ ပြောပြပါတယ်၊ မမှီတဲ့ပန်း မခူးစမ်း ပါနဲ့ဆို၊ တယ်ခက်တယ်"





မေခရဲ့ အဲဒီအပြောကြောင့် ရှိန်းက အားပါးတရကို ဟက်ဟက်ပက်ပက် ရယ်မောလိုက်လျှင် သူမတို့က ကြောင်သွား ပြီး ရှိန်းရဲ့လက်မောင်းကို ဖျတ်ခနဲရိုက်၍ ...

"ဟဲ့ ... အဲဒါ ဘာဖြစ်တာလဲ"

"ဩော် ... ငါ့ရဲ့သူငယ်ချင်းတွေလုပ်ပြီး နင်တို့ သိပ်ပိန်း တာပဲဟယ်၊ ဒီနေ့ တစ်နေ့ကုန်နီးပါး ငါတို့သုံးယောက် အတူတူ ရှိနေတာတောင် ငါ စပ်(ဝ်)နေခကို ပစ္စည်းပေး ပြီးပလား မပေးရသေးဘူးလား မသိဘူး ...

ဩော် ... ကမ္ဘာကျော် ငတုံးမတွေပဲ"

မေခနှင့် ရွှေစင်က သူတို့နှစ်ယောက်ကို ရှိန်းက အသားလွတ် လာဖွဲ့နေတယ်ဆိုပြီး ဒေါသူပုန်တွေထကာ ...

"ဟေ့ ... ဘာမှမသိစရာ အကြောင်းမရှိဘူး၊ ဒီနေ့ နင် မနက်ကတည်းက ငါတို့နဲ့ ရှိနေတာ၊ နေ့လယ်က အအေး ဆိုင်မှာ ခ,ကိုတွေ့တော့လည်း နင် ဘာမှ မထူးခြားဘူး၊ အပိုတွေ လာလုပ်မနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... နင်တို့ကို ငတုံးထက် ပိုတုံးတယ်လို့ ပြောရတော့မယ်၊ နင်တို့ကော ငါကော ဒီနေ့ တစ်နေ့လုံးမှာ စပ်(ဝ်)နေခကို အအေးဆိုင်မှာ တစ်ခါပဲ တွေ့တာနော်၊ အဲဒီကတည်းက ငါ သူ့ကို ပစ္စည်းပေးလိုက်ပြီ၊ ငါ့ဘေးနားနေပြီး ငါ ဘာလုပ်မှန်းတောင် မသိဘူး၊ အံ့ရောဟယ် အံ့ရော"

နှစ်ယောက်စလုံးက ရှိန်းရဲ့စကားကြောင့် အံ့သြကုန်ကြကာ ရှိန်းကို "ဟုတ်ရဲ့လား"ဆိုတဲ့ အကြည့်တွေနှင့် မယုံသလိုလာကြည့်လျှင် ရှိန်းသည် သူတို့အမြင်ကတ်ဖွယ်ကောင်းလောက်သည့် ရိတိတိအပြုံးကို တမင်တကာကို ပြုံးကာ ...

"ကဲပါ ... မမရဲ့မျက်လှည့်ကွက်ကို ပြန်ဖော်ထုတ်ပါတော့မယ်၊ ဒီလိုဟော့ ... နေ့လယ်က စပ်(ဝ်)နေခတို့အုပ်စု အအေးဆိုင် လာတော့ သူ့ကားကို ငါ့ကား ဘေးနားမှာ ရပ်ထားခဲ့တာလေ၊ ဟဲ ဟဲ ... အဲဒီမှာ စတွေ့တာပဲ ...

ငါက မယောင်မလည်နဲ့ သူ့ဂျစ်နား အသာကပ်ပြီး သူ့ကားဒက်ရှ်ဘုတ်ပေါ်ကို ဒီနေ့အတွက် ပစ္စည်းထုပ်





လေး တင်ပေးခဲ့တာပေါ့၊ ဘာရမလဲ ငါပဲဟာ၊ နင်တို့တောင် မသိလိုက်ဘူးနော်၊ အထာလေးတွေ ရှိတာပေါ့ဟယ်"

"ဟယ် ... ရှိန်းရယ်၊ နင့်အကွက်က လုံးဝမထင်တဲ့နေရာက ဝင်လာတာပဲ၊ တောက် ... ငါတို့မျက်လုံးတွေကိုက ကန်းတယ်"

မေခနှင့် ရွှေစင်က မကျေနပ်စွာ မြည်တွန်တောက်တီးနေရင်းက မေခက တစ်စုံတစ်ရာကို စဉ်းစားသွားမိဟန်ဖြင့် ....

"ကဲပါ ... နင် ဒီနှစ်ရက် လှုပ်ရှားမှုက အောင်မြင်တယ်၊ အဲဒီလို အောင်မြင်တာနဲ့အတူ နင့်စိတ်ထဲမှာ ခ,ရဲ့အကြောင်းတွေကပဲ အချိန်တိုင်း စိုးမိုးနေပြီလား"

မေခရဲ့စကားကြောင့် ရှိန်းသည် တစ်ချက်ပြုံးမိသွားသည်။ ဟုတ်လား ... အဲဒီလို ဖြစ်နေပြီလား။ ပြောရရင်တော့ ရှိန်း အဲဒီလိုမျိုး စိတ်ကူးယဉ်ဆန်ဆန် ပေါက်တတ်ကရ လျှောက်လုပ်နေရတဲ့အတွက် ရှိန်းရဲ့စိတ်ဟာ နူးညံ့ပျော်ဝင်ခြင်းထက် ပြတ်သားနိုင်မာခြင်းက ပိုနေသည်။ နေ့စဉ်ရက်ဆက် သူ စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



စားလာအောင် ဘယ်နည်းသုံးရမည်ဆိုတဲ့ အတွေးကတော့ ရှိန်းကို အပြည့်အ၀ နေရာယူထားပါသည်။

သူ ငါ့ကို ချစ်လာစေရမယ်ဆိုပြီး ကြွေးကြော်ကာ အဲဒီအတွက်ပဲ စီမံကိန်းချကာ ဆောင်ရွက်ပြီးကာမှ တစ်ခုခု ဖွဲ့ဖောက်သွားမှာကို အရမ်းစိုးရိမ်လှပါသည်။ အဲဒီအတွက် ရှိန်း ကြိုးစားနေတာဖြစ်သည်။ ကိုယ်စတဲ့ဇာတ် ကိုယ်နိုင်အောင် ကြိုးဆွဲရမှာပေါ့။

"စိတ်ချစမ်းပါ၊ ငါကလေ ငါ အနိုင်ရဖို့ တစ်ခုကိုပဲ ဦးတည်သွားနေတာ၊ ဘာလမ်းလွဲမှ မရှိဘူး၊ ငါ့အတွက် ပန်းတိုင်ကို မြင်နေရပြီးသား"

"အေးပါ ... အေးပါ၊ ဒီလောက် အသည်းမာတဲ့ ငါတို့သူငယ်ချင်းမ အခုထိတော့ တစ်ကိုယ်တော် လှုပ်ရှားနေဆဲပဲ၊ ဒါပေမဲ့ လိုရင် ငါတို့ကိုပြောနော် ရှိန်း ...

ငါတို့က နှင့်ဘက်ကပဲ"

အဲဒီစကားလေးကတော့ ရှိန်းကို အလွန်အားတက်စေပါသည်။ စပ်(ဝ်)နေ့ခဆီက စွဲလမ်းမှုတစ်ခုကို အရယူနေချိန်





မှာ ရှိန်း တစ်အားတည်းနဲ့ သိပ်ဖြစ်နိုင်မည် မထင်ပါ။ မေခနှင့်ရွှေစင့်ရဲ့ အကူအညီက လိုကိုလိုအပ်မှာ ဖြစ်ပါသည်။

"အေးပါ ... ကျေးဇူးပါပဲ၊ ဒါနဲ့ ငါ မနက်ဖြန် သစ်ခွခြံသွားမလို့၊ လိုက်မယ်မှလား"

"လိုက်မှာပေါ့၊ နှင့်ဘေးနားမှာ မိုးလင်းကမိုးချုပ် ရှိနေမှာ ... ဟဲ ဟဲ့"

ရှိန်းက အသာပြုံးကာ မျက်စောင်းတစ်ချက်ထိုး၍ ခေါင်းညိတ်လိုက်သည်။

"ဒါနဲ့ မနက်ဖြန် နင် ဘာပေးမှာလဲ"

"သူ့အကြိုက်ဆုံး သီချင်း(၃)ပုဒ်ကို selection လုပ်ထားတဲ့ CD ခွေ"

မေခနှင့် ရွှေစင်က ဘာမှဆက်မပြောတော့ဘဲ ရှိန်းကို ကြည့်နေပါသည်။

သူတို့အကြည့်တွေမှာ "အဲဒီမိန်းက ဘာလို့ ဒီလောက်တောင် romantic ဖြစ်သွားတာလဲ" ဆိုတဲ့ အတွေးတွေ ဝင်နေတာကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအကြည့်က ဘာဆိုတာကို ရှိန်းက ဘာသာပြန်တတ်ပေမယ့် အဖြေတော့ လောလောဆယ် မထုတ်နိုင်သေးပေ။ ဒီတစ်ခေါက် ပြင်ဦးလွင်ခရီးစဉ်ဟာ လည်ဖို့ပတ်ဖို့ထက် အုံးစားဖို့က ပိုများမလားပင်။

ရှိန်းရဲ့ ကြိုးကြိုးစားစား အတွေးပွားနေတာကို မမသာသိရင် အဆူခံရမှာမလွဲ။ ဒါပေမဲ့ ရှိန်းသည် ကိုယ်လုပ်နေတဲ့ အလုပ်ဟာ အဓိပ္ပာယ်ရှိသည်ဟု ထင်မိပါသည်။

သူ့ကို စွဲလမ်းမှုတစ်ခု ရစေချင်တာအပြင် သူ ပြောင်းလဲသွားတာကို မြင်ချင်သည့် စေတနာလေး တစ်ခုတော့ မသိမသာ ပါဝင်နေခဲ့တာ ကိုယ့်ကိုယ်ကိုယ်တောင် သတိမထားမိသေးပါ။





## ဖေဖော်ဝါရီ(၃)ရက်နေ့

ရှိန်းသည် ပြင်ဦးလွင် ပြန့်ရောက်တိုင်း သွားနေကျနေရာလေးကတော့ သစ်ခွခြံကိုပဲ ဖြစ်သည်။ ဒီနေ့လည်း မေခတို့နှင့်အတူ သစ်ခွခြံကို အရင်လာကာ စပ်(ဝ်)နေခကို CD ခွေ ပေးမည့်ကိစ္စကို နောက်မှ ကြည့်လုပ်မှာဖြစ်သည်။

ဒါပေမဲ့ ဒီနေရာမှာတော့ ရှိန်းသည် "တိုက်ဆိုင်လိုက်တာများကွာ"လို့တောင် ပြောရလောက်မည့် အဖြစ်အပျက်တစ်ခုက ရှိလို့လာလေသည်။ အဲဒီအတွက် ရှိန်း အံ့ဩရပါသည်။

"လေးစိုင်းရေ ... ကျွန်တော် သစ်ခွအိုးတွေ လာယူတာ၊ မေမေ မှာထားတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားသံဟာ ရှိန်းရဲ့သေးနားမှ ထွက်လာသော အသံဖြစ်သည်။

ဒီအသံကြောင့် ရှိန်းဟာ ဆတ်ခနဲ ဖြစ်သွားပြီး မသိမသာ လှမ်းကြည့်လိုက်လျှင် ဘယ်အချိန်ကြည့်ကြည့် ရေခဲတုံးလေး တွေ့လိုက်ရသလိုကို အေးမြကြည်လင်နေသော စပ်(ဝ်)နေခကို တွေ့ရလေသည်။

အဝါလွှင်လွှင် ဖစ်တင်တီရှပ်ကို အနက်မှိုတက်ဂျင်း(န်)တစ်ထည်ဖြင့် စတိုင်လ်ကျစွာ ဝတ်ဆင်ထားသော သူ့ကို ကြည့်ကာ ရှိန်းက အကြံတစ်ခု ရသွားသည်။ ကိုယ့်အိတ်ထဲမှာ ကလည်း ဒီနေ့ သူ့ကိုပေးမည့် CD ခွေလေးက အဆင်သင့်ရှိနေသည်။

ရှိန်းသည် သူ ဆလွယ်သိုင်း လွယ်ထားသော Nightmare အိတ်လေးကို မြင်လျှင်ဖြင့် အဲဒီအိတ်လေးထဲကို ရှိန်းရဲ့ တတိယမြောက်လက်ဆောင် ထည့်ပေးချင်စိတ် ပေါက်သွားသည်။ စပ်(ဝ်)နေခ ရောက်နေတာကိုသိသော မေခက ရှိန်းရဲ့အနားကို မယောင်မလည်နှင့် ရောက်လာကာ ခပ်တိုးတိုး လေသံဖြင့် ...





"ဟဲ့ ... သူက ဒီကိုတောင် ရောက်လာပါလား၊ ရှိန်းရဲ့ ကံဇာတာကတော့ သူ့ကို ရှာစရာတောင် မလိုဘူး၊ နင်ရှိတဲ့နေရာကို ရောက်လာတာပါလား"

"ဟင်း ဟင်း ... ဒီလိုပဲပေါ့၊ ကြည့်လိုက် ငါဘာလုပ်မလဲဆိုတာ"

ရှိန်းသည် အိတ်ထဲက CD ခွေလေးကိုထုတ်ကာ အသင့်အနေအထား ရှိနေလိုက်သည်။ သူကတော့ ရှိန်းတို့ကို ရှိတယ်လို့တောင် သတိထားမိပါ့မလား။ သူ့ဘာသာ ပန်းပင်တွေကို ဟိုကြည့် ဒီကြည့်ဖြင့် ငေးနေတာဖြစ်သည်။ ရှိန်းသည် လျှို့ဝှက်စွာပြုံး၍ သူ ပိုက်ဆံထုတ်ရှင်းမည့် အချိန်ကိုသာ စောင့်နေလိုက်တော့သည်။

"ပြီးပြီ ခ,ရေ၊ လေးစိုင်း အမျိုးအမည်တွေခွဲပြီး ရေးပေးထားတဲ့စာရွက် ယူလိုက်ဦး"

သူက ခေါင်းတစ်ချက်ဆတ်ကာ ထိုဦးလေးကြီးပေးသော စာရွက်ကိုယူကာ ပိုက်ဆံရှင်းဖို့အတွက် သူ့ရဲ့ Nightmare အဖုံးပိတ်အိတ်လေးကို လှန်ဖွင့်လိုက်လျှင် ရှိန်းသည် အပိုင်ပဲဟု



www.burmeseclassic.com

www.burmeseclassic.com



တွက်ဆကာ ပါးတစ်ဝက်အုပ်သည့် Police မျက်မှန်ကြီးကြီးကို တပ်လိုက်ကာ သူရှိရာကို အလောသုံးဆယ်ဟန်ဖြင့် လျှောက်လာခဲ့တော့သည်။

ရုတ်တရက် သူ့လက်မောင်းရင်းကို အရှိန်ပြင်းပြင်း တွန်းတိုက်လိုက်သလို ဖြစ်သွားသဖြင့် (တမင်တကာလုပ်ခြင်းဖြစ်ပါသည်) သူသည် ဟန်ချက်ပျက်ကာ ဘေးဘက်ကို နည်းနည်း ယိုင်မလို ဖြစ်သွားသည်။ အဲဒီအချိန်မှာပင် ရှိန်းက အခွင့်အရေးကို မိမိရရ ဆုပ်ကိုင်ကာ စပ်(ဝ်)နေခဲ့ရဲ့ ဇစ်ဖွင့်ထားသော အိတ်အတွင်းသို့ CD ခွေလေးကို အရောက်ပို့ပေးလိုက်တာဖြစ်သည်။

ရှိန်း တွန်းတိုက်လိုက်သည်ကိုတော့ သူက ဒေါသမပါသော လေပြေသံလေးဖြင့် ...

"ဘယ်လိုဖြစ်တာလဲကွာ၊ လူတစ်ယောက်လုံးကိုတောင် မမြင်ဘူးလားဗျ"

သူ့ရဲ့ ဆူပူသလို အပြောလေးဟာ ရှိန်း၏စိတ်ကို တစ်မျိုးလှုပ်ရှားသွားစေပါသည်။ ဘုရားရေ ... အဲဒါ ဘာဖြစ်တာလဲ။





အို ... သွားစမ်းပါ။ အဲဒီလို နေမထိ ထိုင်မသာ ခံစားချက်ကြီးကို ရှိန်း မလိုချင်ပါဘူး။

"ဆောရီးနော် ... မမြင်လို့ပါ"

ရှိန်းသည် ပြောပြီးတာနှင့် ခပ်သွက်သွက်ပင် လစ်ထွက်လာခဲ့တော့သည်။ မေခနှင့် ရွှေစင်ကတော့ ရှိန်းက တိုးတိုးတိတ်တိတ် မှာထား၍ ရှိန်း ထွက်လာပြီး တော်တော်ကြာမှ ထွက်လာကြလေသည်။

"အမယ်လေး ... အကွက်က အရမ်းလှတာပဲဟော့၊ သူ တစ်စက်ကလေးမှ မရိပ်မိဘူးနော်၊ ‌နင် သိပ်တော်တာပဲ ရှိန်းရယ်"

ရှိန်းသည် ကျေနပ်စွာ ပြုံးမိသွားသည်။ သူ အိတ်ကို ဖွင့်ကြည့်လိုက်ရင် တွေ့ရမယ့် CD ခွေလေးကို သူ မြင်ရင် ဘယ်လိုအံ့သြသွားမလဲ။ စိတ်ဝင်စားမှု မရှိတဲ့ သူ့လို ဂျစ်တီဂျစ်ကန် ယောက်ျားအတွက် ရှိန်း ပေးချင်တာ စွဲလမ်းမှုပဲ ဖြစ်ပါသည်။

❣ ○ ❣



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မေမေရော့၊ လေးစိုင်း ပေးလိုက်တဲ့ စာရင်း စာရွက်"

ခ,သည် ပြောပြောဆိုဆိုပင် အိတ်ကိုဖွင့်၍ စာရွက်ကို လက်ဖြင့်စမ်းနှိုက်နေလျှင် တစ်စုံတစ်ခုက ခိုးလိုးခုလုရှိနေသလိုပင်။ ခ,သည် အရင်ဆုံး စာရွက်ကိုထုတ်ကာ မေမေ့ကိုပေးပြီးမှ မေမေ့ရှေ့မှ ထွက်လာကာ အိတ်ထဲက ခိုးလိုးခုလု အရာကို ထုတ်လိုက်သည်။

ဟင် ... CD ခွေပါလား။ ဒီအခွေက ဘာကိစ္စ သူ့အိတ်ထဲ ရောက်နေတာလဲ။ ခ,သည် အိပ်ခန်းထဲရောက်မှ အခွေဘူးလေးကို ဖွင့်လိုက်လျှင်တော့ ဒါ ဘယ်သူ့လက်ချက်ဆိုတာ အဖြေက ရှင်းလို့သွားချေပြီ။ ကာတွန်းရုပ်ပြောင်လေးက မျက်စိ





တစ်ဖက်စိတ်ကာ လျှာလေးထုတ်ပြနေလျက် အဲဒီ အောက်နားမှာတော့ မြင်ဖူးနေကြ စာသားလေးကို တွေ့လိုက်ရလေသည်။

"To ... Satt Nay Kha

From ... Shane Pyar Yoma

Subject ... 3rd Feb:"

ရှိန်းပြာရောင်။ လာပြန်ပြီ ... သူမက ဘာကြောင့်မို့ ဒီပစ္စည်းတွေ သူ့ဆီပို့နေရတာလဲ။ သူနှင့် သိခဲ့၊ သိနေတဲ့ မိန်းကလေးတွေထဲမှာ ဒီလိုနာမည်မျိုး မပါပေ။ နောက်ပြီးတော့ သူ့အိတ်ထဲကို ဘယ်ကနေ ဘယ်လို ဒီအခွေထည့်ပေးလိုက်တာလဲ။

ခ,သည် CD ခွေလေးကိုကြည့်ကာ ခေါင်းကိုတစ်ချက်ယမ်းမိလိုက်သည်။ အဲဒါ ဘာအထာလဲ။ အထာတွေ ပလိန်းပေးနေသော အဲဒီ ရှိန်းပြာရောင်ဟာ သူ့အတွက်တော့ နည်းနည်းအုံးစားစရာ ဖြစ်လာပါသည်။ ခ,သည် သူမရဲ့ CD ခွေလေးကို EVD စက်ထဲ ထည့်ဖွင့်လိုက်လျှင်တော့ သူ့အကြိုက်သီချင်းသုံးပုဒ်ဖြစ်သည့် Jasonmraz ရဲ့ I'm yours ၊ R ဇာနည်နှင့် ဆုန်သင်းပါရ်ရဲ့ အချစ်နဲ့လွတ်ကင်းတာ ဘယ်သူမှမရှိ၊ ဟန်ထွန်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



အရင်ကဇာတ်လမ်း။ အဲဒီသီချင်းတွေ သူကြိုက်တာ သူမက ဘယ်လိုလုပ် သိနေတာလဲ။

သူ့မှာ နေစဉ် သူမပေးတဲ့ ပစ္စည်းတို့ကို ငြင်းခွင့် မရှိပါဘဲ လက်ခံနေရတာဟာ အရမ်း ကသိကအောက်တော့ဖြစ် ပါသည်။

သူက အတွေးနယ်လွန်နေတုန်းမှာ သူ့ဟန်းဖုန်းလေး က ထမြည်လို့လာလျှင် ဖုန်းကိုင်လိုက်ရသည်။

"ဟယ်လို"

"ဟေး ... ခ,၊ နေကောင်းလား"

ဖုန်းဆက်သူဟာ မိုးသောက် ဖြစ်သည်။ ခ,သည် မိုးသောက်နှင့် ဖုန်းအေးဆေးပြောဖို့အတွက် ခနက အတွေးတွေ အားလုံးဖျက်ကာ မိုးသောက်နှင့် ဖုန်းပြောလိုက်တော့သည်။

"မိုးသောက် ... ပြော သူငယ်ချင်း၊ မင်း ရန်ကုန်မှာလား"

"နိုး ... ငါ ဒီပြန်ရောက်နေတယ်၊ မင်းဆီက အကူညီလေး တောင်းစရာရှိတယ်၊ ငါတို့ ဆုံရအောင်လေ"

"အိုခေ ... တွေ့နေကြဆိုင်နော်၊ ဟုတ်ပြီ ခုထွက်လာပြီ"





ခ,သည် ဖုန်းပိတ်ကာ ချက်ချင်းပင် မိုးသောက်ဆီ သို့ ထွက်လာခဲ့တော့သည်။

ခ, ရောက်သောအခါတွင်တော့ မိုးသောက်က ရောက်နှင့်နေပြီဖြစ်သည်။

"ဟိုင်း ... ခ၊ r u ok !"

"all fine ပါကွာ၊ မင်း ဒီတစ်ခါ ပြန်လာတာ စောလှချည် လားကွ"

"ဟုတ်တယ်၊ ငါ မင်းကို တစ်ခါပြောထားတာလေ၊ စေတနာဆေးခန်းလေး ဖွင့်ချင်တယ် ဆိုတာလေ"

ခ,က မိုးသောက် ပြောထားသောကိစ္စကို သတိရ သွားကာ ခေါင်းတဆတ်ဆတ် ညိတ်ပြရင်း ...

"အင်း ... သိတယ်လေ၊ ငါတောင် အဲဒီဆေးခန်းလေးဖွင့် ဖြစ်ရင် ပါရမီဖြည့်မယ်လို့ ပြောထားတာပဲ"

"ဟုတ်တယ်၊ အခု အဲဒီစိတ်ကူးကို အကောင်အထည်ဖော် တော့မယ်ကွ၊ နေရာလည်း ငါတွေ့ထားတယ်ကွာ၊ ငါတို့ တွေ နည်းနည်းအချိန်ပေး ပြင်ဆင်ပြီးရင် ဆေးခန်းလေး ဖွင့်ကြမယ်ကွာ ...



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ဆီလာတဲ့ patient (ပေးရှန့်)တွေကို ဆင်းရဲချမ်းသာမရွေး အခကြေးငွေမယူဘဲ ဆေးကုပေးမယ်၊ ဆင်းရဲတဲ့သူတွေ အတွက်တော့ ငါတို့ဆေးခန်းလေးက အကျိုးရှိမှာပါ၊ အဲဒါ မင်းနဲ့ငါ ရှယ်လုပ်မယ်နော်၊ အဲဒါ ပြောချင်လို့ ချိန်းလိုက်တာ၊ ဘယ်လိုလဲ အိုကေလား"

"အိုကေတာပေါ့ကွာ၊ ဒီကိစ္စကို ငါ တက်တက်ကြွကြွနဲ့ကို ကူညီအားဖြည့်မှာ"

မိုးသောက်က ကျေနပ်သွားကာ လက်ဝါးချင်းရိုက်လိုက်ကြသည်။ အဲဒီလိုနှင့် သူတို့နှစ်ယောက်ဟာ ထွေရာလေးပါး ပြောနေကြရင်းမှ မိုးသောက်က တစ်စုံတစ်ရာကို သတိရသွားဟန် ဖြင့် ...

"သြော် ... ဒါနဲ့ ခ၊ မင်း ဟိုတစ်ခါဝင်တိုက်မိတဲ့ ကောင်မလေးကို ထပ်တွေ့ဖြစ်သေးလား၊ ငါကတော့ ထပ်တွေ့ချင်သေးတယ် ... ဟဲ ဟဲ"

မိုးသောက် ပြောတဲ့တစ်ယောက်ကို သူကရုတ်တရက် မမှတ်မိဘဲ ဘယ်သူလဲဆိုပြီး ထပ်မေးလျှင် မိုးသောက်က ပြုံးစိစိ မျက်နှာဖေးဖြင့် ...





"မင်းကလည်း ပိန်းရန်ကော၊ ဟိုတစ်ပတ်လောက်ကလေ၊ ရွှေယမုံမှာ မင်းဝင်တိုက်ပြီး ခပ်တည်တည် ထွက်သွားတာလေ၊ ငါ ဆီးဖမ်းပေးလို့ ငါ ငြိသွားတယ်ဆိုတဲ့ ကောင်မလေးလေ"

"I see ... I see သိပြီ၊ မင်းကလည်းကွာ၊ စွဲလမ်းတာက လွန်တယ်၊ ခရီးသွားဟန်လွှဲ တွေ့တဲ့ ကောင်မလေးကိုများ ဟတ်ထိနေသေးတယ်"

"ဟား ... ထိတာပေါ့၊ အဲဒီနေ့တည်းက ငါ့နလုံးသားက သူ့ဆီမှာ ကျကျန်ခဲ့တာ"

"ဟား ... ညွန်းတယ်ဟေ့၊ ငါဖြင့် သူ့ကိုမှတ်တောင်မမှတ်မိတော့ဘူး"

"မင်းကတော့ ပေါတာကိုးကွ"

ခ,က မိုးသောက်ရဲ့စကားကို ဘာမှမပြောတော့ဘဲ ညစ်ကျယ်ကျယ် တစ်ချက်သာ ပြုံးနေလိုက်တော့သည်။ သူ့ကို အားလုံးက ရည်းစားတွေ ထည်လဲတွဲတဲ့ Lady killer အဖြစ် သတ်မှတ်ထားတာဖြစ်သည်။ ကိစ္စမရှိပါ၊ အဲဒီအတွက် သူကလည်း ဘာမှဖြေရှင်းချက် မထုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အချစ်နဲ့ လက်ထပ်ခြင်းဆိုတာ တိုက်ရိုက်အချိုးမကျသလို အချစ်ဆိုတာကလည်း တကယ်မရှိသည့်အတွက် ငိုကာတွေဖွဲ့နေကာ တစ်သက်မှာ တစ်ဦးတည်းဘဝသူ ဆိုပြီး မချစ်ခဲ့ခြင်းဖြစ်ပါသည်။

❣○❣

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်- ၃၉၊ (မြေညီ) ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
ရေးသားပေးပို့နိုင်ပါသည်။





## ပေဟော်ဝါရီ(၄)ရက်နေ့

မနက်ပိုင်းမှာ ရာသီဥတုက အေးစိမ့်စိမ့် ရှိလာတာမို့ ခ,သည် သွေးပူလေ့ကျင့်ခန်းလေး ဘာလေး လုပ်မည်ဟု တွေးကာ စွပ်ကျယ်အဖြူပေါ်ကနေ ထရက်ဆုနက်ပြာရောင်ဝတ်စုံကို ထပ်ဝတ်ကာ scooter skate လေးဖြင့် အပြင်ထွက်လာခဲ့တော့သည်။

ပြင်ဦးလွင်၏ အေးချမ်းကာ လတ်ဆတ်နေသော ရာသီဥတုသည် ခ,အတွက်တော့ ရန်ကုန်မှာ လုံးဝမနေလိုသည့် စိတ်တွေ ဖြစ်လာအောင်ႉ ဖန်တီးနေသည့် မက်လောက်စရာ ဆွဲဆောင်မှုပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာရှင် ... အကူအညီ တစ်ခုလောက် တောင်းချင်လို့ပါ"

သူ့ကို လှမ်းပြောမှန်းသိသဖြင့် သူက scooter skate ကို ဘရိတ်ဖမ်းကာ ထောင့်ကပ်ထားပြီးနောက် သူ့ကိုအကူအညီ တောင်းသည့် ကောင်မလေးကို မေးတစ်ချက် ဆတ်ပြကာ...

"ဘာကူညီပေးရမလဲ၊ ပြောပါ"

"ဟိုလေ ... ကျွန်မကားက ဒီနားမှာတင် ထိုးရပ်သွားလို့၊ ဘာဖြစ်မှန်းလဲ မသိဘူး၊ ကူညီနိုင်ရင် ကူညီပေးပါလား"

သူက ဘောနက်ဖုံးဖွင့်ထားသော Mark II ခဲရောင် ကားလေးကို တစ်ချက်လှမ်းကြည့်ပြီးနောက် ခေါင်းညိတ်လိုက်ကာ ...

"ကျွန်တော် တတ်သလောက်တော့ ကြည့်ကြည့်ပေးမယ်လေ"

"ဟုတ် ... ကျေးဇူးတင်ပါတယ်"

ခ,သည် scooter skate လေးကို ထောင့်ကပ်ပြီးသည့်နောက်မှာ ထိုကောင်မလေးရဲ့ကားကို တတ်သိသမျှတော့ ကြည့်လိုက်သည်။





"စက်နှိုးကြည့်လိုက်ပါဦး"

ခ,၏စကားကြောင့် ထိုကောင်မလေးသည် ကားပေါ်သို့ ခပ်သွက်သွက်လေးတက်ကာ စက်နှိုးလေသည်။ စစနိုးခြင်းတော့ ကားက တွန့်ဆုတ် တွန့်ဆုတ်ဖြစ်နေသေး၏။ နောက်မှ အထာကျကာ အိုကေသွားတော့သည်။ ထိုကောင်မလေးက ကားလုံးဝကောင်းသွားလျှင် ကားပေါ်ကဆင်းကာ သူ့ကို ကျေးဇူးတင်စကား ဆိုလေသည်။

"ကျေးဇူးအများကြီး တင်ပါတယ်နော်"

"ရပါတယ်၊ အဆင်ပြေသွားရင် ပြီးတာပါပဲ၊ ကျွန်တော် စက်ဖုံးပိတ်လိုက်ပြီနော်"

"ဟုတ် ... ကျေးဇူးပါနော်"

ခ,သည့်စက်ဖုံးကိုပိတ်ကာ အိုခေ ဆိုသောသဘောဖြင့် ခေါင်းတစ်ချက် ဆတ်ပြလိုက်သည်။ သူက သူ့ရဲ့စကိတ်လေးရှိရာကို ပြန်လာလျှင်တော့ ထိုကောင်မလေးရဲ့ကားက ထွက်သွားပေပြီ။ ခသည် သူ့ scooter skate လက်ကိုင်မှာ ချိတ်ထားသော တစ်စုံတစ်ရာကြောင့် ဖျားချင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကီးချိန်းလေးခုကို ရွှေကြိုးလေးနှင့် ပူးချည်ကာ ကတ်ပြားလေး သေးသေးတစ်ခုက သူ့ကို ဆီးကြိုနေပေသည်။

အဲဒါဟာ သူပဲဆိုတာ စိတ်ထဲမှာ သိသွားသလိုရှိလိုက်ပြီး လက်ကိုင်တန်းမှာ ချိတ်ထားတဲ့ ကီးချိန်းတွဲလေးကိုယူကာ ကပ်ချည်ထားသော postcard သေးသေးလေးမှာ တွေ့နေကျစာသားတစ်ခုကို မြင်လိုက်ရလျှင် ဟာခနဲတောင် ဖြစ်သွားပေသည်။

"To ... Satt Nay Kha

From ... Shane Pyar Youn

Subject ...4th Feb:"

ရှိန်းပြာရောင် ...။ သူမဟာ သူ ဘယ်လိုမှမထင်ထားချိန်တွေမှာ fancy ပစ္စည်းဆန်းလေးတွေ ပို့ပေးခြင်းဖြင့် သူ့ကို အံ့သြစေသည်။ မင်းဟာ ဘယ်သူလေးများလဲ။

အခုဆို ရှိန်းပြာရောင် ဆိုသော မိန်းကလေးက သူ့အတွေးထဲကို ဝင်စိုးမိုးထားပေသည်။ ရက်အလိုက်ပို့ပေးနေသော ပစ္စည်းလေးများဟာ သူ့အတွက်တော့ ပထမက ဘာမှမဟုတ်ပေမယ့် ဒီအချိန်မှာတော့ စိတ်ဝင်စားဖို့ ကောင်းလာပေပြီ။





ပဟေဠိပေါင်းများစွာဖြင့် သူဟာ လေးရက်မြောက်လက်ဆောင်ပစ္စည်းကို လက်ခံလိုက်ရပေတော့သည်။

ငြင်းခွင့်မရှိတာကတော့ အတော်ဆိုးဝါးလှသောကိစ္စ ဖြစ်ပါသည်။

❣○❣



www.burmeseclassic.com

www.burmeseclassic.com



"နင် ဒီလောက်ထိ idea တွေ မိုက်မှန်း အခုမှသိတယ် ဟယ်၊ ဇာတ်ကွက်ချသွားတာကလည်း ဟာကွက်မရှိ၊ ဒီနေ့ ငါကိုယ်တိုင် ဝင်သရုပ်ဆောင်မှပဲ နင့် talent ကို တွေ့တော့တယ်၊ နင် ဒါရိုက်တာဖြစ်ဖြစ် စာရေးဆရာမ ဖြစ်ဖြစ် လုပ်ပါလားဟယ်"

"ဟုတ်တယ်ဟဲ့ ... လုပ်လိုက်၊ king of the set ဖြစ်မလား၊ bestseller ဖြစ်မလား တစ်ခုခုပဲ ဟဲ ဟဲ"

မေခတို့က ရှိန်းကို မြှောက်ပင့်ချီးမွမ်းနေလျှင် ရှိန်းဟာ ခပ်ပြုံးပြုံးနှင့် သူတို့ပြောသမျှကို အရသာရှိရှိ ထိုင်နားထောင်နေလိုက်သည်။ မေခက ရွှေစင့်ကို မနက်ကကိစ္စ ပြောလို့မဆုံး။





"နင်တို့ စဉ်းစားကြည့်စမ်းဟယ်၊ ငါ့မှာလေ ရင်တမမနဲ့၊ ဟား ... ရှိန်းက သူ့စကိတ် handle မှာ ကီးချိန်းချိတ်နေတဲ့အချိန် အောင်မယ်လေး ... ခ,ကများ ရုတ်တရက် နောက်လှည့်လိုက်တာနဲ့ လေး ... လေး ... ငါ့မှာလေ ကြက်သီးတွေထ ဒူးတွေတောင် တုန်တယ်"

"ဟုတ်ပါ့ဟယ် ... ကြားထဲက ငါတောင် ရင်တုန်တယ်၊ အဲ ... နေပါဦး၊ နင် အဲဒီလိုလုပ်ဖို့ ဘယ်လို idea ရသွားတာလဲဟင်"

ရှိန်းက ပြောင်ချော်ချော် မျက်နှာဖြင့် မျက်ခုံးတစ်ချက်ပင့်၍ ကြည်ကြည်နူးနူး ပြုံးလိုက်ကာ ...

"ဆရာစား တစ်ကွက်တော့ ချန်မယ်လေဟယ်"

"အေးပါ၊ မပြောလည်းနေပေါ့၊ ဒါပေမဲ့ ဟဲ့ ... ခ,က နင့်ကို မြင်တောင် မမြင်မှုးဘူး၊ သူ နင်ပေးတဲ့လက်ဆောင်တွေကို စိတ်ဝင်စားနေတယ်ပဲ ထားဦး၊ နင့်ကိုမှ သူ မသိတာ၊ နင် တစ်ခုခုတော့ သူ့ကို ဆက်သွယ်သင့်တယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတွက် ရှိန်းက ကြိုတင် စဉ်းစားထားပြီးသား ဖြစ်သည်။ ဒီစီမံကိန်းဆွဲကတည်းက သေချာအကွက်ချထားတာ ဖြစ်၏။ ရှိန်းသည် အထူးစိတ်ဝင်စားနေသော သူငယ်ချင်းများကို ကြည့်ကာ ပြုံးချင်သလို မျက်နှာပေးဖြင့် ...

"ငါ မကြာခင် သူ့ကို ဖုန်းဆက်မှာပါ"

"အင်း ... ဇာတ်ရှိန်ကတော့ climax ရောက်နေပြီဟေ့"

"စောင့်ကြည့်ပါ မမတို့ရယ်၊ ကဲ ... ကျုပ်ကြီးလည်း ပြန်တော့မယ်၊ စပ်(ဝ်)နေခ ကိစ္စ အုံးစားနေရတာနဲ့ ကျုပ်မှာ ဘိုးဘိုး၊ ဘွားဘွားကော အစ်မတော်ကိုပါ လျစ်လျူရှုသလို ဖြစ်နေပြီ၊ ဒီနေ့တော့ အိမ်စောစောပြန်မှ တော်တာ သွားပြီ"

ရှိန်းသည် ပျော်ရွှင်မြူးကြွစွာဖြင့် မေခတို့ကို နှုတ်ဆက်ကာ အိမ်သို့ ပြန်လာခဲ့တော့သည်။ အခုချိန်ထိ အိုကေမှာ စိုပြည်နေသော ရှိန်းဟာ လန်းဆန်းသော စိတ်အဆင်နှင့်အတူ အိမ်ထဲဝင်လာလျှင် ချိုမြမြ အသံတစ်ခုရဲ့ တားဆီးမှုကြောင့် ရှိန်းရဲ့ခြေလှမ်းတို့ တုံ့ခနဲ ရပ်တန့်သွားတော့သည်။





"ဒါ ဘယ်က ပြန်လာတာလဲ ရှိန်း၊ စကားလေး ခဏလောက် ငါ့ညီမကို ပြောချင်လို့၊ အချိန်လေးရပါသလား"

ဧည့်ခန်းထဲက ဆိုဖာမှာထိုင်ကာ Laptop တစ်လုံးနှင့် အလုပ်တွေ ရှုပ်နေရင်းက screen ကို အကြည့်မလွှဲပါဘဲ ရှိန်းကိုလှမ်းပြောလိုက်လျှင် ရှိန်းသည် စပ်ဖြဲဖြဲမျက်နှာနှင့် မမရဲ့ဘေးမှာဝင်ထိုင်ကာ မမ ပခုံးပေါ်ခေါင်းမှီရင်း ...

"အဟဲ ... မေခနဲ့ ရွှေစင်တို့ဆီက ပြန်လာတာပါ မမရဲ့"

မမသည် Laptop screen ဆီမှ မျက်နှာလွှဲကာ ရှိန်းကိုကြည့်၍ ...

"ဟင်း ... မပြောချင်ဘူးနော်၊ ဒီရောက်ကတည်းက ထွက်လိုက်ရတဲ့အပြင်၊ အိမ်ကပ်တယ်ကို မရှိဘူး၊ ရှိန်း ပြောတော့ project ဆွဲရမှာဆို၊ အလုပ်တွေ မအားဘူးဆို ...

အခု ဘာမှလုပ်တာလဲမတွေ့ဘူး၊ အားအားရှိ အပြင်ချည်းပဲ လှမ့်ထွက်နေတယ် ...

ဘာတွေလုပ်နေလဲ ရှိန်း"



www.burmeseclassic.com

www.burmeseclassic.com



"မမကလည်း သမီးက မေခတို့နဲ့ မတွေ့တာ ဘယ်လောက်ကြာပြီလဲ၊ ဒါကြောင့်မို့ပါ၊ အလုပ်က ပြီးတော့မှ လုပ်မှာပေါ့၊ ခုဟာက ဦးနှောက်ကို အံအေးခံထားတာ ... ဟဲဟဲ"

ရှိန်းက ပတ်ချွဲနပ်ချွဲပုံစံဖြင့် မမကို ချွဲလိုက်လျှင် မမက အမျက်မပါသော မျက်စောင်းတစ်ချက်ကို ထိုးလိုက်ရင်း ရှိန်းရဲ့ခေါင်းလေးကို ခပ်ဖွဖွပွတ်သပ်ကာ ...

"ကဲပါ၊ အခုမှ လာချွဲမနေပါနဲ့ နားထောင်၊ မနက်ဖြန် ရန်ကုန် ဆင်းမယ်"

"ဟယ် ... ရန်ကုန်၊ ဟုတ်လား မမ"

"အေးလေ ... မမက ဟိုမှာ meeting ရှိသေးတယ် ရှိန်းရဲ့၊ နောက်ပြီး ပစ္စည်းသစ်တွေက ဝင်နေတာ၊ မမ မရှိလို့ မဖြစ်ဘူး၊ ဒါပေမဲ့ မမက ဟိုမှာကိစ္စပြတ်တာနဲ့ ဒီပြန်လာမှာပါ"

ရှိန်းက ခေါင်းတဆတ်ဆတ် ညိတ်ပြရင်း မမကို နားလည်ပါတယ်ဆိုတဲ့ သဘောဖြင့် တစ်ချက် ရွှန်းရွှန်းစားစား ကြည့်ကာ ...





"ဟုတ်ကဲ့ပါ၊ မမကို နားလည်ပါတယ်၊ ဟွန်း ... ဒါပေမဲ့ ရှိန်းက မမနဲ့လျှောက်လည်ဖို့ စိတ်ကူးထားတာ သွားပါပြီ ... ဟင့် ဟင့်"

ကလေးဆန်စွာ ပြောနေသည့် ရှိန်းရဲ့မျက်နှာလေးကို ငေးကြည့်နေရင်းနှင့် စိမ်းပြာသည် နူးညံ့စွာပြုံး၍ ...

"မမ ပြန်လာရင် သွားတာပေါ့နော်၊ မမ အလွန်ဆုံးကြာ ဟိုမှာ တစ်ပတ်ဆယ်ရက်ပေါ့"

"အိုခေ ... ပြီးရော၊ အဲဒါဆို ရှိန်း ရေသွားချိုးလိုက်ဦးမယ်"

ရှိန်းသည် မြူးကြွခုန်ပေါက်ကာ အပေါ်ထပ်သို့ တက်သွားလျှင်တော့ စိမ်းပြာသည် လုပ်လက်စ အလုပ်တွေကို ဆက်လုပ်နေတော့သည်။ ခဏအကြာမှာတော့ စိမ်းပြာရဲ့ဘေးနားမှာ ဘွားဘွားက လာထိုင်ကာ ...

"မြေးကို ဘွား ပြောစရာရှိလို့ကွယ်"

ဘွားဘွားရဲ့စကားကြောင့် စိမ်းပြာသည် လုပ်လက်စ အလုပ်ကို ချက်ချင်းရပ်လိုက်ပြီးနောက် ဘွားဘက်သို့ မျက်နှာလှည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဘွား၊ ပြောပါ"

"စိမ်းလေးကို ဘွားက သင့်တော်သူနဲ့ နေရာချထားပေးချင်တယ်၊ မြေးလေးမှာ ရည်ရွယ်ထားသူများ ရှိသလား"

ဘုရားရေ ... ဘယ်လိုမှ ထင်မထားသော အမေးကြောင့် စိမ်းပြာသည် နည်းနည်းအံ့ဩသွားရပေသည်။ စိမ်းပြာက ဘယ်လိုဖြေရမှာလဲ။

"မရှိပါဘူး ဘွားဘွား"

"ဟုတ်ပြီ၊ ဒါဆိုရင် ဘိုးနဲ့ဘွားက စိမ်းလေးကို စီစဉ်ပေးမယ် ဆိုရင်ကော ဘွားကတော့ ဘွားမြေးအကြီးဆုံးလေးကို စိတ်ချချင်ပြီ"

"ဟို ... ဒီကိစ္စကို စိမ်း ရန်ကုန်က ပြန်လာမှပဲ ဆက်ပြောရအောင် ဘွားရယ်၊ စိမ်း စဉ်းစားပါရစေဦး"

"အေးကွယ် ... ဘွားကတော့ မြေးကို အရမ်းမျှော်လင့်ထားတာနော်"

ဘွားရဲ့စကားကို စိမ်းပြာဟာ မချိုပြုံးတစ်ခုနှင့်သာ ခေါင်းညိတ်ပြလိုက်ရတော့သည်။ စီးပွားရေးလုပ်ငန်းတွေကို အောင်





မြင်စွာ ဦးစီးလုပ်ကိုင်နေသော စိမ်းပြာရဲ့ဘဝမှာ အချစ်ဆိုတာကို မတွေ့လိုက်ပါဘဲ လက်ထပ်ရမှာလား။

ဟင့်အင်း ... အဲဒီလိုမျိုးတော့ မဖြစ်ချင်ပါ။

ဒါပေမဲ့ ဘွားဘွားရဲ့ဆန္ဒကလည်း အရေးပါ အရာရောက်နေခဲ့ပါသည်။

❣ ○ ❣



www.burmeseclassic.com

www.burmeseclassic.com



## ဖေဖော်ဝါရီ(၅)ရက်နေ့

ရှိန်းသည် မနက်ပိုင်းက မမ ရန်ကုန်ဆင်းမည့်ကိစ္စနှင့် အကြို့အပို့ လုပ်နေရတာကြောင့် စပ်(ဝ်)နေ့အတွက် ဖေဖော်ဝါရီ(၅)ရက်နေ့ လက်ဆောင်လေးကို ညနေမှပဲ ပို့နိုင်တော့သည်။ ရှိန်းရဲ့ informer မေခနှင့် ရွှေစင်တို့နှင့် နေ့လယ်ကတည်းက contact ပြတ်နေတာကြောင့် ဒီကနေ့တော့ တစ်ကိုယ်တော် လှုပ်ရှားရမှာ ဖြစ်ပါသည်။

ဘယ်ကနေ ဘယ်လိုစလို့ စရမှန်းမသိသေးသော ရှိန်းဟာ ဒီအချိန်ဆို စပ်(ဝ်)နေခ သေချာပေါက်ရှိနိုင်သည့် သူ့အိမ်ဆီကိုပဲသွားကာ သူ့ခြံနား မလှမ်းမကမ်းမှာ ကားကိုရပ်ထား





ပြီး အကဲခတ်နေတာဖြစ်သည်။ ရှိန်းက ဘာလုပ်ရမလဲ စဉ်းစားနေချိန်မှာပဲ ဖုန်းလေးရဲ့မြည်သံကြောင့် ရှိန်းက ဖုန်းကိုင်လိုက်ရတော့သည်။

"ဟယ်လို"

"ဟား ဟား ... ကောင်မလေးတစ်ယောက် ညနေစောင်းနေပြီလေ၊ သူများအိမ်ကို အဲဒီလို ခိုးကြောင်ခိုးဝှက်ချောင်းမနေစမ်းပါနဲ့၊ သိက္ခာကျတယ်"

ဖုန်းဆက်သူမှာ ရွှေစင် ဖြစ်သည်။ ရှိန်းသည် ဆတ်ဆတ်ထိမခံသော လေသံဖြင့် သူ့ကို ဟောက်စားလုပ်ရန် နှုတ်ခမ်းတစ်ချက် မဲ့လိုက်ကာ ...

"ဟဲ့ ... ချောင်းရအောင် ငါက ဟမ် ... ရွှေစင် နင်ဘယ်မှာလဲ၊ ငါ့ကို ဘယ်ကနေ ချောင်းနေတာလဲ"

"အဟဲဟဲ ... နောက်ဆုံးတော့လည်း ဆရာတွေပဲ အားကိုးရတာမှလား ရှိန်းရယ်၊ ကဲ ... ပြောမယ်၊ အခု နင် ခကို ပစ္စည်းပေးဖို့ ခက်နေတယ်မှလား၊ ငါပြောသလိုလုပ်၊ အခု ကားကို စက်နှိုးလိုက်"



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းသည် ရွှေစင်ရဲ့ အထူးအဆန်းစကားကြောင့် သူမ ပြောသည့်အတိုင်းပင် ကားကို စက်နှိုးလိုက်ပြီး ...

"ပြီးပြီ ... ဘာဆက်လုပ်ရမှာလဲ"

"တဖြည်းဖြည်းချင်း ဘီးလိမ့်လာခဲ့၊ ငါက stop ဆိုတာနဲ့ ဘရိတ်နင်းလိုက်တော့ OK စတော့"

ရှိန်းသည် ရွှေစင် ပြောသည့်အတိုင်းပင် ခပ်နှေးနှေး ကားကိုမောင်းလာရင်း နေစံအိမ်ကို ကျော်လောက်ပြီ ဆိုသည်နှင့် ရွှေစင့်ဆီက အသံဆက်ထွက်လာသည်။

"stop ... ဟော့ ပြီးရင် အခု တံခါးဖွင့်ထားတဲ့ ခြံထဲကို မောင်းလာခဲ့ ရှိန်းလေး"

"ဟဲ့ ... ငါ့ကို အချွန်နဲ့ မ,နေတာလား မမတို့"

"ရော် ... ကိုယ့်ချစ်သူငယ်ချင်းလေး ဒုက္ခရောက်အောင် လုပ်ပါ့မလားကွယ်၊ ကဲ ... အဲဒီအိမ်ရဲ့ဝရန်တာကို တစ်ချက် မျှော်လိုက်စမ်း"

ရှိန်းသည် ရွှေစင့် ပြောစကားအရ ဝရန်တာကို လှမ်းကြည့်လိုက်ရာ ပုံစံမျိုးစုံဖြင့် ပြောင်ပြနေကြသော မေခနှင့်





ရွှေစင်တို့ကို တွေ့ရလေသည်။ သူမတို့ကိုမြင်မှ စိတ်ချယုံကြည်စွာဖြင့် ကားကို ခြံထဲသို့ သွင်းလိုက်သည်။

ရှိန်းကို မေခနှင့် ရွှေစင် အပြင် အမျိုးသမီးလေး တစ်ယောက်ကပါ ပေါ်တီကိုအောက်ထိ ဆင်းကြိုကာ မေခက ရှိန်းရဲ့ပခုံးကိုဖက်ကာ ...

"ကျုပ်တို့က ပါရမီ ဖြည့်ပေးထားတာနော်၊ ပေးမယ့်ပစ္စည်း သာ ယူလာခဲ့"

မေခရဲ့စကားကို နားမထောင်နိုင်သေးဘဲ ရှိန်းဟာ သိချင်ဇောဖြင့် အလောသုံးဆယ် မေးရလေတော့သည်။

"နေပါဦး ... ဒါက ဘယ်သူ့အိမ်လဲဟင်"

"မိတ်ဆက်ပေးရဦးမယ်၊ ဒါက နန်းချယ်ရီရွှေတဲ့ ဒီအိမ် ပိုင်ရှင်၊ ပြီးတော့ ငါနဲ့ ဆွေမျိုးနီးစပ်တော်တယ်"

ရွှေစင်ရဲ့ မိတ်ဆက်ပေးမှုကြောင့် ရှိန်းသည် နန်းချယ်ရီရွှေ ဆိုသည် အမျိုးသမီးလေးကို ရင်းနှီးစွာ တစ်ချက်ပြုံးပြကာ ...

"တွေ့ရတာ ဝမ်းသာပါတယ်"



www.burmeseclassic.com

"ဟုတ်ကဲ့ ... ဝမ်းသာပါတယ်၊ ချယ်ရီ့ကိုလည်း ရွှေစင်တို့ကို ခင်သလို ခင်ပါနော်"

"ကဲပါ ... ဒီနေ့အတွက် လုပ်ငန်းစရအောင်၊ လာ ... အပေါ်ထပ် သွားကြစို့ဟေ့"

ရွှေစင်ရဲ့ဦးဆောင်မှုဖြင့် ရှိန်းတို့သည် အပေါ်ထပ်သို့ တက်လာကာ ဝရန်တာရောက်လျှင်တော့ ရွှေစင်က ရှိန်းရဲ့ပခုံးကို ခပ်ဖွဖွ ဖက်လိုက်ပြီး ...

"ကဲ ... ရှိန်း၊ ခ,တို့ ခြံထဲကို တစ်ချက်ကြည့်လိုက်စမ်း သူ ဘာလုပ်နေလဲ"

ရှိန်းက လှမ်းလို့ကြည့်လိုက်လျှင် မြက်ခင်းပြင်ကျယ်ကြီးမှာ ချထားသော ကျောက်စားပွဲဝိုင်းလေးမှာ မိန်းကလေးတစ်ယောက်နှင့် ပြုံးရွှင်ကာ bingo ဆော့နေပါလား။ အဲဒီမြင်ကွင်းကြောင့် ရှိန်းရဲ့စိတ်ထဲမှာ ဝမ်းနည်းသလို ရှိလို့သွားသည်။

ဘုရားရေ ... အဲဒါ ဘာခံစားမှုမျိုးကြီးပါလိမ့်။

ညနေခင်းအချိန်မို့ အအေးဓာတ် လှမ်းစပြုလာပြီဖြစ်သောကြောင့် သူ ပြင်ဦးလွင်ရဲ့အေးချမ်းမှုနှင့်အပြိုင် အဖြူ





နှင့်အနက်ကွက် စပ်ထားသော ဆွယ်တာလေးကို ဝတ်ဆင်ထားပါသည်။

"အရေးမပါတဲ့သူပါဟာ၊ သူ့နာမည်က မောချိုရည်တဲ့၊ ခ,နဲ့ ငယ်ပေါင်းကြီးဖော်လေ၊ အဲဒီသူကတော့ ခ,ကို မျှော်လင့်နေတာပေါ့"

မေခက ရှိန်းရဲ့ဖီလင်တွေကို ရိပ်မိသွားလို့ပဲ ဒီစကားပြောတာလားတော့ မသိပါ။ ရှိန်းသည် ဘာမှမဖြစ်ဟန် ပခုံးတစ်ချက်တွန့်ကာ ရယ်သွမ်းသွေးလိုက်ပြီး ...

"ကဲ ... ထားပါ၊ သူ့ကို ငါ ဘယ်လိုပစ္စည်းပေးရမှာလဲ၊ နင်တို့ idea ကို အားကိုးမယ်နော်"

"ဟဲ ဟဲ .. ဒီကလေး အမြင်မှန် ရလာပြီပဲ၊ ပြောပြမယ်၊ ဒီလိုလေ"

ရွှေစင်က ရှိန်းနှင့် ခေါင်းချင်းဆိုင်ကာ အကြံအစည်တို့ကို ပြောပြလျှင် ရှိန်းသည် အရမ်းကို သဘောကျသွားပြီး အိတ်ထဲက ဒီနေ့ ခ,အတွက် ရည်ရွယ်ထားသော လက်ဆောင်ဘူးလေး ထုတ်လိုက်ကာ ...



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ရော့၊ အားကိုးပါတယ်"

"ဟား ... ရင်ခုန်စရာလေးပါလားဟေ့"

မေခတို့ရဲ့ ချီးမွမ်းမှုကြောင့် ရှိန်းက အသာပြုံးနေခဲ့ပါသည်။ ဒီနေ့ ရှိန်းပေးမယ့်ပစ္စည်းက Cross ဘောပင်ထည့်သောဘူးလေးကိုယူကာ အဲဒီဘူးထဲမှာ အသည်းပုံ အကန့်လေးငါးခုထည့်၍ အဲဒီအကန့်လေးထဲမှာ အသည်းပုံရောင်စုံဂျယ်လီလေးငါးခု ထည့်ထားသောပုံစံ ဖြစ်သည်။ တန်ဖိုး ဘယ်လောက်မှ မရှိပေမယ့် archi ပီသစွာ romance ဆန်ဆန် ဒီဇိုင်းအလှဆင်ကာ ပါကင်ထုပ်ထားသောကြောင့် ရင်ခုန်စရာတော့ ကောင်းလှပါသည်။

မေခက ခ,ကို ပစ္စည်းပေးဖို့အတွက် ဖော့ပြားနှင့်သတင်းစာလိပ်ကို ယူလာကာ ပြင်ဆင်လေတော့သည်။ ရှိန်းရဲ့ပါကင်ဘူးလေးကို ဖော့ပြားခံပြီးမှ သတင်းစာထဲထည့်ကာ ကျစ်ကျစ်လစ်လစ်နှင့် ချိုချဉ်ထုပ်ပုံသဏ္ဍာန် လိပ်ပြီးနောက် ရှိန်းရဲ့လက်ထဲသို့ ထည့်ပေးကာ ...

"အိုကေ ... နင်က သူတို့ဆီရောက်အောင် ဒါကို ပစ်ဖို့ပဲကျန်တော့တယ်"





ရှိန်းက ခ,တို့ရှိတဲ့ နေရာထိရောက်အောင် ပစ်နိုင်ပါ့မလား။ ရှိန်းသည် ကိုယ့်လက်အချိန်အဆကို မယုံရဲဘူး ဖြစ်နေသည်။

"ဟဲ့ ... ရှိန်း၊ ပစ်လိုက်တော့လေ"

ရှိန်းက ခေါင်းတစ်ချက်ညိတ်ကာ အားယူ၍ သူတို့ရှိရာကို ပစ်လိုက်တော့သည်။ ရှိန်း ပစ်လိုက်တဲ့အရှိန်က အားကောင်းစွာနှင့်ပဲ ခ,ရဲ့မျက်နှာချင်းဆိုင်မှာ ထိုင်နေသော ဟိုမိန်းမရဲ့ခေါင်းကို တိန်ခနဲ ထိပြီးသွားမှ စားပွဲပေါ်ကို ကျလေသည်။ ခ,ကတော့ ဘယ်ကနေ ဘယ်လိုကျလာမှန်း မသိတဲ့ သတင်းစာလိပ်ကို ကိုင်ကြည့်ရင်းက တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့် သတင်းစာကို ဖြန့်ချလိုက်လျှင်တော့ ရှိန်းရဲ့လက်ဆောင်လေးကို သူ တွေ့သွားလေသည်။

ဟယ် ... သူ ပြုံးနေတယ်။ ဒါ ... ဒါဆို ရှိန်းရဲ့လက်ဆောင်တွေကို ကျေနပ်နေတယ်ဆိုတဲ့ သဘောမျိုးပေါ့နော်။ ရှိန်းသည် အဲဒီအတွေးကြောင့် ရင်တွေခုန်လာကာ သူနှင့် ဖုန်းပြောချင်စိတ်တွေ အရမ်းကို ပေါ်ပေါက်လာတော့သည်။

❣ ○ ❣



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းပြာရောင် ဆိုတာ ဘယ်လိုမိန်းကလေးမျိုးပါလိမ့်။ သူ့အတွက်တော့ အဆန်းတကြယ် ဖြစ်စေသော မိန်းကလေးမျိုး ဖြစ်ပါသည်။ ဒီနေ့ဆို သူ့ကို ပစ္စည်းပေးသွားတဲ့ ပုံစံဟာ တကယ့်အဆန်းပင်။ မိန်းကလေးတစ်ယောက်အတွက် ဒီလောက်ထိ စဉ်းစားနေရတာဟာ သူ့ဘဝမှာ ဒါ ပထမဆုံးဖြစ်သည်။

ရှိန်းပြာရောင် ဆိုသည့် မိန်းကလေး သူ့အတွေးထဲကို ဝင်ရောက်လာတာဟာ ရက်ပိုင်းပဲ ရှိသေးပေမယ့် သူ တော်တော် စိတ်ဝင်စားနေရတာဖြစ်သည်။ ပြီးတော့ သူမရဲ့လက်ဆောင်ပစ္စည်းတွေဟာ သူ့စိတ်ကို အတော်လွှမ်းမိုးထားနိုင်စွမ်းရှိသည်။ ဒါပေမဲ့ သူမဟာ ဒီပစ္စည်းတွေကို ဘာရည်ရွယ်ချက်နဲ့ ပို့ပေးနေရတာလဲ။ ပြီးတော့ သူ့ကိုကော ဘာလို့ လူထွက်မပြရတာလဲ။





"သားရေ ... ခ,၊ ဖုန်းလာနေတယ် ကိုင်လိုက်ဦး"

မေမေက အခန်းတံခါးခေါက် လှမ်းပြောလျှင် ခ,သည် အတွေးစတို့ ပြတ်တောက်ကာ မေမေ့ကို လှမ်းမေးလိုက်သည်။

"ဘယ်သူတဲ့လဲ မေမေ"

"မသိဘူး၊ ဖုန်းကိုင်လိုက်ပါ"

ခ,သည် အိပ်ရာဘေးမှ ကော့ဒ်လက်စ်ဖုန်းလေးကို ကိုင်ကာ နားထောင်လိုက်တော့သည်။

"ဟယ်လို"

"စပ်(ဝ်)နေခ ... ကောင်းသောညပါနော်"

ချိုရှရှနှင့် နောက်တစ်ခါ ထပ်နားထောင်ချင်စရာကောင်းသည့် အသံမျိုးလေးဖြစ်သည်။ သူ့ဆီကို ဒီလိုပဲ မိန်းကလေးတွေ ဆက်လေ့ဆက်ထ ရှိကြပါသည်။ ဒါပေမဲ့ သူ့ဟန်းဖုန်းကိုပဲ ဆက်သည်။ အိမ်ဖုန်းကိုတော့ ဘယ်သူကမှ ဆက်လေ့မရှိပါ။ ခ,သည် စိတ်ရွှင်လန်းရင်တော့ ကိုယ့်ဆီဖုန်းဆက်သောကောင်မလေးတွေကို နည်းနည်းပါးပါး အီတတ်ပါသည်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



အခု သူက ဟိုပစ္စည်းတွေနှင့် အုံးစားနေရတာကြောင့် ဖုန်းပြောချင်စိတ် သိပ်မရှိပါ။ ဒါပေမဲ့လည်း သူက ဘယ်သူလဲ ဆိုတာကိုတော့ မေးဖြစ်ပါသည်။

"ဘယ်သူပါလဲ"

"ဘယ်သူလို့ ထင်လဲ"

ဩော် ... အရေးထဲ။ သူ့ကို ရိတိတိ လာမေးနေသေးတယ်။

"ဆောရီးကွာ၊ နောက်မှပဲ ပြန်ဆက်ပါလား၊ ကျွန်တော် ဖုန်းပြောချင်စိတ် မရှိသေးလို့ပါ"

"တို့က ရှိန်းပြာရောင် ဆိုရင်တော့ ရှင် ဖုန်းပြောချင်မလားပဲ"

ဟင် ... ရှိန်းပြာရောင်။ သူဟာ ဒီနာမည်ကြားလိုက်တာနှင့် ခုတင်ပေါ်မှာ ခပ်လျော့လျော့ ထိုင်နေရာကနေ ဆတ်ခနဲ ကောက်ထထိုင်ကာ ...

"မင်း ... မင်းက ကျွန်တော့်ဆီ ဘာလို့ပစ္စည်းတွေ ပို့ပေးနေတာလဲ၊ ဘာကြောင့်လဲ"





"အင်း ... ဘာလို့ ပို့ပေးတာလဲဆိုတော့ ရှင့်ကို စိတ်ဝင်စားတတ်တဲ့ အတတ်ပညာကို တတ်စေချင်လို့၊ ဒါဆိုရင်တော့ ဘာကြောင့်လဲဆိုတဲ့ မေးခွန်းအတွက် ဖြေဖို့မလိုတော့ဘူး ထင်တယ်"

ဘယ်လို ... သူ တကယ်ပဲ အံ့အားသင့်သွားတော့သည်။ စိတ်ဝင်စားတတ်တဲ့ အတတ်ပညာတဲ့။ ဘာအထာလဲ ?။

"နေစမ်းပါဦး၊ ကျွန်တော့်ကို စိတ်ဝင်စားတတ်တဲ့ အတတ်ပညာ တတ်စေချင်လို့ဆိုတဲ့ အဓိပ္ပာယ်ကို ရှင်းစမ်းပါဦး"

"ဩော် ... ကြားရသလောက်တော့ ရှင်က အရာရာကို ပေါ့ပျက်ပျက်နဲ့ စိတ်မဝင်စားတတ်ဘူးဆိုတော့ တို့က ရှင် စိတ်ဝင်စားတတ်လာအောင် ဖန်တီးတဲ့သဘောပါ၊ အခုလည်း တို့ ပို့ပေးတဲ့ ပစ္စည်းတွေကြောင့် မင်း အရမ်း စိတ်ဝင်စားနေတယ်လေ"

ဟင် ... သူဟာ ပိုလို့ပင် အံ့အားသင့်သွားရတော့သည်။ သူ့စိတ်ကို အပိုင်သိပါတယ်ဆိုတဲ့ သဘောဖြင့် အပီကြီး အပိုင်ကြီး လာပြောနေပါလား။ သူက စကားကြီး စကားကျယ် ပြောနေသော သူမကို ဘုဆတ်ဆတ်လေသံဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



“မင်းကို ကျွန်တော်က စိတ်ဝင်စားတယ်လို့ မပြောမိပါဘူး၊ ကျွန်တော့်အတွက် ဒီလိုပစ္စည်းမျိုးကို ခဏခဏ ရခဲ့ဖူးပါတယ်”

“ရှင့်ကိုလည်း တို့က လူကို စိတ်ဝင်စားနိုင်းနေတာ မဟုတ်ပါဘူး၊ ရှင့်ကို ကောင်မလေးတွေက ဆပ်ပရိုက်(စ်)ဖြစ်အောင် ပစ္စည်းတွေ ပို့ပေးနေကြတာက သူတို့စိတ်ကူးနဲ့ သူတို့ နေမှာပေါ့ ...

တို့ ရှင့်ကို ပစ္စည်းတွေ ပို့ပေးနေတယ် ဆိုတာက တို့ရဲ့ပစ္စည်းလေးတွေ ရှင့်ဆီ ဘယ်လိုဘယ်ပုံ ရောက်လာတယ်ဆိုတဲ့ စိတ်လှုပ်ရှားမှုရောနေတဲ့ စိတ်ဝင်စားမှုပေးချင်ရုံပဲ”

“ဟား ဟား ... မင်းက ရုပ်ရှင်တွေကြည့်၊ ဝတ္ထုတွေဖတ်ပြီးတော့ စိတ်ကူးယဉ်ကြည့်ချင်တာနဲ့ တူတယ်၊ ဟိတ် ... အဲဒါ လက်တွေ့မှာ မဖြစ်နိုင်ဘူးကွ၊ အဲဒီရုပ်ရှင်တွေကို ကျွန်တော်လည်း ကြည့်ဖူးပါတယ် ... ဟင်း ဟင်း”





“ဘာလဲ ... ရှင်က တို့ကို စိတ်ကူးယဉ်ဆန်ပြီး လျှောက်လုပ်နေတယ် ထင်လို့လား၊ အဲဒါဆိုလည်း စောင့်ကြည့်လိုက်လေ၊ ရှင် ကြည့်ဖူးတဲ့ ရုပ်ရှင်တွေထဲကလိုပဲ၊ နောက်ဆုံးမှာ ရှင်က စိတ်ဝင်စားမှုတွေ အပြည့်အဝ ရှိလာမှာပါ”

သူက ဟားခနဲ အာမေဋိတ်တစ်ချက်ပြုကာ ဆံပင်တွေထဲကို လက်ထိုးသွင်း၍ ဖွပစ်လိုက်ပြီး ...

“ကိုယ် ဘယ်မိန်းမကိုမှ အထင်မကြီးသလို အထင်လည်း မသေးဘူး၊ မင်းရဲ့လုပ်ဆောင်ပုံတွေက ကျွန်တော့်အတွက် မထူးခြားနိုင်ဘူး အချိန်ကုန်မခံပါနဲ့ ရှိန်းပြာရောင် ...

ကျွန်တော်က မင်းရဲ့လက်ဆောင်တွေကို အီမိုရှင်နယ်လ် ဖြစ်လောက်တဲ့အထိ စိတ်မဝင်စားပါဘူး”

“အေးပါ၊ အချိန်တွေ ကျန်သေးတာပဲ၊ တို့ကတော့ ရှင့်ကို ဆယ့်လေးရက်နေ့အထိ ပစ္စည်းတွေ ပို့ပေးနေမှာပဲ၊ အဲဒီ ဆယ့်လေးရက်ဆိုတဲ့ အချိန်ကာလမှာ ရှင်ဟာ စိတ်ဝင်စားမှုတွေတသီကြီးနဲ့ ကျွန်မကို အထင်ကြီးလာမှာပါ စပ်(ဝ်)နေခ”



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေတဲ့ ဒီမိန်းကလေးဟာ ဘယ်လိုမျိုးလေးပါလိမ့်။ လျှို့ဝှက်ပြီး စိတ်ဝင်စားစရာကောင်းအောင် ဖန်တီးချက်များဟာ သူလိုလူအတွက်တော့ နဲဗားမိုင်းပဲ ဖြစ်ပါသည်။

"ကျွန်တော့်ကို အခုလို လက်ဆောင်တွေ ပို့ပေးနေတာကို ကျေးဇူးတင်ပါတယ်၊ မင်းရဲ့လက်ဆောင်တွေက ကျွန်တော့်အတွက် အသုံးဝင်မှာပါ"

သူက ဘာရည်ရွယ်ချက်နဲ့ ပြောတယ် ဆိုတာကို သူမက ရိပ်မိစွာဖြင့် တဟားဟား ရယ်မောကာ ...

"မနက်ဖြန်မှာလည်း ရှင် ဒီလိုစကားပြောနိုင်ပါစေ စပ်(ဝ်)နေခ ... good night နော်"

သူမက ဖုန်းချသွားပါသည်။ ခ,သည် မိုက်တီမိုက်ကန်းနှင့် သူ့ကို မထီတရီစကား ပြောသွားသော ရှိန်းပြာရောင်ကို သူက စိတ်မဝင်စားပါဘူး ထိုင်ပြောနေပေမယ့် တကယ်တမ်းတော့ သူဟာ သူမကို အရမ်းစိတ်ဝင်စားမိနေပြီ ဖြစ်ပါသည်။

❣ ○ ❣





## ဖေဖော်ဝါရီ(၆)ရက်နေ့

"ဒါက ဘယ့်လဲ ရှိန်း"

ဘွားဘွားရဲ့ လှမ်းအမေးကြောင့် ရှိန်းရဲ့ခြေလှမ်းတို့ တုံ့ခနဲ ရပ်လိုက်ကာ ဘွားဘွားကို မျက်နှာချို သွေးလိုက်ရသည်။

အင်း... ဘွားဘွားတော့ ဆူတော့မယ်။ ဟုတ်လည်း ဟုတ်တာပဲ၊ ရှိန်းဟာ ပြန်ရောက်ကတည်းက အိမ်ကပ်တယ်ရယ်မှ မရှိတာ။

"အဟဲ ... သူငယ်ချင်းတွေဆီပါ ဘွားဘွား"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန့် ... ညည်းမလည်းနော်၊ တစ်နေကုန် အပြင်ထွက်နေတာ၊ ဒီနေ့တော့ ဘွားနဲ့အတူ အလှူတစ်ခု လိုက်ခဲ့၊ ပြန်လာမှသွား၊ ကြားလား"

ရှိန်းသည် စိတ်တော့ညစ်သွားရပြီဖြစ်သည်။ ဘွားဘွားရဲ့ အမိန့်ကိုတော့ လုံးဝလွန်ဆန်လို့ မရချေ။ ရှိန်းသည် လေးလေးတွဲ့တွဲ့ဖြင့်ပင် ခေါင်းတစ်ချက်ညိတ်ကာ ...

"ဟုတ် ... ဘယ်အချိန် သွားရမှာလဲ ဘွား"

"တော်နေကြာ သွားမယ်၊ ဘုရားနေကဗာတင်သွားမှာနော် မြန်မာဆန်ဆန်လေး ဝတ်ခဲ့၊ ငါ့မြေးက လှပြီးသားပါ၊ သွား ... မြေးလေး၊ ပြင်ဆင်တော့"

ရှိန်းက ခေါင်းတစ်ချက်ဆတ်ကာ အပေါ်ထပ်ကို ပြန်တက်လာကာ အခန်းထဲဝင်၍ ဘွားနှင့်သွားဖို့ ပြင်ဆင်ရတော့သည်။

မျက်နှာကတော့ ခုနက ပြင်ပြီးသားမို့ မလိုအပ်တော့ပါ။ ဘွားဘွားက မြန်မာဆန်ဆန်ဝတ် ဆိုတော့ ဘာဝတ်ရမလဲ။





ရှိန်းက ရွှေရင်းနှင့်ပင် အညိုဖျော့ဖျော့ hand made ချည်ထိုးအဆင် ဝမ်းဆက်ကို ဝတ်ဆင်လိုက်တော့သည်။ ဆံပင်တွေကိုတော့ half စည်းကာ ငွေဆံညှပ်လေးညှပ်ပြီး ဆလင်းဘက် အိတ်လှလှတစ်လုံးကို ကောက်လွယ်လိုက်ရင်ဖြင့် ပြီးပြည့်စုံသွားချေပြီဖြစ်သည်။

ရှိန်းသည် လိုရမယ်ရ ဒီကနေ့အတွက် လက်ဆောင်ထုပ်လေးကိုတော့ ယူသွားမှဟု အတွေးဝင်လာကာ အိတ်ထဲသို့ ထည့်လိုက်တော့သည်။

အဲဒီအတွေးဟာ ရွှေချလောက်အောင်ပဲ ချစ်စရာကောင်းလှကြောင်း ရှိန်း ပြီးတော့မှ သိရတော့သည်။

ရှိန်းသည် အားလုံးပြင်ဆင်ပြီးနောက် အောက်ထပ်သို့ ပြန်ဆင်းလာလျှင် ဘွားဘွားက အဆင်သင့် စောင့်နေကာ ရှိန်းကို တစ်ပတ်လှည့်ကြည့်လိုက်ပြီး ...

"ရှိန်းလေးတောင် အရွယ်ရောက်ပြီး အရမ်းကို လှလာတာပဲ၊ ငါ့မြေးလေးတွေအတွက် ဘွား အရမ်းပီတိဖြစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းက ဘွားရဲ့ချီးမွမ်းစကားကို ကျေနပ်စွာ နားထောင်ပြီး အသာပြုံးနေလိုက်သည်။ ရှိန်းသည် ဘွားဘွားနှင့်အတူ ဘုရားနေကဇာတင်ပွဲကို သွားလိုက်လျှင် ရှိန်းဟာ အံ့သြရင်ခုန်စရာအဖြစ်တို့နှင့် ကြုံလာရတော့သည်။

ဘွားဘွားရဲ့မိတ်ဆွေရင်း အလှူဆိုလို့ ဘယ်သူလဲ ကြည့်ရင်တော့ ရှိန်း အံ့တောင် အံ့သြသွားရတော့သည်။ အလှူရှင်ဟာ စပ်(ဝ်)နေခရဲ့အချစ်ဆုံးသူငယ်ချင်း ကောင်းဖဲရဲ့အိမ်ဖြစ်လို့နေပေသည်။ ပြီးတော့ ဒီထက် အံ့သြစရာကောင်းတာက အဲဒီအလှူမှာ ရှိန်းတို့မရောက်ခင် စပ်(ဝ်)နေခက တင်ကြိုရောက်နှင့်နေတယ်။

ကဲ ... ရှိန်း ဘာလုပ်ရမလဲ။ ဘာလုပ်သင့်သလဲ။

အိုက်ဒီယာတစ်ခုကတော့ ထွက်ပါသည်။ ဒါပေမဲ့ အဲဒါတွေကို ဖန်တီးနိုင်ဖို့ ရှိန်း ဘာလုပ်ရမလဲ။ အင်း ... ယောကျ်ားတစ်ယောက်ရဲ့အချစ်တွေ၊ စိတ်တွေ ကိုယ့်ဆီကို ရောက်လာနိုင်ဖို့ ကြိုးစားရတဲ့ မိန်းကလေးတစ်ယောက်ရဲ့ဒုက္ခကို ကိုယ်ချင်းစာနိုင်မှာပါ။ ရှိန်း အဖြစ်ကလည်း အဲဒီလိုမျိုးပဲဖြစ်သည်။





"သမီးလေး ထပ်ထည့်ဦးလေ"

ရှိန်းကို အပြုံးချိုစွာဖြင့် ဖော်ရွေစည့်ဝတ်ပြုနေကြသော အဲဒီအမျိုးသမီးကြီးကိုကြည့်၍ အကြံတစ်ခုရသွားပြီး ရှိန်းသည် အင်မတန် ချိုလွန်းသည့် အပြုံးတစ်ခုကို ပြုံးပြ၍ ...

"ဟုတ်ကဲ့ ... သမီး ဝပါပြီ အန်တီ ...

ကျေးဇူးတင်ပါတယ်"

"အေးကွယ် ... သမီးလေးက သိပ်လိမ္မာရေးခြား ရှိတာပဲ မေမေရေ၊ ဖွားနန်းရဲ့မြေးလေးက အရမ်းချစ်ဖို့ ကောင်းတာပဲ"

ရှိန်းရဲ့လိမ္မာပုံ၊ ထူးချွန်ပုံတွေက ကြွားနေသော ဘွားဘွားကို စိတ်ထဲကတော့ကျိတ်၍ ကျေးဇူးတင်ရပေသည်။ စပ်(ဝ်)နေခနှင့် အခုလို တစ်မိုးအောက်မှာ ရှိနေတယ်ဆိုတာ သူ တစ်ယောက်ကတော့ သိပုံမပေါ်ပါ၊ ခဏနေရင်တော့ ရှင် သိရပါလိမ့်မယ်၊ စပ်(ဝ်)နေခရယ်။

"သမီး အားရင် အိမ်လာလည်နော်၊ အန်တီက ညှော်ခံချင်လွန်းလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... အန်တီ ... အန်တီက ပန်းပင်လေးတွေကို နှစ်သက်တယ် ထင်တယ်၊ ပန်းအိုးနဲ့ ပန်းအလှပြင်ထားတာတွေကို တွေ့ရလို့ မေးတာပါ အန်တီ၊ စိတ်မဆိုးပါနဲ့နော်၊ ရှိန်းလည်း ပန်းအိုးအလှထိုးတဲ့ပညာကို ဝါသနာပါလို့ပါ"

ကိုယ်က ဝှင်(ခွင်)ဝင်အောင် ရှာကြံပြောရတာကို ကောင်းဖုံရဲ့အမေက ဝါသနာတူဆိုပြီး ရွှင်မြူးသွားသော မျက်နှာဖြင့် ရှိန်းကို ဖော်ရွေပျူငှာစွာ လက်တွေကိုကိုင်၍ ...

"ဟယ် ... အဆင်သင့်တာပေါ့၊ အန်တီလည်း ပန်းအလှပြင်ရတာကို သိပ်ဝါသနာကြီးတာ၊ အိမ်က ပန်းအိုးတွေတိုင်းမှာ ပန်းအစစ်ကိုပဲ သုံးတယ်၊ ဟော ... ဟိုဘက်ထောင့်နားက ပန်းတွေဆို အန်တီရဲ့စိတ်ကြိုက်ဒီဇိုင်းပေါ့"

အိုကွယ် ... အဆင်ကတော့ သင့်လိုက်ပါသဘိ။ ကောင်းဖုံရဲ့အမေ လက်[illegible]ညွှန်ပြသော နေရာကလည်း စပ်(ဝ်)





နေခရဲ့ဘေးထောင့်မှာ တင်ထားသော အလှပန်းအိုးကြီးကို ဖြစ်သည်။ ရှိန်းကလည်း ဒီယုန်မြင်လို့ ဒီချုံထွင်ပြီးသားမို့ မြှောက်ပင့်ပြောရတော့သည်။

"အရမ်းလှတာပဲ အန်တီရယ်၊ အဝေးကြည့်တောင် ဒီလောက်လှတယ်၊ မြင်လိုက်တာနဲ့ ရင်ထဲပါ ငြိမ်းချမ်းသွားတယ်"

"အဲဒါလေးက မလေးရှားသစ်ခွကို နှင်းဆီအငုံလေးတွေနဲ့ စပ်ပြီး ဒီဇိုင်းဆင်ထားတာ၊ သမီးစိတ်ဝင်စားရင် သွားကြည့်လေ"

အိုခေ ...။ သူ့ထက်ကောင်းတာတောင် သူ့လောက်မကောင်းဘူးဟု ပြောရမလိုပင်။ ရှိန်းက "ဟုတ်ကဲ့ အန်တီ"ဟု ဆိုပြီးကတည်းက အိတ်ထဲမှ ပါကင်ထုတ်လေးကို အသာထုတ်လိုက်ပြီး အဲဒီပန်းအိုးရှိရာကို သွားလိုက်သည်။ ရှိန်းသည် အလှပန်းအိုးလေးနားကိုသွားကာ ပန်းတွေကို လေ့လာသလိုနှင့် စပ်(ဝ်)နေခကို အကဲခတ်နေတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုဆို စပ်(ဝ်)နေခနှင့် ရှိန်းမှာ လက်တစ်ကမ်းအကွာတွင် ရှိနေကြသည်။ သူတို့က သူတို့အုပ်စုနှင့် သူတို့ ပျော်မြူးနေကာ ဘေးနားမှာ ရှိန်း ရှိနေတာ သိတဲ့ပုံတောင်မပေါ်ပါ။

"အမိုးရေ ... ဒီမှာ ဟင်းရည်ထည့်ပေးပါဦး"

ကောင်းဇံရဲ့အသံကို ရှိန်း ကြားလိုက်ရလျှင်ဖြင့် ရှိန်းဟာ ပြုံးယောင်သမ်းကာ ဟင်းရည်လာထည့်ပေးသည့် အမိုးဆိုသော ကောင်မလေးရဲ့ အကာအကွယ်ကိုယူကာ စပ်(ဝ်)နေခရဲ့ ဘေးနား မကျတကျကို အသာမှေးကပ်ရင်း ရှိန်း လက်ထဲမှ ပါကင်ထုပ်လေးကို သူ့ရဲ့ဘေးမှာ အသေအချာ ထားခဲ့ပြီး တစ်ချက် အကဲခတ်လိုက်သည်။

လုံးဝကိုသတိထားမိပုံမရပါ။ အိုခေ ... ရှိန်းသည် အဆင့်တစ်ဆင့်ကိုတော့ အောင်မြင်စွာ ထပ်ဖြတ်သန်းနိုင်သွားပြီ။ ကောင်းဇံရဲ့အမေကတော့ ရှိန်းရဲ့အပြုအမူကို သတိထားမိတဲ့ပုံတော့ မပေါ်ပါ။ ရှိန်းသည် ကျေနပ်စွာပြုံး၍ ကိုယ့်စားပွဲဝိုင်းဆီကို ပြန်လာကာ ကောင်းဇံရဲ့အမေကို ရှင်မြူးသောလေသံဖြင့် ...





"အရမ်းလှတာပဲ အန်တီ၊ ဒီလို ဒီဇိုင်းမျိုးလေးက ဆန်းတယ်နော်"

ရှိန်းက ချီးမွမ်းမြှောက်ပင့် ပြောရင်းကနေ စပ်(ဝ်)နေခတို့ဝိုင်းကို တစ်ချက်လှမ်းကြည့်လိုက်လျှင်တော့ ကိုယ်တော်က ရှိန်းထားခဲ့တဲ့ ပါကင်ထုပ်လေးကို တွေ့သွားချေပြီ၊ ခမျာမှာ ဒီအထုပ် ဘယ်ကရောက်ဆိုတဲ့ အတွေးနှင့် ကျီးကန်းတောင်းမှောက်လိုက်ကြည့်နေတာ သနားစရာတောင် ကောင်းလှပေသည်။

ဘာပဲဖြစ်ဖြစ် သူ့ကို ရင်ခုန်စေချင်တာဟာ ရှိန်းရဲ့ဆန္ဒအစစ်ပဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ သူနဲ့ပတ်သက်တဲ့အကြောင်း အကုန်ပဲ"

ခ,သည် ကောင်းဖံတို့ အလှူအပြီးမှာတော့ ကောင်းဖံတို့ကို အိမ်သို့ခေါ်လာပြီး ရှိန်းပြာရောင် ဆိုသည့် ကောင်မလေးနှင့် ပတ်သက်သမျှကို မခြွင်းမချန် ပြောပြလိုက်တော့သည်။ အစကတော့ သူက အသေးစား ရှော့လေးဆိုပြီး အထင်သေးခဲ့သမျှ ဒီတစ်ခါတော့ တော်တော်လန့်သွားတာဖြစ်သည်။

"ဒါဆိုရင်တော့ အဲဒီကောင်မလေးက ထူးခြားတာပေါ့ကွ"

ဇေလင်းရဲ့စကားကြောင့် သူက ကျစ်တစ်ချက်စုပ်သပ်ကာ ခေါင်းယမ်းလိုက်ရင်း ...

"မထူးခြားပါဘူးကွာ၊ မင်းတို့ကလည်း စွတ်အထင်ကြီးနေတော့တာပဲ"





"ဟား ... အထင်ကြီးရမယ်ကွ၊ မင်းဘေးနား ကပ်ပြီး ပစ္စည်းထားသွားနိုင်တယ် ဆိုကတည်းက အရည်အချင်းကနိုင်းလောက် ရှိပြီနော့"

အင်း ... သူကသာ အမှန်ကို လက်မခံချင်၍ စုံမှိတ် ငြင်းနေပေမယ့်လည်း တကယ်တော့ ဒီနေ့ကိစ္စကို သူလည်း နည်းနည်းတော့ ကျွတ်ကျဲသွားသည်။ ဘယ်တော့မှ ငြင်းခွင့်မရှိဘဲ အမြဲလက်ခံနေရတဲ့ ဒီပစ္စည်းတွေရဲ့ပိုင်ရှင် ရှိန်းပြာရောင်ကို သူ တဖြည်းဖြည်းနှင့် စိတ်ဝင်စားလာတော့သည်။

ခ,သည် လေပူတစ်ချက် မှုတ်ထုတ်ကာ ပါကင်ပိတ်ထားသည့် အပြာရောင်ဖဲကြိုးချည်ထားသော ပို့စ်ကတ်လေးမှာတော့ မြင်နေကျ စာသားလေးတွေကို တွေ့ရလေသည်။

"To ... Satt Nay Kha

From ... Shane Pyar Youn

Subject ... 6th Feb:"

အဲဒီပါကင်အိတ်လေးထဲမှာတော့ အသည်းပုံချောကလက်တုံးလေး ခြောက်ခုက သူ့ကို သူတို့သခင်မရဲ့အောင်နိုင်



www.burmeseclassic.com

www.burmeseclassic.com



မှုအတွက် လျှာထုတ်ပြောင်ပြနေသလိုပင်။ မင်းက ငါ့ကို စိန်ခေါ်နေတာလား ရှိန်းပြာရောင်။

"မင်း ငြီးသွားပြီလား ခ,"

"အာ ... ငြီးစရာလားကွာ၊ ဒီလို ဒီနိုင်းမျိုးကို မဆန်းပါဘူး၊ သူ့ကို ဘယ်လိုပြောမလဲ၊ ဟိုဟာကွာ၊ သူ့စိတ်ကူးလေးတွေက မဆိုးဘူးဆိုတဲ့ အတွေးမျိုးလောက်ပဲ ဝင်တာပါ"

"ဟာ ... ဒါနဲ့ ရှိန်းပြာရောင်က ငါတို့အလှူမှာ လာပေးသွားတယ်ဆိုတော့ အမေနဲ့အဘွားကို မေးကြည့်လိုက်ရင် သူ ဘယ်သူလဲ အဖြေထွက်ပြီပေါ့"

ခ,သည် ကောင်းဖရဲ့ ပြောစကားကို ထောက်ခံစွာ ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။ ဒါပေမဲ့ ဘာအာရုံတွေရဲ့ ကာဆီးထားမှုကြောင့်လဲတော့ မပြောတတ်ပါ။ သူ ချက်ချင်းကြီး ရှိန်းပြာရောင် ဘယ်သူဆိုတာကိုတော့ မသိချင်သေးပါ။ အခုတလော သူ့ကောင်မလေးတွေနှင့် သိပ်မတွဲဖြစ်ဘဲ ခဏ ဖြတ်ထားချိန်မှာ ဒီအငြိဇယားလေးက ရင်ကို ဆတ်ခနဲ လာမုန်လေသည်။ ဒါကြောင့် အကွက်နည်းနည်း ချေ့မလားလို့ သူ တွေးမိသည်။





"မမေးနဲ့ ကောင်းဖ၊ သူ့ကို ငါ နည်းနည်းချေ့ကြည့်မလားလို့၊ သူ ဘယ်သူလဲ စဉ်းစားတာပေါ့ကွ၊ သူ့ကို အမိဖမ်းပြပြီး အငြိလန်းကြည့်လားလို့ ... အဟဲ"

"ဟား ... ဟုတ်တော့ ဟုတ်နေပြီ၊ ခ,တစ်ယောက်တော့ ဒါ နောက်ဆုံးအချစ်ပဲ ထင်ပါတယ် ဆိုသလို ဖြစ်ပြီထင်တယ်၊ အေးပါ ... ငါတို့ဘက်ကလည်း Pormise ၊ မင်း ရှိန်းပြာရောင်ကို ဘယ်သူလဲဆိုတာ မသိချင်မချင်း ငါလည်း အိမ်ကို မမေးဘူး"

ခ,က "Thank you" ဟု ခပ်တိုးတိုးဆိုကာ ရှိန်းပြာရောင်ရဲ့ဆဋ္ဌမမြောက်လက်ဆောင်ကို အသာငေးကြည့်နေမိသည်။ မိန်းမတစ်ယောက်အတွက် ဒီလောက် တွေးမိနေပြီ ဆိုတာဟာ အဲဒီမိန်းမကို စိတ်ဝင်စားနေလို့ဆိုတဲ့ စကားတစ်ခွန်းကို သူ ကြားခဲ့ဖူးသည်။

ဟုတ်လား ... အဲဒီလို ဖြစ်နေပလား။ သူက ရှိန်းပြာရောင်ကို စိတ်ဝင်စားမိနေတယ်ပေါ့။ သူမကို သူမရဲ့စိတ်ကူးဆန်းလေးတွေကြောင့် သူက စိတ်ဝင်စားမိသွားတာ ဖြစ်နိုင်လောက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အဲဒီ interest ဆိုတဲ့ စကားလုံးရဲ့နောက်မှာ ဘာတွေရှိနိုင်မလဲ။

ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ ...

မိန်းမတစ်ယောက်ဟာ ဘယ်သူလဲ ဆိုတာကို ကိုယ်စိတ်ဝင်စားတတ်လာခဲ့ပြီဖြစ်သည်။





## ဖေဖော်ဝါရီ(၇)ရက်နေ့

အခုနောက်ပိုင်းမှာတော့ ရှိန်းဟာ သူ့ဆီ စိတ်ဝင်စားမှုကတစ်ဆင့် စွဲလမ်းမှုကိုပါ အရယူနိုင်ဖို့အတွက် အကွက်ဆန်းလေးတွေဖြင့် ထိုးဖောက်ယူနိုင်ဖို့အတွက် နေ့တိုင်းကို အကြံတွေ ထုတ်နေတာဖြစ်သည်။

စပ်(ဝ်)နေခ အတွက် ရည်ရွယ်ထားသည့် ဒီနေ့ ဖေဖော်ဝါရီလက်ဆောင်ကို အထူးအကွက်ဆန်းဖြင့် ဖန်တီးထားဖို့ ဘော်ဒါတွေနှင့်ပါ ညှိထားပြီးဖြစ်သည်။

ရှိန်းသည် အားလုံးပြင်ပြီးဆင်ပြီးသွားချိန်မှာ ကိုယ့်ကိုယ်ကိုယ် မှန်ထဲကြည့်လိုက်လျှင်တော့ မမှတ်မိနိုင်လောက်အောင် ရှိန်းရဲ့ပုံစံက ကွဲပြားလို့ သွားချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါးတွေကို ထူပိန်းနေအောင် လိမ်းထားကာ ဖြစ်သလို ထုံးထားသည့် ဆံထုံးနှင့် ခပ်စုတ်စုတ် ရင်ဖုံးအင်္ကျီ၊ ထဘီနှင့် ကတ္တီပါညှပ်ဖိနပ်လေး။

အဲဒါတွေက လန်ထွက်နေသည့် ရှိန်းရဲ့ပင်ကိုစတိုင်လ်တွေကို အားလုံး ကာချလိုက်ကာ ပုံတုံးဒီဖိုင်း ရှိန်းဖြစ်အောင်ကို တမင်ဖန်တီးယူထားတာဖြစ်သည်။

သေချာ ဇာတ်တိုက်ထားပြီးသားဖြစ်၍ မေခတို့လည်း အသင့်ဖြစ်နေပြီ။ အားလုံး ready ဆိုရင် ရှိန်းနှင့် မေခက ကားပေါ်က ဆင်းလိုက်ကာ လွယ်အိတ်ဆလွယ်သိုင်းကာ ခြင်းတွေကိုင်၍ နေစံအိမ်ရှိရာသို့ လျှောက်လာခဲ့တော့သည်။

ခြံတံခါးကိုတော့ စပ်(ဝ်)နေခ ကိုယ်တိုင် ဖွင့်မယ် ဆိုတာ ချယ်ရီတို့ ဝရန်တာကနေကြည့်ပြီး သိခဲ့တာဖြစ်သည်။ သူတို့ခြံစောင့်က အနောက်ဘက်မှာ ရှင်းလင်းရေးတွေ လုပ်နေတာကို တွေ့ထားပြီးသား။

ဒီတော့ကား အခုနေ လူခေါ်ဘဲလ် လေးတီးလိုက်လျှင် မြက်ခင်းပြင်က ဒန်းလေးပေါ်မှာ စာထိုင်ဖတ်နေတဲ့ စပ်(ဝ်)နေခ ကိုယ်တိုင်ပဲ တံခါးလာဖွင့်ပေးရတော့မှာပေါ့။





ရှိန်းသည် လျှပ်စစ်ဘဲလ်လေးကို တီးလိုက်လျှင် မျှော်လင့်ထားသလိုပင် စပ်(ဝ်)နေခက တံခါးလာဖွင့်ပေး။ မင်းသားက ရှိန်းတို့ရဲ့ပုံစံတွေကို အကဲခတ်ကာ မေးဆတ်ပြရင်း မာဆတ်ဆတ်လေးသံဖြင့် ...

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

"ဟို ... ဒါ ဦးစိုင်းလုံတို့ ခြံလားဟင်"

"မဟုတ်ဘူး၊ မင်းတို့ ခြံမှားနေတယ်"

"ဒါ ... ဒါဆို ဒီနားမှာ ဦးစိုင်းလုံ ဆိုတာ မရှိဘူးလားဟင်"

ရှိန်းရဲ့အထိတ်ထိတ် အလန့်လန့် ပုံစံကြောင့် သူက တောသူလေးတွေဆိုတဲ့ အဓိပ္ပာယ်ပါသော မျက်လုံးဖြင့်ကြည့်ရင်း ပါးကို တစ်ချက်ကုတ်ကာ ...

"ကျွန်တော် သိသလောက်တော့ ဒီပတ်ဝန်းကျင်မှာတော့ ဦးစိုင်းလုံ ဆိုတာ မရှိဘူး"

"ဟယ် ... ဒုက္ခပါပဲ၊ ကျွန်မတို့က နယ်ကလာတာပါ၊ ဒါ ... ဒါဆို လိပ်စာမှားသွားတာလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းရဲ့ငိုမဲ့မဲ့အပြောကို ခမျာမှာ သနားသွားတယ် ထင်၏။ အစကတော့ ရှုပ်ရှုပ်ယှက်ယှက်ဆိုပြီး ဘုဆတ်ဆတ် ဖြေနေရာကနေ စူးစမ်းသလို တစ်ချက်ကြည့်၍ ...

"မင်းတို့မှာ လိပ်စာပါလား"

အိုခေ ... လိုချင်တဲ့ခွင်ထဲကို တည့်တည့်ပစ်ကျတာ ပဲ။ ရှိန်းသည် မေခကို လက်အသာတို့လိုက်ရင်ကနေ အားတက် သွားသောပုံဖမ်းရန် ထက်ထက်မိုးဦးရဲ့ ကြော်ငြာထဲကလိုပဲ"ဒါမှ ကျုပ်မောင်ကြီးတော့"ဆိုတဲ့ အားရသံဖြင့် ...

"ပါ,ပါတယ်ရှင့် ပါ,ပါတယ်၊ လိပ်စာက အိတ်ထဲမှာပါ၊ ခဏနော် ထုတ်လိုက်မယ်၊ ဩော် ... ပစ္စည်းတွေကတစ် မှောင့်နဲ့ မိအေးရေ ... ရော့ ကူပါဦး"

မေခကို ပါးစပ်ထဲတွေ့ရာနာမည် ကောက်ခေါ်ကာ ခြင်းတောင်းကြီးကို မေခ လက်ထဲထည့်၍ ရှိန်းကတော့ မနိုင် မနင်း ပစ္စည်းတွေ လက်မဆန့်အောင် ထုတ်နေတာကို ကြာလာ တော့ သူက စိတ်မရှည်တော့သည့်အပြင် ကိုယ်ချင်းစာစိတ်တစ် ဝက်၊ အမြင်မတော်တာ တစ်ဝက်ရောနေသည့် လေသံဖြင့် ...





"ကဲ ... ကျွန်တော် ပစ္စည်းတွေ ကူကိုင်ထားပေးပါ့မယ်၊ ခင်ဗျားသာ လိပ်စာရှာ"

Yes ... ကျေးဇူးပါ့စပ်(ဝ်)နေခရေ။ ရှင် ဘယ်တော့ မှ ဒီလိုပြောမလဲ စောင့်နေရတာ။

"ကျေးဇူးပါနော်၊ တကတဲ လိပ်စာက ရှာမတွေ့ဘူး ဖြစ် နေတာ"

ပြောလည်းပြောရင်း ခြင်းတောင်းထဲမှာ အသာထည့် ထားသည့် သတ္တုမမြောက်လက်ဆောင်အဖြစ် ပေးဖို့ရည်ရွယ်ထား သည့် ပန်းစည်းလေးကို စပ်(ဝ်)နေခရဲ့လက်ထဲသို့ တခြားပစ္စည်း လေးတွေနှင့် ရော၍ထည့်ပေးလိုက်တော့သည်။

သူကတော့ ရှိန်းတို့ ဖရိုဖရဲဖြစ်နေလို့ ကူညီပေးတာ ဖြစ်ပြီး သူ့လက်ထဲရောက်နေတဲ့ ပစ္စည်းတွေကို တစ်ချက်လေး တောင် ငုံ့မကြည့်ပါ။ ရှုပ်လိုက်တာဆိုတဲ့ မျက်နှာထားမျိုးနှင့် စိတ်မရှည်သော အထာပေါက်နေချိန်မှာ ကြိုတင်ချိန်းဆိုထားသည့် အတိုင်းပင် ရွှေစင်ရဲ့ကားလေးက ရောက်ချလာပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... နင်တို့က ဒီဘယ်လိုရောက်နေတာလဲ၊ ကား ဂိတ်မှာ နင်တို့ကို သွားရှာသေးတယ်၊ မတွေ့လို့ အိမ်ရောက် နေလားဆိုပြီး ပြန်လာရင်းက ဒီနားမှာ တူပါတယ် ကြည့် တယ်၊ နင်တို့ကိုး၊ လာဟော့ မြန်မြန်၊ အဘ စောင့်နေတယ်"

ရွှေစင်နှင့် အဖော်ကောင်မလေးတစ်ယောက်က ရှိန်း တို့ရဲ့ပစ္စည်းတွေကို ဝရန်းသုန်းကား ကားပေါ်တင်၍ ရှိန်းတို့ကို အရမ်းအရေးကြီးဟန် ကားပေါ်တက်ခိုင်းလျှင် ရှိန်းက စပ်(ဝ်)နေ လက်ထဲက ပစ္စည်းတွေကို ပြန်ယူကာ ...

"ကျေးဇူးတင်ပါတယ် အစ်ကို"

သူက ခေါင်းတစ်ချက်အဆတ် ရှိန်းကလည်း သူ့ ဖို့ ပန်းစည်းလေးကို အောက်မှာပစ်ချကာ ကားပေါ်တက်လိုက် လျှင်တော့ အမြန်မောင်းထွက်သွားတော့သည်။

သူက ပြုတ်ကျကျန်ရစ်ခဲ့သည့် ပန်းစည်းလေးကို ကောက်ယူကာ လှမ်းအော်ပေးတာကို ရှိန်းတို့ကြားနေရပါသည်။ ဒါပေမဲ့ သူ သဘောပေါက်သွားတာ ထင်သည်။





ရှိန်းရဲ့ပို့စ်ကတ်လေးထဲမှ စာသားလေးတွေကို မြင် လိုက်သောအခါ သူ ငြိမ်သက်သွားတာကို မြင်နေရသည်။

"To ... Satt Nay Kha

From ... Shane Pyar Youn

Subject ... 7th Feb:"

... တဲ့။ အဲဒီစာသားတွေဟာ သူ့ရဲ့ခွဲလမ်းမှုတွေ ဖြစ်လာဖို့ အခြေခံအုတ်မြစ်ဆိုတာ ရှိန်းက သိနေတာကြောင့် အခုလို စီစဉ်တာဖြစ်သည်။

သူ့ရင်ထဲ ဒါမှမဟုတ် ဦးနှောက်ထဲမှာ ရှိန်းပြာရောင် ရှိနေတယ်ဆိုတာ သေချာသွားအောင် ဒီညတော့ ဖုန်းပြောကြည့် ရပါဦးမည်။

❣○❣



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... ဘာလဲ၊ ဒီနေ့ ကျွန်တော့်ဆီ လာခဲ့တဲ့သူက မင်းကိုယ်တိုင်ပဲလား၊ မင်း ဝန်ခံလိုက်ပါ ရှိန်းပြာရောင် ... ဟုတ်လား"

သူ့ရဲ့အသည်းအသန် မေးခွန်းတွေကြောင့် သူမက တစ်ခဏတော့ တိတ်ဆိတ်ငြိမ်သက်သွားပြီးမှ ပီသရှင်းလင်းသော စကားသံဖြင့် သူ့ကို ဖြေရှင်းချက် ထုတ်သွားပါသည်။

"တို့ပါပဲ စပ်(ဝ်)နေခ၊ ရှင့်ကို တစ်ပတ်ရိုက်သွားလို့ ရှင် မခံချိမခံသာ ဖြစ်နေတာပါ၊ အဲဒီအတွက်တော့ ရှင် serious သိပ်မဖြစ်ပါနဲ့ ...

ဘာလို့လဲဆိုတော့ ရှင် တို့ရဲ့လက်ဆောင်ကို တစ်ခု ရလိုက်ပြီးတိုင်း အီမိုရှင်နယ်လ်တစ်ခုတော့ ကျန်နေခဲ့မှာ မလို့ပါ"





သူက လေပူတစ်ချက် မှုတ်ထုတ်ကာ လသာဆောင်ဘက်သို့ ထွက်လာခဲ့သည်။ အအေးဓာတ် ရစ်သိုင်းနေသည့် ပတ်ဝန်းကျင်ထဲမှာ သူကတော့ ရင်တွေမအေးသလိုပင်။ ဒီမိန်းကလေးဟာ သူ့အတွက် ထူးခြားသူ ဖြစ်နေပြီလား။ အား ... အဲဒီလိုမျိုးတော့ အဖြစ်မခံချင်ပါ။

"ရှိန်းပြာရောင် ... မင်းက ကိုယ့်ကိုယ်ကိုယ် သိပ်အပိုင်တွက်လွန်းနေတယ်၊ စိတ်ချ ... ကျွန်တော်ကလည်း မင်းပေးချင်သလို စိတ်ဝင်စားတဲ့ အတတ်ပညာကို ဘယ်တော့မှ စိတ်ဝင်စားမှာ မဟုတ်ဘူး၊ မင်းဘက်က ဘယ်လောက်ပဲ ဆပ်ပရိုက်(စ်)ပေးပေး ကျွန်တော်က don't care ပဲ"

"လောကမှာ ကိုယ့်ကိုယ်ကိုယ်တော့ ညာလို့မရပါဘူး၊ ကဲပါ ... အဲဒါက ထားပါတော့၊ ရှင်နဲ့ တို့က ဂိမ်းတစ်ခု ကစားနေတယ်လို့ပဲ သဘောထားပေါ့၊ တို့ကလည်း တို့ ပြောပြီးသားစကားအတွက် တို့ ရှင့်ဆီကို ဆယ့်လေးရက်နေ့အထိ စိတ်လှုပ်ရှားမှုရောတဲ့ စိတ်ဝင်စားမှုဖြစ်ဖို့ ပစ္စည်းတွေ ပို့ပေးနေဦးမှာပဲ၊ ဆယ့်လေးရက်နေ့ရောက်မှ game



www.burmeseclassic.com

www.burmeseclassic.com



over ဆိုတာ ဖြစ်မှာ၊ အဲဒီတော့မှ အနိုင်အရှုံး ဆုံးဖြတ်လို့ ရမှာပေါ့”

ရှိန်းပြာရောင်။ ဘာလဲ ... သူမနှင့် စကားပြောတိုင်း သူ့စိတ်တွေ ဘာလို့ အုံကြွလာရတာလဲ။ သူ့ကို အဲဒီမိန်းကလေးက စိန်ခေါ်တယ်ဆိုတဲ့သဘောပေါ့။ မင်း မှားသွားလိမ့်မယ် ရှိန်းပြာရောင်။ ကျွန်တော့်အတွက် အချစ်ဆိုတာ ဖန်ဂေါ်လီလိုပဲ ပေါ့ပါတယ်။

“မင်းက ဘာဖြစ်ချင်တာလဲ၊ ကျွန်တော့်ကို စိန်ခေါ်နေတာလား”

“နိုး ... စိန်မခေါ်ပါဘူး၊ တို့က ရှင့်အတွက် နားလည်ရခက်တဲ့ သူတစ်ယောက် ဖြစ်ကောင်းဖြစ်လိမ့်မယ်၊ ဒါပေမဲ့ ရှင့်ကို အကြံဉာဏ်ကောင်းတွေ ပေးနိုင်တယ်၊ မိတ်ဆွေကောင်းတစ်ယောက် ဆိုတာကိုတော့ ယုံပါ၊ တို့ ရှင့်ကို ခင်ပါတယ်”

“ကျွန်တော်နဲ့ မင်း မိတ်ဆွေတွေ ဖြစ်လာရင် မင်းက အခု လုပ်နေတဲ့ အစီအစဉ်တွေ ရပ်ပစ်မှာလား”





သူ့ရဲ့ခပ်တိုးတိုး အမေးကြောင့် သူမက အသာရယ်မော၍ ...

“အို ... မဆိုင်လိုက်တာ၊ တို့က မိတ်ဆွေဖြစ်ဖို့အတွက် ဒီပစ္စည်းတွေ ပို့ပေးနေတာမှ မဟုတ်တာ”

“ရှိန်းပြာရောင် ... ကျွန်တော့်ကို မင်း ဘယ်လိုသိခဲ့တာလဲ၊ မင်းက ဒီမြို့ခံကော ဟုတ်ရဲ့လား”

“ဘယ်လို ထင်လို့လဲ”

အမေးကို အမေးနဲ့ ပြန်ချည်ပြီး မေးခွန်းထုတ်တာလောက် မုန်းစရာ အမြင်ကတ်စရာကောင်းသော ကိစ္စမရှိပါ။ ဒါပေမဲ့ သူက ထူးဆန်းစွာပင် သူမကို စိတ်မဆိုးမိပဲ ပြုံးတောင် ပြုံးမိသွားသည်။

သူမနှင့် စကားပြောရတာဟာ Espresso သောက်ရသလိုမျိုး ခါးစိမ့်စိမ့်နှင့် မက်မောစရာမျိုး ဖြစ်သည်။

“ကျွန်တော်က မေးတာလေ ဖြေပေါ့”

“အဟား ... ဟုတ်ပါပြီ ဖြေပါ့မယ်၊ တို့ ရှင့်ကို ဘယ်လိုသိတာလဲ ဆိုတာကတော့ သိပ်ထူးဆန်းတာ မဟုတ်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒီမြို့လေးရဲ့ ဒိတ်ဒိတ်ကြဲ king တစ်ယောက်ကို သိနေတယ် ဆိုတာမျိုးလောက်ပါပဲ၊ နှာမည်ကြီးဖြစ်တဲ့ ရှင့်ရဲ့ image တွေကိုလည်း တို့သိတယ်ဆိုတာ ဆန်းလို့လား စပ်(ဝ်)နေခရဲ့ ...

အင်း ... ပြီးတော့ တို့က ဒီမြို့မှာမွေးပြီး ဒီမြို့မှာ ကြီးပြင်းတဲ့ ဒီမြို့သူစစ်စစ်ပါ၊ တို့ ဘယ်ကိုပဲ ရောက်နေ ရောက်နေ ပြင်ဦးလွင်က တို့ရဲ့ဇာတိမြို့လေးပါ"

"ဇာတိမြို့ ... ဒါဆိုရင် မင်းက ဒီကို အလည်လာတဲ့ သဘောလား ရှိန်းပြာရောင်"

"ဒီမှာက တို့ရဲ့မိသားစုဝင်တွေ ရှိနေသေးတယ်လေ၊ တို့အိမ်ကို တို့ပြန်လာတာ၊ အလည်လာတာတော့ မဟုတ်ပါဘူး"

စကားကို အဓိပ္ပာယ်နှစ်ခွထွက်အောင် ပြောတတ်တဲ့ သူမနှင့် သူဟာ ရှေ့ဆက်ကော ဘယ်လိုစခန်းသွားဦးမှာပါလိမ့်။ သူ့အတွက် မှတ်မှတ်ထင်ထင် ဖြစ်ခဲ့တဲ့ ရှိန်းပြာရောင်ဆိုသော မိန်းကလေးရဲ့ ပုံပန်းသဏ္ဌာန်ကို သူ တွေ့ဖူးချင်လာခဲ့သည်။ အဲဒါကြောင့် သူ့ဘက်က စကားစလိုက်တော့သည်။





"မင်းနဲ့ ကျွန်တော် တွေ့ချင်တယ်"

"ဆယ့်လေးရက်နေ့ တွေ့ကြမယ်လေ၊ ရှင် မတွေ့ချင်ပါဘူး ဆိုရင်တောင် တို့က လာတွေ့ဖို့ အစီအစဉ် ရှိပါတယ်၊ စပ်(ဝ်)နေခ၊ သိပ် worry မများပါနဲ့"

ဆယ့်လေးရက်နေ့။ အဲဒါ သူ့မွေးနေ့ပဲ။ သူ့အကြောင်းတွေကို သိနေတဲ့ သူမက သူ့ birthday ကော သိနိုင်သလား။

"ဆယ့်လေးရက်နေ့က ဘာနေ့လဲဆိုတာ မင်း သိလား"

"ဗယ်လင်တိုင်းလေ ... ဩော် ... ဒါနဲ့ ပြောရဦးမယ်၊ ရှင့်မွေးနေ့ဖြစ်တဲ့ ဆယ့်လေးရက်နေ့ကို အနောက်နိုင်ငံက လူတွေက ဘာလို့ဗယ်လင်တိုင်းဒေးလို့ ခေါ်သလဲ ဆိုတာ သိလား"

ဝိုး ... သူ ဖျားချင်သွားပါသည်။ သူ့မွေးနေ့ဆိုတာကို သူမ သိနေသည့်အပြင် ဗယ်လင်တိုင်းကိုတောင် definition ဖွင့်ပြချင်လို့ သူ့ကိုတောင် စကားတောက်နေသည်။ သူ့အထင်တော့ သူမက ဒိုင်ဖွင့်တတ်သော ဉာဏ်ကောင်းသည့် ကောင်မလေးဖြစ်မည် ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတွေးကြောင့် သူက ...

"ပြောကြည့်ပါဦး"

"သိချင်သွားပြီပေါ့၊ အိုခေ ... နောက်ရက်ကျရင် ရှင့်ကို တို့ ပြောပြမယ်၊ အခု မပြောပြဘူး ဆိုတာက ရှင့်ကို စဉ်းစားချိန် ပေးထားတဲ့ သဘောပါ"

"ဟူး ... မင်းကတော့ကွာ"

"ကဲ ... ကဲ ... တို့ ဖုန်းချလိုက်ပြီနော်၊ ရှင် အိပ်မက် လှလှ မက်ပါစေ"

သူက ဘာမှပြန်မပြောရသေးခင်မှာ သူမက ဖုန်းချလို့ သွားခဲ့ပါသည်။ မနက်ဖြန်ကျရင်ကော သူမ ဘယ်လိုပုံစံနှင့် သူ့ဆီအရောက် ပို့ပေးဦးမှာပါလိမ့်။

သူ့ရဲ့ စိတ်ဝင်စားခြင်း သစ်ပင်လေးဟာ တစ်နေ့ ပြီးတစ်နေ့ ရှင်သန်ကြီးထွားလာနေပြီ ထင်ပါသည်။



BURMESE CLASSIC .com



## ဖေဖော်ဝါရီ(၈)ရက်နေ့

တစ်နေ့ပြီးတစ်နေ့ ပုံစံမျိုးစုံဖြင့် ရောက်လာတတ်တဲ့ ပစ္စည်းလေးတွေကို သူဟာ အခုဆို မျှော်နေတတ်ပြီဖြစ်သည်။ ရှိန်းပြာရောင် ဆိုသော ကောင်မလေးရဲ့ ရှစ်ရက်မြောက် ဖေဖော်ဝါရီလက်ဆောင်ဟာ ဘာများဖြစ်လိမ့်မလဲဆိုပြီး သူဟာ မိုးလင်းကတည်းက မျှော်လင့်စိတ်ကူးနေမိသည်။ သူ့ရဲ့ဘဝထဲကို ခြေတစ်လှမ်းချကာ နှလုံးသားထဲကို စိတ်ကူးဆန်းများဖြင့် ချဉ်းနင်းဝင်ရောက်လာတဲ့ သူမအတွက် သူ့စိတ်တွေက ဘာများဖြစ်နေပြီလဲ။

သူ့အတွက် ရှိန်းပြာရောင် ဆိုတာဟာ ဘယ်လောက်ထိ အရာရောက်နေပြီလဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတွေးတွေနှင့် သူက စားပွဲပေါ်မှာ တင်ထားသော လက်ဆောင်(၇)ခုကို ငေးကြည့်နေမိခဲ့သည့်အချိန်မှာပဲ ဖုန်းမြည်သံကြောင့် သူက ဖုန်းကိုင်လိုက်ရတော့သည်။

"ဟယ်လို"

"မောနင်း ... တို့ကို ဒီနေ့ ယူ့ရဲ့အချိန်တွေ ပေးပါလား၊ တို့ အသုံးပြုချင်လို့ ...

ဖြစ်မလား mysun လေး"

ဟိုက် ... သူ့ကို my sun လေးလို့ ခေါ်တာဟာ သူမတစ်ယောက်ပဲရှိသည်။ သူမ ... သူမဆိုတာဟာ သူ့ရဲ့ငယ်ပေါင်းကြီးဖော် လတ်တလော သူ့ရည်းစား မောချိုရည်ပင်ဖြစ်သည်။ ဘာမှန်းညာမှန်းမသိ စွတ်ပြောတတ်ကာ သူ့ကိုလည်း နွဲ့ဆိုး ဆိုးချင်သေးတာမို့ သူက စိတ်ပျက်ကာ လွှတ်ထားတာကြာပြီဖြစ်သည်။

အခုမှ သူမက ဘာလာကြောင်တာလဲ။

"ဟေး ... မေးနေတယ်လေကွာ၊ အဖက်လေး ဘာလေးလုပ်ပြီး ပြန်ဖြေပါဦး"



BURMESE CLASSIC .com



"အင်း ... ဆောရီးပဲ မောရယ်၊ ကိုယ် မအားဘူး"

"ဟင် ... ခ,ကလည်းကွာ၊ ဒီနေ့ မောနဲ့ လျှောက်လည်ကြမယ်လေ၊ မအားလည်း မောအတွက် အအားထားလိုက်ကွာ ... နော်"

ခ,သည် အရစ်တက်တဲ့ မိန်းကလေးမျိုးဆို သိပ်စိတ်ပျက်မိပါသည်။ သူတို့ရဲ့ လုတပတ မျက်နှာလေးတွေနှင့် မလိုက်အောင် စိတ်ကောက်ရတာနှင့် အလိုမကျရတာနှင့် သိပ်ရှုပ်ပါသည်။ ကြာလာသောအခါ သူတို့က ချစ်ဖို့ထက် ပစ်ဖို့ပဲ ကောင်းတော့သည်။

တစ်ခါမှ သူတို့တွေကို "ရည်းစားစကား"မပြောခဲ့ဖူးသော သူ့အနေဖြင့် ကောင်မလေးတွေကို နားလည်မှုနှင့် တွဲကြတာကို လူတွေက တစ်မျိုးသော အမြင်တွေနှင့် သူ့ကိုကြည့်ကြသည်။

အဲဒီအတွက် worry မများသော သူက ဒီလိုပဲ ကိုယ့်နားရောက်လာတတ်တဲ့ ကောင်မလေးတွေနှင့် အီစီကလီတွဲကြတာမျိုးပဲ ဖြစ်သည်။ ဒါကို မလိုသူတွေက S.K.B (ဆော်ကြည်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ)ဆိုတာကတစ်မျိုး၊ Lady killer ဆိုတာကတစ်သွယ် ဝိသေသ မျိုးစုံဖြင့် အထူးပြုကာ သူ့ကို ထောပနာပေးနေကြတာဖြစ်သည်။

"ခ ... သွားမယ်နော်လို့ ... နော်"

သူက မောရဲ့စကားသံကို ထပ်ကြားရလျှင် ခေါင်း တစ်ချက်ယမ်းကာ ဝရန်တာဘက်သို့ ထွက်လာလိုက်ပြီးမှ ...

"ဆောရီးပါဘဲ မောရာ၊ ကိုယ် ဒီနေ့က တကယ်မအား ဘူး၊ ဒီတိုင်းဆို မောကို ကိုယ့်အချိန်တွေ ပေးတာပေါ့၊ မောမှ ကြိုမပြောထားတာ"

BURMESE CLASSIC .com

သူက အီတီတီ စကားလုံး ပစ်သွင်းလိုက်လျှင် မောဆီမှ စကားသံ ဆိတ်သွားပြီး ညှဉ်းသွဲ့သွဲ့ရယ်သံလေးတစ်ခု ဖြစ်လာပြီးမှ ...

"အင်းပေါ့လေ ... mysun လေးက မအားဘူးဆိုတော့လည်း နေပါစေတော့၊ ဒါပေမဲ့ မောအတွက်တော့ နောက်ရက် အချိန်ပေးရမှာနော်"

ကဲ ... ဟုတ်သော်ရှိ မဟုတ်သော်ရှိ ခွီးဦးမှပါ။

"အား ... ပေးရမှာပေါ့၊ မောအတွက်ပဲဟာ"





"ဟွန့် ... ပိုပြီ"

"အဟား ... ဟား၊ အိုခေ ဒါဆို ကိုယ်ဖုန်းပိတ်လိုက်မယ် ... Bye နော်"

မောရဲ့စကားကိုတောင် ဆက်နားမထောင်တော့ဘဲ သူက ခပ်သွက်သွက် ဖုန်းပိတ်လိုက်တော့သည်။ သူ့ရဲ့ဖုန်းလေးက အနားမရသေးရှာဘဲ တစ်ခါ ထပ်မြည်လို့လာချေသည်။ သူက စိတ်ပျက်စွာပင် ဖုန်းဖွင့်နားထောင်လိုက်တော့သည်။ သူ "ဟယ်လို" တောင် မလုပ်ရသေးခင်မှာပင် ချိုမြိန်သြရှတဲ့ အသံလေးကို ကြားလိုက်ရသည်။

"မင်္ဂလာပါ စပ်(ဝ်)နေခ"

ဟင် ... သူ ... သူမ ရှိန်းပြာရောင်။

"ရှိန်းပြာရောင်"

"ဟုတ်ပါတယ်ရှင် ... တို့ပါ၊ ရှင် အခုနက ဖုန်းပြောနေ တော့ တို့က အနှောင့်အယှက် ဖြစ်သွားမှာစိုးလို့ ရှင့်ကို ဆပ်ပရိုက်(စ်)ကြီးကြီး မပေးတော့ဘဲ ခပ်ရိုးရိုးလေးပဲ ရှင့် အိမ်ရှေ့က စာတိုက်ပုံးလေးပေါ်ကို တင်ထားခဲ့လိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



တို့ရဲ့အင်္ဂမြောက်လက်ဆောင်ကို ရှင် ဝရန်တာမှာ ထိုင်နေရာကထပြီး ခြံထဲဆင်းယူလိုက်ပါဦး ...

အိုခေ ... ရှင့်အတွက် သာယာတဲ့နေ့ကလေး ဖြစ်ပါစေ"

သူမက ဖုန်းချသွားလျှင် သူဟာ ခြံရှေ့က စာတိုက်ပုံးလေးကို ဝရန်တာကနေ လှမ်းကြည့်လိုက်လျှင် တစ်စုံတစ်ရာက စာတိုက်ပုံးလေးရဲ့အပေါ်မှာ ရှိနေသည်။ ရှိန်းပြာရောင် သူမ ဒီဝန်းကျင်မှာ ရှိနေဦးမှာပါ။ ခသည် ချက်ချင်းပင် သူ့ဖုန်း display မှာ ပေါ်နေသော နံပါတ်ကို ပြန်ခေါ်လျှင် လူကြီးမင်းခေါ်ဆိုသော တယ်လီဖုန်းမှာ စက်ပိတ်ထားပါတယ်"တဲ့။

သူဟာ အကွက်ကျသော ရှိန်းပြာရောင်ရဲ့ဇာတ်လမ်းထဲမှာ ငပေါကြီးလုံးလုံး ဖြစ်နေပြီလား။ အဲဒီလောက်ထိ မစဉ်းစားအားသေး။

သူသည် အသည်းအသန် စာတိုက်ပုံးလေးရှိရာကို ပြေးလာခဲ့ပြီး စာတိုက်ပုံးလေးပေါ်မှာ တင်ထားခဲ့သော ကြည်ပြာရောင် ပါကင်အိတ်လေးကို ယူလိုက်သည်။





"To ... Satt Nay Kha

From ... Shane Pyar Youn

Subject ... 8th Feb."

အဲဒီစာသားလေးရဲ့မူပိုင် ကောင်မလေးက သူ့ကို တစ်နေရာက ကြည့်နေလိမ့်မည် ထင်ပါသည်။ ကြည်ပြာရောင် ပါကင်အိတ်လေးထဲက အသည်းပုံကွတ်ကီးလေးရှစ်ခုကို သူက မစားရက်အောင်ကို သိမ်းဆည်းထားချင်မိသည်။

ပြီးတော့ သူ့ဆီမှာ ရှိန်းပြာရောင်နှင့် ပတ်သက်၍ ဖုန်းနံပါတ်တစ်ခု ရခဲ့ပြီ။ သူမဆီ ဖုန်းဆက်ချင်သည့်စိတ်ကြောင့် သူဟာ ဒီနံပါတ်ကိုပဲ ဖုန်တစ်ရာလောက် ခေါ်နေမိသည်။

မင်း ဖုန်းပိတ်ထားတာလား ရှိန်းပြာရောင်။



www.burmeseclassic.com

www.burmeseclassic.com



"ချီးယားစ်"

အအေးခွက်တွေကို ကိုင်မြှောက်၍ ခွက်ချင်းတိုက်လိုက်သည့်အသံက ရှိန်းကို အောင်မြင်သူဟု သတ်မှတ်ဂုဏ်ပြုတာဖြစ်သည်။ ရွှေစင်ရဲ့ခြံထဲမှာ ဘာဘီကျူးပွဲလေးလုပ်ကာ ရှိန်းကို ဂုဏ်ပြုပေးတာဖြစ်သည်။ ရွှေစင်ရဲ့မိဘတွေက ရန်ကုန်ဆင်းသွား၍ ရွှေစင်က လွတ်ပြီဆိုပြီး အပီသောင်းကျန်းကာ ရှိန်းတို့တစ်အုပ်စုကို ညအိပ်ခေါ်၍ ပွဲလေးလုပ်တာဖြစ်၏။

"အဟမ်း ... ဟမ်း ... ဒီပွဲလေးဟာ ကျွန်မတို့ရဲ့အချစ်ဆုံးသူငယ်ချင်း ရှိန်းပြာရောင်အတွက် ဂုဏ်ပြုပွဲလေး ဖြစ်ပါတယ်၊ ကြွရောက်လာတဲ့ လူကြီးလူကောင်းလေးများ အစားအသောက်များကို အားမနာတမ်း မြိုကြပါရှင်"





ရွှေစင်ရဲ့အရွှန်းဖောက်မှုကြောင့် အားလုံးက ပွဲကျသွားချိန်မှာ မေခက ရှိန်းရဲ့ပခုံးကိုဖက်ကာ ...

"ကဲ ... ငါတို့ကို မစားခင်လေးမှာ စပ်(ဝ်)နေခအတွက် ဆရာမကြီးရှိန်းက ဒိုင်ယာလော့ခ်လေး ဖွင့်ပေးပါဦး"

လေးယောက်တည်းရှိတဲ့ ဒီပွဲမှာ သောင်းကျန်းချင်တိုင်းကို သောင်းကျန်းနေသည့်အပြင် မေခက ရှိန်းကိုပါ အင်တာဗျူးဝင်လျှင် ရှိန်းက ခေါင်းတခါခါ လက်တကာကာဖြင့် ...

"အား ... မလုပ်ပါနဲ့ဟာ၊ သူ့အတွက် ငါ့မှာ ဘာဒိုင်မှ ဖွင့်ဖို့မရှိပါဘူး"

"အယ် ... အမှန်အတိုင်း ပြောလိုက်စမ်းပါ၊ This lady နဲ့ this lady ဘာမှ ဖိန့်ဖိန့်လုပ်မနေနဲ့ ...

ပြောမှာသာပြော"

အင်း ... အမှန်ကိုပဲ ဝန်ခံလိုက်ရတော့မလား။ အချစ်နဲ့ပတ်သက်ရင် ပွင့်လင်းစွာ တိုင်ပင်ပါတဲ့။ ရှိန်းသည် စပ်(စ်)နေခကို ချစ်မိသွားပါပြီ ဆိုပြီးတော့ မျက်နှာပြောင်တိုက်ဝန်မခံချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က သူတို့ရှေ့မှာ မိုးလားကဲလားဖြင် လေလုံး ထွားခဲ့ပြီးမှ အခု romance တွေ ဆန်သွားရင် သူမတို့တွေ ဟား ကြမှာလည်း စိုးရိမ်မိပါသည်။

"ဟဲ့ ... ပြောလေဟာ"

မေခက ရှိန်းရဲ့ပခုံးကို တွန်းတိုက်မေးလိုက်လျှင် ရှိန်းသည် ပြုံးစစမျက်နှာထားဖြင့် ...

"စပ်(ဝ်)နေခက မိန်းကလေးတွေကို အလေးမထားတတ် ဘူး၊ အဲဒီတော့ သူ အထင်မကြီးတတ်တဲ့ မိန်းမတွေထဲ မှာမှ ငါက သူ့ကို စိတ်ဝင်စားလာအောင် ဖမ်းစားတယ်၊ အစပိုင်းမှာတော့ သူ့အတွက် ငါ့အကွက်တွေက ကလေး အထာ ဖြစ်ပေမယ့် နောက်ပိုင်းမှာ အားလုံးက ငြိစဉ်တွေ ဖြစ်လာတယ်လေ ...

ဒါပေမဲ့ သူ ငါ့ကို ဘယ်လိုသဘောထားတာလဲ ကိုတော့ အတိအကျ မပြောနိုင်သေးဘူး၊ အနိုင်အရှုံးက 60/40 မှာ ရှိနေတယ်"





ရွှေစင်က ရှိန်းစကားအဆုံးမှာတော့ တွေးတွေးဆဆ လေသံဖြင့် ...

"အင်း ... ဘာမဲပြောပြောပါ၊ ခ,ရဲ့စိတ်ကို ရှိန်းက ဖမ်း စားထားနိုင်တယ်လို့ပဲ ပြောရမှာပဲဟ၊ ဘာလို့လဲဆိုတော့ နင်တို့ သတိထားကြည့်လိုက်၊ ခ,တစ်ယောက် အခုဆို အရင်လို လက်လက်ထပြီး ဟိုလိမ့် ဒီလိမ့် မလိမ့်တော့ဘူး နော်၊ ရှိန်းရဲ့ဖေဖော်ဝါရီဆွဲအား ဘယ်လောက်ပြင်းထန် တယ်ဆိုတာ အဲဒီမှာ သက်သေပဲ"

"အဟား ဟား ... နင်တို့ပြောမှပဲ ဘဝင်တောင် မြင့်ချင် သွားပြီ"

"ရှိန်း ... နင် စပ်(ဝ်)နေခ အပေါ် ဘယ်လိုသဘောထား လဲ"

မေခရဲ့ မျက်စချီအမေးကြောင့် ရှိန်းမှာ ဟက်ခနဲ တစ်ချက် ရယ်မိသွားသည်။ ဒါပေမဲ့ မသက်မသာ ရယ်ဟန်မျိုး ဖြစ်သည်။ ပြောပြဖို့ရာ စောပါသေးတယ်ဟု တွေးလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"စပ်(ဝ်)နေခက ငါ့အတွက်တော့ နင်တို့နဲ့ အလောင်းအစားလုပ်ဖြစ်ဖို့အတွက် ဖြစ်တည်လာတဲ့ ယောက်ျားတစ်ယောက်ပဲလေ၊ ငါက ဘာကိုထူးပြီး သဘောထားရမှာလဲ"

ရှိန်းရဲ့အဖြေစကားကြောင့် သူမတို့တစ်တွေက ပြုံးစိစိဖြစ်သွားကြသည်။ ရှိန်းကို ဘယ်သူကပဲ သည်မေးခွန်းမျိုးမေးမေး ရှိန်း သည်လိုပဲ ဖြေမိမှာပင်။

တစ်ခါတလေမှာ လိမ်မိတယ် ဆိုတာကလည်း သူတစ်ပါးကို နစ်နာစေချင်လို့မှ မဟုတ်တာ၊ ကိုယ့်ဂုဏ်သိက္ခာအတွက် ရိုးသားစွာ လိမ်လိုက်ရတာပဲဟာ။ ဒါဟာ အပြစ်မရှိတဲ့ မုသားလို့ပဲ သတ်မှတ်ပါနော်။

"သေချာလို့လား ရှိန်းရယ်၊ ဒီ့ထက်မပိုတော့ဘူးလား"

ရှိန်းက အပြုံးတစ်ချက်နှင့် ခေါင်းယမ်းပြလိုက်သည်။ ရှိန်းက အခုချိန်မှာ သိက္ခာမကျချင်တဲ့စိတ်ပဲ ရှိသည်။ ဒါပေမဲ့ တစ်ချိန်မှာ ခ,နှင့် ချစ်သူတွေ ဖြစ်သွားရင် ရှိန်းတို့ရဲ့ အလောင်းအစားကိစ္စကို သူ သိသွားရင် ဘယ်လိုလုပ်မလဲဆိုပြီးတော့ တွေးကြည့်ဖူးသည်။





အိုး ... သွားစမ်းပါ နှောင်ဖြစ်မှ နှောင်ရှင်း။

"အေးလေ ... နင့်ဘက်က ပိုပို,မပိုပို ငါတို့ကတော့ ဒီအလောင်းအစားကို ဖျက်သိမ်းဖို့ ဆုံးဖြတ်လိုက်ပြီ"

အဲဒီစကားကြောင့် ရှိန်းသည် အအံ့သြကြီး အံ့သြလျက် ကမ္ဘာကြီး ချာချာလည်သလိုပင် လည်ထွက်သွားကာ ...

"ဟယ် ... ဘယ်လိုဖြစ်သွားတာလဲ"

"အဟဲ ... ပြောရမယ် ဆိုရင်တော့ ငါတို့ကိုယ်တိုင် ဒီအလောင်းအစားလို စိတ်မပါတော့လို့ပဲ၊ ဟေး ... ရှုံးမှာစိုးလို့ မဟုတ်ဖူးနော်...

ပြီးတော့ နင့်ရဲ့စွဲလမ်းခြင်းဗျူဟာမှာ ငါတို့က အားတက်သရော ဝင်နွှဲချင်လို့ပဲ ...

နောက်ပြီး ငါတို့ရဲ့အပျော်အပြက် အလောင်းအစားကိစ္စက သူများအတွက် ထိခိုက်စရာ ဖြစ်လာမှာစိုးတယ်၊ ဒါကြောင့် အခုကတည်းက ဖြတ်ထားတဲ့ သဘောပဲ"

"ထိခိုက်စရာ"



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းက အဲဒီစကားကို တိုးတိုးလေး ရေရွတ်လျှင် မေခနှင့် ရွှေစင်က အကြောင်းသိပီပီ ရှိန်းရဲ့ပခုံးကို ဖျတ်ခနဲ ရိုက်လိုက်ရင်း ဘာစဉ်းစားလဲ သိတယ်နော် ဆိုသည့် အထာဖြင့် ကြည့်ကာ ...

"ဆိုလိုတာကတော့ ဒီအလောင်းအစားကြောင့် ဖြစ်လာမယ့် နောက်ဆက်တွဲပြဿနာတွေကို ငါတို့ ကြိုမြင်နေတယ်၊ ဒီ flow အတိုင်းသာဆို ခ,နဲ့ နင်က ဆက်ပတ်သက်ဖို့ အကြောင်းတွေ အများကြီး ရှိနေနိုင်တယ် ...

ခ,ကို climax ရောက်အောင် နင် လုပ်ပေးပြီးတော့မှ သူ နင့်ကို တကယ်စိတ်ရင်းနဲ့ propose လုပ်လာတဲ့ အခါ နင် သူ့ကို အဖြေပေးခဲ့လို့ No ဆို ကိစ္စမရှိဘူး၊ Yes ခဲ့ရင် ငါတို့ကြားက အလောင်းအစားကိစ္စကို သူ သိသွားရင်၊ အား ... အရှည်ကြီး ရှင်းပေတော့ပဲ ဖြစ်သွားမယ် ...

အထူးသဖြင့် ခ,လို ယောကျ်ားမျိုးကို နင်က one table နဲ့ တန်ဖိုးဖြတ်တဲ့ကိစ္စက အကြီးကြီး ဖြစ်သွားပြီး





အဲဒါတွေ ကြိုမြင်လို့ ငါတို့က ချစ်ရဲ့နောင်လာမယ့် ချစ်ခရီးလမ်းမှာ ဆူးခလုတ်မရှိအောင် ခုကတည်းက ဒီကိစ္စကို ရှင်းထုတ်လိုက်တဲ့ သဘောပဲ ...

ပေါက်တယ်နော် ညီမလေး"

ကဲ ... ဘယ်လောက် ချစ်စရာကောင်းလိုက်တဲ့ သူငယ်ချင်းတွေလဲလို့။ ရှိန်းက သူတို့ရဲ့အမြော်အမြင် ကြီးမားပုံကို ကျေးဇူးတွေတင်နေရင်းကမှ နည်းနည်း အိုက်တင်ခံသည့်သဘောဖြင့် ...

"ဩော် ... နင်တို့က ငါ စပ်(ဝ်)နေခကို လက်ခံမှာပဲလို့ အပိုင်တွက်ထားတာပေါ့လေ"

"ဟင် ... ဒါဆို နင်က သူ့ကို No ပေါ့ ... ဟုတ်လား"

ရှိန်းက ခပ်ဖြည်းဖြည်းချင်း ခေါင်းကိုညိတ်ပြကာ ပြုံးစစမျက်နှာပေးဖြင့် ...

"အဲဒီလို မငြင်းတော့ပါဘူးလေ၊ လက်ခံမလားပဲ"

ရှိန်းရဲ့အဖြေကြောင့် အခုမှပဲ သူမတို့က ပြုံးပျော်နိုင်ကာ နောက်နိုင် ပြောင်နိုင်သွားကြတော့သည်။ မေခနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်က ရှိန်းကို သူနှင့် အရမ်းသဘောတူနေတာဖြစ်သည်။ အဲဒီလို ချစ်စရာကောင်းတဲ့ သူ့ငယ်ချင်းတွေရဲ့ အားပေးမှုကြောင့် ရှိန်းက ပို၍ရင်ခုန်စတော်ခဲ့ပါသည်။

❣○❣

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်- ၃၉၊ (မြေညီ) မွေစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
ရေးသားပေးပို့နိုင်ပါသည်။





## ပေဖော်ဝါရီ(၉)ရက်နေ့

ရှိန်းသည် အိပ်ရာမှ နိုးနိုးချင်းပင် အတွေးတစ်ခုဝင်လာသောကြောင့် ချက်ချင်းပင်ဖုန်းကိုဖွင့်ကာ သူ့ထံကို message တစ်စောင် ပို့လိုက်သည်။

"hey ! noe p lar" (နိုးပြီလား)

အဲဒီ message ပို့ပြီး ချက်ချင်းဆိုသလိုပင် သူ့ဆီက reply ပြန်လာပါသည်။

"noe par p. br lop ph ma set tar laé. plz ... contact me

I hope u !"

ကဲ ... ကြည့်စမ်းပါဦး။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်များ ကျေနပ်စရာ ကောင်းလိုက်လေသလဲလို့။

ဤကမ္ဘာလောကကြီးမှာ သူမဆက်မယ့်ဖုန်းကို မျှော်နေရှာသော ကောင်ချောချောလေးရှိနေတယ်ဆိုတာ ကြည်နူးဖို့ သိပ်ကောင်းတာပဲကွာ။

ရှိန်းက ဒီဖုန်းကို သူတစ်ယောက်နှင့် ဆက်သွယ်ဖို့သာ ထားထားတာမို့ သူနှင့်ဖုန်းပြော မည့်အချိန်မှာသာ ဖုန်းဖွင့်ပြောတတ်၍ ပြောပြီးတာနှင့် ချက်ချင်း ဖုန်းပိတ်ထားတာဖြစ်သည်။ ပြောရရင်တော့ သူ့ဘက်က စဆက်သွယ်ခွင့် မပေးချင်တာကြောင့် ဒီနည်းသုံးတာဖြစ်သည်။

ရှိန်းသည် ပြီးတော့မှပဲ ဖုန်းဆက်တော့မည်ဆိုတဲ့ အတွေးနှင့်အတူ ရှိန်းက ရေချိုးခန်းဝင်ကာ ကိုယ်လက်သန့်စင်ရသည်။ breakfast စားဖို့ အောက်ထပ်သို့ ဆင်းလာရင်တော့ ဘိုးဘိုးက သူနှင့်အတူ ကော်ဖီခြံထဲလိုက်ဖို့ ပြောလေသည်။ မတတ်နိုင်တော့ပေ။

ရှိန်း လိုက်ရတော့မည်။





ဒီနေ့အတွက် သူ့ကို ဘယ်လိုပစ္စည်းပေးရမလဲ။ ရှိန်းသည် မိုင်လိုခွက်ကိုကိုင်ကာ စိမ်ပြေနပြေ စဉ်းစားနေရင်တော့ ဘွားဘွားက ရိပ်မိသွားဟန်ဖြင့် ရှိန်းကို တစ်ချက်အကဲခတ်ကြည့်ကာ ...

"ရှိန်းလေး ... မြေးမှာ ချစ်သူရည်းစားများ ရှိနေပလား"

ဘွားရဲ့အမေးကြောင့် ရှိန်းက လက်တွေတောင် အေးချင်သလို ဖြစ်သွားရသည်။

ရှိန်းသည် ဟန်ကိုယ့်ဖို့ဖြင့် ရှက်ရယ်တစ်ချက်ရယ်ကာ ...

"အာ ... မရှိရပါဘူး ဘွားရယ်၊ ကဲပါ ... ရှိန်း ဘိုးဘိုးနဲ့သွားဖို့ ပြင်လိုက်ဦးမယ်"

ဘွားဘွားကို စကားစဖြတ်ကာ ရှိန်းက ကိုယ့်အခန်းကိုယ်ပြန်လာကာ လေပူတစ်ချက် မှုတ်ထုတ်ရင်းက အကြံတစ်ခုပေါ်လာတော့သည်။ အဲဒါကြောင့် ချက်ချင်းပင် သူ့ဆီကို ဖုန်းခေါ်လိုက်ပါသည်။

"ရှိန်းပြာရောင် ... မင်း အခု ဘယ်မှာလဲဟင်၊ ကျွန်တော် မင်းနဲ့ တွေ့ချင်လှပြီ"



www.burmeseclassic.com

www.burmeseclassic.com



အိုး ... ဟယ်လိုလို့တောင် မထူးတော့ဘဲ တန်းပြောလာတဲ့ သူ့ရဲ့စကားလုံးတွေဟာ ရှိန်းရဲ့ရင်ခုန်သံတွေကို နှုန်းထားမြန်လာစေပါသည်။

သူက ရှိန်းကို တွေ့ချင်လှပြီတဲ့လား။ သူ့ရဲ့လိုလားစွာ တောင်းဆိုချက်ကို ရှိန်းက ဖြည့်ဆည်းပေးချင်ပါသော်လည်း ဆိုခဲ့စေ မြဲစေ ဆိုသလိုပင် ဆယ့်လေးရက်နေ့ကျမှ လူထွက်ပြမှာ ဖြစ်ပါသည်။

"တွေ့ချင်ရင် တွေ့ရမှာပေါ့၊ ဒါပေမဲ့ ဆယ့်လေးရက်နေ့မှ"

"အာ ... ရှိန်းပြာရောင်ကလည်းကွာ၊ ကျွန်တော်က မင်းကို အခုတွေ့ချင်တာပါ"

"ကဲ ... ကဲ ... ထားပါတော့။ ရှင့်ကို တို့ အခု ဖုန်းဆက်တာ ပြောစရာရှိလို့၊ ဒီလို ... ကျွန်မ ဒီနေ့ ရှင့်ဆီကို ကိုယ်တိုင် ပစ္စည်းပို့ပေးနိုင်မယ် မထင်ဘူး၊ အဲဒါကြောင့် ရှင့်ကို လူကြုံနဲ့ပေးမလို့"

သူ့ဘက်က အသံခေတ္တတိတ်သွားပါသည်။ သူဘာတွေးနေတယ်ဆိုတာကို ရိပ်စားမိသော ရှိန်းက ခပ်သောသော ရယ်သံတစ်ခုရယ်ကာ ...





"ဟေး ... ကျွန်မက တစ်ဆင့်ပို့နိုင်းတဲ့ လူကြုံကို ရှင်ဘာမှ တို့အကြောင်းကို စုံစမ်းလို့ မရဘူးနော်၊ အဲဒါကြို ပြောထားတာ"

"မင်း သိပ်နပ်တာပဲနော်"

"ဟင်း ဟင်း ... ရှင် အထင်ကြီးနိုင်ပါတယ်၊ ကဲ ... တို့ ဖုန်းပိတ်တော့မယ်၊ သေချာနားထောင်နော်၊ ဒီနေ့အတွက် ကိုးရက်မြောက်လက်ဆောင်ကို ရှင့်ဆီ လူကြုံနဲ့တစ်ဆင့် ပို့ပေးလိုက်ပါ့မယ်၊ ဒါပဲနော်"

ရှိန်းက အပြုံးတစ်ချက်ဖြင့် ဖုန်းပိတ်လိုက်ပါသည်။ ရှင့် နှလုံးသားတစ်ခုလုံး ကြည်မွေ့ပျော်ရွှင်နိုင်စေဖို့အတွက် ကျွန်မရဲ့ဖေဖော်ဝါရီလက်ဆောင်လေးတွေက အစွမ်းအစရှိတယ်ဆိုတာ ယုံရဲ့လား။

❣○❣



www.burmeseclassic.com

www.burmeseclassic.com



နေ့ခင်းပိုင်းထိ ရှိန်းပြာရောင်ဆီက ဘာလက်ဆောင်မှ မရသေးသည့်အခါ သူ့စိတ်ထဲမှာ လူကြုံကများ မှားပေးသလားဆိုပြီး အတွေးဝင်ကာ ယောက်ယက်ခတ်သွားရသည်။ သူ့ရဲ့ပုံစံတွေကို ရိပ်မိသိရှိလေသော ကောင်းခံက ...

"ဘာလဲ ... မင်း တကယ်ခံစားနေရပြီလား"

"အင်း ... ငါ သူ့ကို စိတ်ဝင်စားမိနေပြီကွ၊ သူ့ရဲ့ပြောဟန် ဆိုဟန်၊ နောက်ပြီး idea တွေ အဲဒါတွေက ငါ့အတွက် အရမ်းကို စိတ်လှုပ်ရှားဖို့ ကောင်းနေတယ်၊ တစ်ခါတလေကျတော့ ငါ စဉ်းစားမိတယ်ကွ၊ သူ ငါ့ကို လာပတ်သက်တာဟာ ငါ့ရင်ကို အဆိပ်လူးမြားနဲ့ ပစ်ချင်လို့လားပေါ့၊ ဒါပေမဲ့ မထင်ရက်စရာ ဖြစ်နေတာက သူ ငါ့ကိုစကားပြောတဲ့ အခါမှာ အရမ်းပွင့်လင်းတယ် ...





ဘာတွေမှန်းကို မသိတော့ပါဘူးကွာ"

သူဟာ တကယ်လည်း သူ့စိတ်ကို သူ မဖတ်တတ်တော့ပါ။

မိန်းကလေးတွေကို ထည့်လဲတွဲလာတဲ့ သူလိုကောင်အတွက် ရှိန်းပြာရောင်ဟာ မုန်းနေနိုင်တယ်ဆိုတာ သူ ကြိုတွေးထားသင့်ရဲ့လား။

ပြီးတော့ သူနဲ့ရှိန်းပြာရောင်ကြားမှာ ဘာအရောင်တွေ ယှက်သန်းနေတာလဲ။ ပြောရရင်တော့ သူ "လှည့်စားခံရမှာ" ကို မသိစိတ်က စိုးရွံ့နေတာ ဖြစ်ပါသည်။

"အစ်ကို ... အစ်ကို ... ကျွန်တော့်ကို မရှိန်းပြာရောင်က ဒီပစ္စည်းလေး အစ်ကို့ဆီ ပို့ခိုင်းလို့ပါ"

အဲဒီအသံကြောင့် သူဟာ ချက်ချင်းပင် လှုပ်လှုပ်ရှားရှားဖြစ်သွားရပြီး မော့ကြည့်လိုက်လျှင်တော့ ဒီဆိုင်ရဲ့စားပွဲထိုးကောင်လေး ဖြစ်နေပါသည်။ ခ,သည် သူ့လက်ထဲက ပစ္စည်းထုပ်လေးကို ယူလိုက်ကာ ...

"ကျေးဇူးပဲ ညီလေးရာ၊ ဒါနဲ့ ဒီပစ္စည်းက ရှိန်းပြာရောင်လာပေးသွားတာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး အစ်ကို၊ ကျွန်တော့်ကို ချာတိတ်လေးတစ်ယောက်က ပေးခိုင်းတာပါ၊ ပြီးရင် ခုနကပြောသလို ပြောပြီး ပေး,ပေးပါတဲ့ ...

ဘာပြဿနာရှိလို့လဲ အစ်ကို"

ဒီလောက်ဆို သူ သဘောပေါက်ပြီ။ သူမရဲ့ပုံစံကို စုံစမ်းလို့ မရအောင် အဆင့်ဆင့် လူကြုံကမ်းပေးတဲ့ ပုံမျိုးဖြစ်သည်။ ခု,သည် ထပ်စုံစမ်းလည်း မထူးတော့တာမို့ အိတ်ထဲကပိုက်ဆံထုတ်ကာ စားပွဲထိုးလေးကို လှမ်းပေးလိုက်ပြီး ...

"ဘာမှမဟုတ်ပါဘူးကွာ၊ ကျေးဇူးပဲနော် ... ရော့ ဒါက ညီလေးအတွက် ဘောက်ဆူး"

စားပွဲထိုးကောင်လေးက သူ့ကို ခေါင်းညွတ်ကာ ထွက်သွားသောအခါမှ သူနှင့်အတူ ကောင်းဇံတို့က ပါကင်ထုပ်လေးကို စိတ်ဝင်တစား ကြည့်နေမိတော့သည်။ ကြည်ပြာရောင် ပါကင်အကြည်သားဖြင့် ထုပ်ပိုးသော အိတ်လေးထဲမှာ love သင်္ကြားလုံးလေး ကိုးလုံးရှိနေပါသည်။ မြင်နေကျ စာသားလေးတွေကိုလည်း သူ တွေ့လိုက်ရသောအခါ သူ့ရင်တစ်ခုလုံးဟာ မောဟိုက်နွမ်းလျသွားတော့သည်။





"To ... Satt Nay Kha

From ... Shane Pyar Youn

Subject ... 9th Feb:"

သူ ဖွဲလမ်းလာပြီ။ ဖွဲလမ်းတာမှ အရမ်းကို ဖွဲလမ်းသွားတာဖြစ်သည်။ ပြီးတော့ ရှိန်းပြာရောင်ကို သူ အရမ်းကို မြင်ဖူးချင်လှပါသည်။ ရှိန်းပြာရောင်ဆိုသည့် မိန်းကလေးဟာ သူ့ရင်ဘတ်ထဲမှာ တစစနှင့် တိုးဝင်နေခဲ့တာ သူ့ကိုယ်သူတောင် သတိမထားမိချေ။

"ငါ ရှိန်းပြာရောင်နဲ့ အရမ်းတွေ့ချင်နေပြီကွာ"

"အဲဒါဆို ငါမားသားကြီးကို မေးလိုက်မယ်လေ၊ ဒါဆို သူ ဘယ်သူလဲ သိပြီပေါ့"

ကောင်းဇံရဲ့စကားကြောင့် သူက ခေါင်းယမ်းလိုက်သည်။ ဟင့်အင်း ... သူ့ရဲ့ကြိုးစားမှုမပါဘဲ ရှိန်းကို မတွေ့ဖူးချင်ပါ။ ပြီးတော့ သူ အဲဒီလိုနည်းသာသုံးခဲ့ရင် သူမက တော်တော်အထင်သေးသွားမှာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ အဲဒီလိုမျိုး မလုပ်ချင်ဘူးကွာ၊ ငါ့နည်းငါ့ဟန်နဲ့ပဲ သူ့ကို တွေ့နိုင်ဖို့ ကြိုးစားတော့မယ်"

"အဟား ... မင်းကတော့ အချစ်ကို တွေ့ရှိသွားပြီး ခ,၊ ဂုဏ်ယူပါတယ် သူငယ်ချင်း ...

မင်း သူ့ကို ဒီရက်ပိုင်း မတွေ့ဖြစ်ခဲ့လည်း ဆယ့်လေးရက်နေ့ကျရင် သူ လာတွေ့မယ်လို့ ပြောတယ်မှလား၊ အေးဆေးပေါ့ကွာ"

အင်း ... ဆယ့်လေးရက်နေ့။ အဲဒါဟာ သူ့မွေးနေ့။ ပြီးတော့ ချစ်သူများနေ့။ ပြီးတော့ ချစ်သူများနေ့။ ဗယ်လင်တိုင်းဒေးတိုင်းမှာ မိသားစုနဲ့ပဲ မွေးနေ့ကျင်းပနေကြ သူဟာဒီတစ်နှစ်မှာတော့ သူမနှင့်အတူတူ သူ့မွေးနေ့ဖြစ်တဲ့ ဗယ်လင်တိုင်းဒေးနေ့မှာ ကုန်လွန်စေမယ်ဆိုပြီး ဆုံးဖြတ်ထားသည်။

လူကို မမြင်ပေမယ့်လည်း သူတို့နှလုံးသားတွေ နီးစပ်နေတယ်ဆိုတာ သူ သိပါသည်။

အချစ်ဆိုတာကို မယုံကြည်ခဲ့သော၊ ကစားခဲ့သော သူ့အတွက် ရှိန်းပြာရောင်ဟာ စွဲလမ်းမှုတစ်ခု ဖြစ်လာခဲ့ပါသည်။





သူမကို တမ်းတနေတတ်တာ၊ သူမဆီက ဖုန်းကိုမျှော်နေခဲ့မိတာ အဲဒါတွေဟာ ဘာအဓိပ္ပာယ်လဲ။

အချစ်လို့ ခေါင်းစဉ်တပ်ရင် သူ မှားနိုင်သလား။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



## ပေဖော်ဝါရီ(၁၀)ရက်

"အစ်ကိုလေးအတွက် မရှိန်းပြာရောင် ဆိုတဲ့ အစ်မကြီးက အေးမှုကို ပေးခိုင်းလိုက်တာပါ"

နားထဲမှာ ကိုးရိုးကားရားနှင့် ဌာန်ကရိုဏ်းမကျတဲ့ စကားတွေကို သူက နားမလည်ပေမယ့် အေးမှုရဲ့စကားထဲမှာ "ရှိန်းပြာရောင်"ဆိုတဲ့ နာမည်ရယ်၊ ပြီးတော့ အေးမှု လက်ထဲက ကတ္တီပါဘူးနီလေးရယ်၊ ဒါတွေကြောင့် သူဟာ ထိုင်နေရာမှ ဆတ်ခနဲထကာ အေးမှုလက်ထဲမှ ဘူးလေးကိုယူကာ မေမေ့ကို တစ်ချက် အကဲခတ်လိုက်လျှင် မေမေက ပန်းတွေအလှပြင်နေသည်။ သူက ခပ်တိုးတိုးလေးသံဖြင့် ...

"အေးမှု ... ဒါ နင့်ကို ဘယ်သူပေးတယ်၊ ပြန်ပြောစမ်း"





"ဟို ... ဟို ... ကိုစပ်(ဝ်)နေခကို ဒီဘူးလေး ပေးပေးပါ ဆိုပြီးတော့ အဲဒီအစ်မကြီးက အေးမှုကို အတင်းပေးခိုင်းတာ၊ အေးမှု ငြင်းပါသေးတယ် အစ်ကိုလေးရယ်၊ ဒါပေမဲ့ အဲဒီအစ်မက အတင်းပေးတာနဲ့ ယူခဲ့ရတာပါ ...

အေးမှုကို မဆူ ... မဆူပါနဲ့နော် အစ်ကိုလေး"

ရှုးတူးတူး ပေါတောတောဖြင့် သူတို့အိမ်ရဲ့တောက်တိုမယ်ရလေးတွေလုပ်သော အေးမှုက သူ့ဒေါသကိုသိ၍ တုန်လှုပ်နေပုံရသည်။ သူကတော့ အေးမှုကို ဆူဖို့ထက် ရှိန်းပြာရောင် ဘယ်လိုပုံလဲဆိုတာကို သူက အရမ်းသိချင်နေ၍ ...

"အေးမှု ... နင့်ကို ဒီပစ္စည်းပေးသွားတဲ့ ကောင်မလေးရဲ့ ပုံစံကို ငါ့ကို ပြောပြစမ်း"

"ဟုတ် ... ဟုတ်ကဲ့ အစ်ကိုလေး၊ အဲဒီအစ်မက အရမ်းချောတယ်၊ အရပ်ကြီးကလည်း အမြင့်ကြီးပဲ၊ အသားကလည်း ဖြူတယ်၊ ချစ်စရာလည်း ကောင်းတယ် ...

ကိုရီးယားမင်းသမီးလေး ကျနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ချောတယ်တဲ့။ မင်းကိုတော့ ကိုယ်က မင်း ဘယ်သူဆိုတာ မသိဘဲနဲ့ကို စိတ်ဝင်စားခဲ့တာပါ ရှိန်းပြာရောင်။ သူက သတိလက်လွတ် တွေးနေရာမှ သတိပြန်ဝင်လာကာ ခပ်တည်တည် မျက်နှာဖြင့်ပင် အေးမူကို ဟောက်စားလုပ်လိုက်တော့သည်။

"ကဲ ... သွားတော့၊ လုပ်စရာရှိတာ သွားလုပ်၊ နင်နောက်ဆို သူများက ပေးခိုင်းတိုင်း ယူ,ယူမလာနဲ့ကြား လား၊ နောက်တစ်ခါဆို နင် မလွယ်ဘူး ... သွား"

အေးမူက ခေါင်းလေးညွတ်ကာ သူ့ရှေ့က ခပ်ကုတ်ကုတ် ထွက်သွားလေသည်။ အေးမူ ထွက်သွားပြီးမှ ခ,သည် လက်ထဲမှ ကတ္တီပါဘူးနီလေးကို ဖွင့်လိုက်လျှင်တော့ ဖုန်းချိတ်သည့် ကီးချိန်းကြိုးလေးတစ်ခုကို တွေ့ရလေသည်။ အဲဒီ ကြိုးလေးမှာ Sattnaykha ဆိုတဲ့ စာလုံးလေးတွေ စီတန်းထားပေသည်။

အဲဒီ keychain ကြိုးလေးပေါ်မှာ သူ့နာမည်ကို စီထားတာလေးဟာ ဘာမှ ထူးထူးခြားခြား မဟုတ်ပေမယ့် သူ့ရင်ထဲမှာ ကြည်နူးမိသွားရသည်။ ပြီးတော့ တစ်ဆက်တည်းမှာပဲ





ရှိန်းပြာရောင်ဟာ ပြီးခဲ့တဲ့ရက်တွေကလို သူ့အနားမှာ တိတ်တဆိတ် ဘာလို့ ပစ္စည်းတွေ လာမထားတော့တာလဲဆိုတဲ့ အတွေးဝင်လာခဲ့သည်။

"To ... Satt Nay Kha

From ... Shane Pyar Youn

Subject ... 10th Feb:"

အဲဒီစာသားကြောင့် သူ့ရင်ထဲမှာ အမြှောက်တစ်ချက် ပစ်လိုက်သလို ဆူညံမြည်ဟည်းသွားတော့သည်။ ဆယ်ရက်ရှိသွားပြီ။ သူမနှင့်တွေ့ဆုံရန် လေးရက်သာ လိုတော့သည်။ ဆယ့်လေးရက်တာ ကာလအတွင်း ပတ်သက်မှုဟာ ဒီလောက်တောင် နှောင်တွယ်ရစ်ငင်ထားတယ်။

ဘယ်မိန်းကလေးကိုမဆို ပေါ့ပေါ့လေး သဘောထားကာ အပျော်အပြက်တွဲတဲ့ သူ့အနေဖြင့် ဒီဖေဖော်ဝါရီအိပ်မက် ဝေ့ဒနာဟာ သူ့ဘဝအတွက် မှုပိုင်ချည်ထားမယ့် ကြိုးဆိုတာ သူ တကယ်ပဲ အဲဒီအချိန်က မသိလိုက်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းပြာရောင် ... မင်းကို အရမ်းတွေ့ချင်ပါတယ်။ မင်းကို တွေ့ရဖို့ဆိုရင် ...။ ဟား ... ဟုတ်ပြီ။ သူဟာ ချက်ချင်းလက်ငင်း ရလိုက်သော အကြံတစ်ခုအတွက် အိမ်ပေါ်ထပ်က အခန်းဆီကို ပြေးတက်သွားကာ ကွန်ပျူတာဖွင့်၍ internet ချိတ်လိုက်သည်။

ပြီးရင်တော့ google search မှာ facebook ကို ရိုက် ထည့်ကာ facebook ကို ဖွင့်လေသည်။

ရှိန်းပြာရောင်ဆိုတဲ့ နာမည်တွေကို လိုက်ရှာကာ သူမက ဘယ်သူများ ဖြစ်နိုင်မလဲဆိုပြီး အသည်းအသန် ရှာကြည့်နေခဲ့ချိန်မှာပဲ သူ့ဘောင်းဘီအိတ်ကပ်ထဲက ဖုန်းလေးက မြည်လာလျှင် သူဟာ သီးသန့် ringtone ထား‚ထားတာမို့ ဒါဟာ သူ့ရဲ့ စိတ်ဝင်စားမှုတို့ စုပြုံရာ "ရှိန်းပြာရောင်" ဆိုတာကို သိလိုက်သည်။ သူက အသည်းအသန် ခဲမှန်ဖြင့် အိတ်ကပ်ထဲကဖုန်းကို ထုတ်ကာ ဖွင့်နားထောင်လိုက်သည်။

အား ... ချိုမြိန်နာပျော်ဖွယ် ကောင်းပေစွ။





"စပ်(ဝ်)နေခ ဆိုပြီး နာမည်စီထားတဲ့ ဖုန်းကီးချိန်းလေးကို သဘောကျရဲ့လားဟင်"

"သဘောကျပါတယ် ရှိန်းပြာရောင်၊ ပြီးတော့ ကျွန်တော် မင်းကို ကျေးဇူးတင်ပါတယ်"

"ရပါတယ်၊ အဲဒါကိုက တို့ရဲ့တာဝန်ပဲလေ၊ ဆယ့်လေးရက်နေ့အထိ ရှင့်ဆီ ပို့ပေးနေမှာပါ"

မင်းက ကိုယ့်ကို အမြဲတမ်း စကားအဆန်းတွေနဲ့ ချုပ်ထားတတ်တယ်နော်။ မင်း ဘယ်သူလဲဟင်။ ကိုယ့်နှလုံးသားက တစ်နေရာတည်းမှာပဲ တုတ်တုတ်မျှ မလှုပ်အောင် မင်း ဘာတွေနဲ့များ ညှို့ထားတာလဲ ရှိန်းပြာရောင်ရယ်။

သူက သူ့အတွေးသူ ရယ်ချင်သွားပြီး တစ်ချက်ပြုံးလိုက်ကာ facebook ကိစ္စ သတိရသွား၍ စကားအစ်လိုက်သည်။

"ဩော် ... မင်း အခု ဘာလုပ်နေလဲ၊ ကိုယ်က ကွန်ပျူတာ ဂိမ်း ဆော့နေတာ"

"တို့က ရှင်နဲ့ ဖုန်းပြောနေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိန်းပြာရောင် ... မင်း internet သုံးဖြစ်လားဟင်"

သူ့ရဲ့အမေးစကားအဆုံးမှာ သူမဆီက ချစ်စရာကောင်းသော ရယ်သံသဲ့သဲ့ ထွက်လာပေသည်။ အဲဒီရယ်သံလေးက ကလေးတစ်ယောက်ရဲ့ ရယ်သံလိုမျိုး ခိုးခိုးခစ်ခစ်နဲ့ အပြစ်ကင်းလှပါသည်။ သူက သူမရဲ့ရယ်သံချိုချိုမှာ မျောနေချိန်မှာပင် သူမဆီက စကားသံ ထွက်ပေါ်လာပါသည်။

"facebook သုံးလားလို့ပဲ မေးလိုက်ပါ စပ်(ဝ်)နေခရယ်၊ စကားတွေ ဝေ့မနေပါနဲ့၊ ရှင် အခုလည်း တို့နာမည်နဲ့ ဘယ်သူများ ဖြစ်နိုင်မလဲဆိုတာ facebook မှာ ရှာနေတာမှလား၊ အပင်ပန်းမခံပါနဲ့ကွာ ရှင် မျက်မှန်ဒီဂရီတွေသာ တိုးသွားလိမ့်မယ်၊ ရှာလို့တွေ့မှာ မဟုတ်ဘူး ...

တို့က facebook လုံးဝမသုံးဘူး၊ g-talk တောင် တစ်ခါတလေမှ သုံးဖြစ်တာ"

ဟိုက် ... အံ့ပါရော။ သူ စကားဟလိုက်တာနဲ့ ဘာကိုပြောချင်တယ်ဆိုတာကို တန်းသိနေတဲ့ မိန်းကလေးဟာ သူ့အတွက်တော့ ပဟေဠိနတ်သမီးပဲ ဖြစ်ပါသည်။





သူ့ဘက်က တဒင်္ဂတိတ်ဆိတ်သွားတဲ့ စကားသံအတွက် သူကပဲ အားနာစွာ ပြန်လည်ဖြေရှင်းလိုက်တော့သည်။ ပြီးတော့ သူ့အကြံအစည်ကို သူမက ရိပ်မိနေတာကို ရှက်သွားတာကြောင့် စကားလမ်းလွှဲလိုက်ခြင်းပဲ ဖြစ်ပါသည်။

"ရှိန်းပြာရောင် ... မင်းက တကယ့် ဆပ်ပရိုက်(စ်)ပါပဲကွာ၊ ကျွန်တော် မင်းကို ဘာမှမတတ်နိုင်တော့ဘူး၊ ဒါနဲ့ မင်း အရင်တုန်းကလိုမျိုး ကိုယ်တိုင်ကိုယ်ကျ အနီးကပ် ဆပ်ပရိုက်(စ်) မလုပ်တော့ဘူးလား"

"ဒီရက်တွေမှာ တို့မအားလို့ ရှင့်ဆီကို လှမ်းကြံ့နဲ့ ပို့နိုင်းတာပါ၊ စိတ်မပူပါနဲ့၊ နောက်ရက်တွေဆို တို့ပို့မှာပါ"

မအားဘူးဆိုမှ သူဟာ သွားသတိရမိသည်။ ရှိန်းပြာရောင် ဘာအလုပ် လုပ်သလဲ။

"ရှိန်းပြာရောင် ... မင်းနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို ကိုယ် မသိသေးဘူးနော်၊ ပြောပြပေးနိုင်မလား၊ ဖြစ်မယ်ဆိုရင်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

သူမက စဉ်းစားဟန်ဖြင့် သံရှည် "အင်း"ဟူပြီး ခပ်ကြာကြာလေး ဆွဲပြီးမှ ချိုရှရှအသံဖြင့် ...

"တို့က architect တစ်ယောက်ပါ။ ရှင်နဲ့ တို့က ရွယ်တူ လောက်ပါပဲ၊ တို့က ဒီမြို့မှာပဲ မွေးတယ်၊ ဒီမြို့မှာပဲ ကြီး တယ်၊ ဒီမြို့သူစစ်စစ်ပါ၊ တို့ ဒီလောက်တော့ ပြောပြနိုင် ပါတယ်"

architect တဲ့။ ပြီးတော့ အေးမှုက သူမဟာ ချော တယ်တဲ့။ သူ့နားကို ဘာကြောင့် ရောက်လာခဲ့ရတာလဲ။ ပြီးတော့ အရေးကြီးဆုံးတစ်ချက် ? ? ။ ခ,သည် ခပ်ဖျော့ဖျော့ လေသံ လေးဖြင့် သူမကို မေးကြည့်မိသည်။

"မင်းမှာ ချစ်သူရှိလား ရှိန်းပြာရောင်"

"ချစ်သူ ဘယ်လိုအဓိပ္ပာယ်မျိုးကို မေးချင်တာလဲ"

"ချစ်သူဆိုတာ ချစ်သူပဲပေါ့၊ ဘာကို အဓိပ္ပာယ်ဖွင့်ရဦး မှာလဲ"





"ကိုယ်က ချစ်ရတဲ့သူလည်း ရှိတယ်၊ ကိုယ့်ကို ချစ်တဲ့ သူလည်း ရှိတယ်၊ ချစ်သူဆိုတာ လူတိုင်းမှာ ရှိနေတာပဲ လေ၊ အဆန်းတကြယ် မေးစရာ လိုလို့လား"

သူမ မဖြေချင်လို့ တမင်ကွေ့ဝိုက်ပြီး ဖြေတယ် ဆိုတာကို သူက သဘောပေါက်စွာဖြင့် ပခုံးတစ်ချက်တွန့် ကာ...

"မင်းနဲ့ ကျွန်တော်က မိတ်ဆွေလား၊ ဒါမှမဟုတ် သူငယ် ချင်းလား"

"အင်း ... ဘယ်လိုပြောရမလဲ၊ သူငယ်ချင်း ဆိုပါတော့၊ ရုပ်မမြင် အသံကြားတဲ့ ရေဒီယိုလို သူငယ်ချင်းမျိုးပေါ့၊ ဟင်း ဟင်း ... ကဲ ... ကဲ ... ရှင်လည်း နားချင်ရောပေါ့ ... တို့ ဖုန်းချလိုက်တော့မယ်နော် ...

နောက်ရက်မှ ဆက်ပြောပေါ့"

"အိုခေ ... တာတာ့ ရှိန်း၊ ကျွန်တော် မနက်ဖြန်ကို မျှော် နေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားရဲ့အဓိပ္ပာယ်ဟာ နားလည်မယ်ဆို အများကြီး တွေးလို့ရနိုင်ပါသည်။ သူကလည်း ရှိန်းပြာရောင်တစ်ယောက် နားလည်ပါစေတော့ဆိုပြီး ပြောလိုက်တာဖြစ်သည်။ သူ့စကားကို ရိပ်မိသလိုရှိစွာ တစ်ဖက်က တိတ်ဆိတ်စွာ ငြိမ်နေပြီးမှ ဖုန်းပိတ်သွားတော့သည်။

အချစ်ဆိုတာ ကိုယ် ခံစားမိတယ် ရှိန်း။ လေအေးအေးလေးလိုပဲ။ ကိုယ့်ဆီကို နူးနူးညံ့ညံ့လေးနဲ့ ဖြတ်စီးဆင်းသွားသလိုပဲ။ အဲဒါ မင်းလားဟင်။

❣○❣





သူ ရှိန်းကို ချစ်နေတာလား။ ဒါမှမဟုတ် သူတွဲနေကျ မိန်းကလေးတွေလိုမျိုး ရှိန်းကို သဘောထားလိုက်တာလား။

အဲဒီအတွက် အဖြေကို တကယ်ပဲ ရှိန်း ဝေခွဲမရပါချေ။

ပြောရမယ် ဆိုရင်တော့ မိန်းကလေး တစ်ယောက်အတွက် နေ့စဉ်ရက်ဆက် အံ့အားသင့်စရာ ပုံစံမျိုးဖြင့် သူစိမ်းယောကျ်ားဆီကို ပန်းစည်းတွေ ပို့နေရခြင်းဟာ အောက်တယ်လို့ ပြောနိုင်ပါသည်။

ရှိန်းပြာရောင် ဆိုသော မိန်းမဟာ ယောကျ်ားတွေကို အထက်စီးကနေ၍ နှိမ့်နှိမ့်ချချ ကြည့်ခဲ့တဲ့သူမျိုး။ အခုတော့



www.burmeseclassic.com

www.burmeseclassic.com



စပ်(ဝ်)နေခကို ဒီလိုနည်းတွေသုံးပြီး သူ့အချစ်ကိုရဖို့ ချူနေပါတယ် ဆိုတဲ့ အတွေးမျိုး ကိုယ့်ခေါင်းထဲ ဖျတ်ခနဲ ဝင်ချလာလျှင် ရှိန်း ဘယ်လိုမှ မခံစားနိုင်တော့ချေ။

တစ်ခါ တစ်ခါမှာ ကိုယ့်ကိုယ်ကိုယ် တွေးမိတာက "ငါ ဒီလိုလုပ်နေတာဟာ သင့်ရော သင့်တော်ရဲ့လား" ဆိုတာပဲ ဖြစ်သည်။

အစကတော့ မေခတို့နှင့် ဘာရယ်မဟုတ် မခံချင်စိတ်ကနေ လောင်းခဲ့ကြရာမှ တစ်စတစ်စနှင့် တိုးလာကာ သူ့ကိုချစ်မိသွားခဲ့တော့သည်။

ချစ်တယ် ဆိုပေမယ့် ရှိန်းတို့ မိန်းမသားတွေရဲ့ ဘဝဟာ ပြောခွင့်မရှိတဲ့ အဖြစ်မျိုးပါ။

ရှိန်း ကြောက်မိတာကတော့ ကိုယ့်ကို ဟာသလုပ်ပစ်မှာကို စိုးရွံ့နေတာဖြစ်၏။ အဲဒီလိုတော့လည်း မဖြစ်နိုင်လောက်ပါဘူးလေ၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ရှိန်းနှင့်ပတ်သက်ရင် လေးလေးနက်နက် စကားဆိုနေတတ်တာ၊ အရမ်းကို စိတ်ဝင်တစား ရှိနေတယ်ဆိုတာကို တွေ့နေရလို့ပဲဖြစ်၏။





သူ့ရဲ့ခပ်ဖြောင့်ဖြောင့် ရုပ်ရည်ရူပကာ၊ ကြီးမားမြင့်မြတ်လှတဲ့ ငွေကြေးဥစ္စာ၊ ဂုဏ်သိက္ခာနှင့်ပညာ ဒါတွေကို မက်မောစရာအဖြစ် သတ်မှတ်ကြသူတွေထဲမှာ ရှိန်း မပါခဲ့ပါ။ သူ့ကို ချစ်မိသွားတဲ့အခါမှာမှ သူ့ကို ချောတယ်ဟု သတ်မှတ်ခဲ့တာမျိုး ဖြစ်သည်။

ဒီလောက်ထိ ရှေ့တိုးလာခဲ့ပြီး လမ်းဆုံးရောက်ခါနီးကျမှ ရှိန်းက ငါ့သိက္ခာတွေ ပွန်းပဲ့သွားပြီ ထင်တယ်ဆိုတဲ့ အတွေးမျိုးနှင့် တွန့်ဆုတ်နေချိန်မှာ မေခနှင့် ရွှေစင်က ရှိန်းကို အပီအပြင် ကန့်ကွက်လေသည်။

"မဟုတ်ဘူး ရှိန်း၊ နင်က ခ,ရဲ့စိတ်တွေ နင့်ကို serious ဖြစ်လာလေ နင် တွေဝေသွားလေ မဖြစ်ရဘူးဟ၊ နင်က မာနတစ်ခု ထားနေလို့ ဒီလိုဖြစ်တာပါ ...

အချစ်မှာ သာတာနာတာ မတွက်ရဘူးလေ၊ ငါက စချစ်မိလို့ ငါ့တစ်ဘဝလုံးအတွက် ပြောစရာစကားကြီး ဖြစ်သွားလိမ့်မယ်၊ ဒါမျိုးတော့ အဖြစ်မခံနိုင်ဘူးဆိုတဲ့ စိတ်ကြောင့် နင် ဒီလို ဖြစ်နေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်၊ ရွှေစင် ပြောသလိုပဲ ရှိန်းမှာ အဲဒီဆိုက်ကို ဝင်နေတာဖြစ်သည်။ မိန်းကလေးဘက်က စ,ချစ်မိသွားတယ်ဆိုတာကို ရှိန်းက လက်မခံချင်တာဖြစ်သည်။ ရှိန်းက ခပ်မြင့်မြင့်နေလာခဲ့ပြီးမှ အခုလိုမျိုး စ,ချစ်ရတဲ့ဘဝမျိုး ရောက်တယ်ဆိုတော့ ...။

"ရှိန်းရယ် ... နင် အစိုးရိမ်လွန်တာပါ၊ နင် ပြောသလိုသာဆို ဒီကမ္ဘာမှာ ဘယ်မိန်းကလေးကမှ အရင်စပြီး ချစ်ခွင့်ရှိတော့မယ် မထင်ဘူး ....

ငါ နည်းနည်း ဒိုင်ဖွင့်မယ်နော်၊ ကမ္ဘာပေါ်မှာ လူသားမိန်းမ ဖြစ်လာဖို့အတွက် လူသားယောက်ျားရဲ့နံရိုး တစ်ချောင်းနဲ့ ဘုရားသခင်က ဖန်ဆင်းပေးထားတာတဲ့။ အဲဒီတော့ဟယ် ယောက်ျားသားထုကြီးလည်း သူ့ရဲ့ပျောက်ဆုံးနေတဲ့ သူ့နံရိုးလေးရဲ့ မူပိုင်ရှင်ဟာ ဘယ်သူလဲဆိုတာ ရှာဖွေသလို ငါတို့ မိန်းကလေးထုကကော ငါတို့ဖြစ်လာဖို့ အတွက် ဘယ်သူကများ နံရိုးထုတ်ပေးသလဲဆိုတာ ရှာကြည့်သင့်တာပေါ့၊ ဒါ တရားပါတယ် ...





အဲဒီတော့ ကိုယ့်နံရိုးပိုင်ရှင်ဟာ ကိုယ့်ဖူးစာရှင်ဆိုတာ ဘယ်သူ့ဘက်ကစစ နောက်ဆုံးတော့ နဖူးမှာ စာပါထားပြီးသားလူချင်းချင်းပဲ ဆုံစည်းတာလေ၊ အဲဒီတော့ အတွေးတွေ ကီးချော်မနေနဲ့ ...

နင့်အတွက် နံရိုးထုတ်ပေးထားတဲ့ ကျေးဇူးရှင် ကိုကိုအာဒမ် စပ်(ဝ်)နေခဲကို မမဧဝရှိန်းပြာရောင်က ကျေးဇူးဆပ်လိုက် ဒါပဲ၊ သူကလည်း 'ဩော် ... ဒါ ငါ့နံရိုးလေးပဲ'ဆိုတာ သိလို့ နင့်ကိုကျမှ ဆွတ်ကျပြီး ချော်တကစ်သွားတာပါဟယ် ...

အဲဒီတော့ ဘာဘာညာညာ တွေးမနေနဲ့၊ do စရာရှိတာ do ... အိုခေ"

"ဟား ... အရူးက ဒါမျိုးကျတော့လည်း ပြောတတ်တာပဲ၊ ဒီတစ်ခါတော့ ဒီအရူးဒိုင်က သိမ်းထားလောက်အောင်မိုက်တယ်"

ရွှေစင်က အရှန်းဖောက်လျှင် မေခက ဒေါသတွေထွက်ကာ အနောက်ကလိုက်ရိုက်တော့ ရွှေစင်က ပတ်ပြေးနေလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူတို့ပြောတဲ့ စကားတွေကို ကြားရတာတော့ စိတ်ချမ်းသာစရာ ကောင်းပေစွ။

စပ်(ဝ်)နေခက ရှိန်းရဲ့နံရိုးပိုင်ရှင်လေးများလား။ ပြီးတော့ သူက ဖူးစာရှင်တဲ့လား။

ရှိန်းက ကြုံကြုံဖန်ဖန် ပြောတတ်သော မေခရဲ့စကားတွေကို ပြန်လည်ကြားယောင်ကာ ကိုယ့်နံရိုးလေးရဲ့ ပင်မသခင်မှုပိုင်ရှင်က ဘယ်သူလဲ ဆိုတာကို သိချင်လာမိတော့သည်။

❣○❣





## ဖေဖော်ဝါရီ(၁၁)ရက်နေ့

"ဟိတ် ... ဟိတ် ... ယူ ... ယူ ... r u ready now"

ရွှေစင်က မြောက်တက်ကာ လန်းဆန်းနေတဲ့အသံဖြင့် ရှိန်းကို လှမ်းမေးလျှင် ရှိန်းက အိုခေ ဆိုပြီး မျက်စိတစ်ဖက်မှိတ်ပြလိုက်သည်။

မနေ့က ချစ်သူငယ်ချင်း နှစ်ယောက်ရဲ့ ဖေးမအားပေးမှုကြောင့် ရှိန်းရဲ့စိတ်ဓာတ်တွေဟာ အရင်လိုပဲ ပြန်လည်လန်းဆန်းတက်ကြွလာကာ ဒါကို စီမံကိန်းဖြင့် အကွက်ချလုပ်တယ်ဟု မတွေးတော့ဘဲ game တစ်ခု ကစားတယ်လို့သာ သတ်မှတ်ပြီး သဘောထားလိုက်တော့ အဆင်ပြေသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းရဲ့ဆပ်ပရိုက်(စ်)တွေကို လွှမ်းနေရှာသည့် လွှမ်းနေရှာသည့် သူ့အတွက် ဒီကနေ့မှာ ပြန်ကြားထားတဲ့ အတိအကျ သတင်းအရ ဖေဖော်ဝါရီဆယ့်တစ်ရက်နေ့အတွက် ထူးထူးဆန်းဆန်း အစီအစဉ်လေး လုပ်ဖို့ရှိပါသည်။

ရှိန်းရဲ့ပုံစံမှာ တကယ့်ကို ခြလုပ်သားပုံ ပေါက်နေပါသည်။ အညိုရောင်တီရှပ်ပွပွကို ဂျင်းရှော့ပန်လ်အတိုလေးဝတ်ကာ Cap ဦးထုပ် ခပ်ငိုက်ငိုက်လေး ဆောင်းထားတဲ့ ပေစောင်းစောင်း ပုံစံနှင့် အပေအတေ ဒီဇိုင်းကို သူလို ဂရိတ်လူမျိုးက ငဲ့တောင်ကြည့်မှာ မဟုတ်ပါ။ အဲဒါကိုက good တာ။

"ဟဲ့ ... ရှိန်းရေ၊ လာနေပြီနော်၊ သူ့မားသားကြီးနဲ့ဟ"

မေခက ခပ်တိုးတိုး လှမ်းသတိပေးလျှင် ရှိန်းက ခေါင်းသာညိတ်ပြပြီး ပန်းရုံထဲမှာ အလုပ်များနေဟန် လုပ်လိုက်သည်။ ဒီနေ့မှာ သူက ပျိုးဥယျာဉ်ခြံလေးကို လာမယ်ဆိုတာ သတင်းရထား၍ ရှိန်းတို့အုပ်စုက အဘစိုင်းကို ကူညီပေးမယ် ဘာညာဖြင့် ဖောရှောလုပ်ပြီး သူ့အလာကို စောင့်နေတာဖြစ်သည်။





သူ့မေမေက သစ်ခွစင်ဘက်မှာ ရှိနေပြီး သူကတော့ ဟိုဒေးဒီငေး လုပ်နေရင်းကမှ ကျောက်ခက်ပန်းအိုးလေးကို ကြည့်ကာ အဘစိုင်းကို လှမ်းပြောလိုက်သော စကားကြောင့် ရှိန်းက လှုပ်လှုပ်ရှားရှား ဖြစ်သွားရတော့သည်။

"အဘစိုင်းရေ ... ဒါလေး ကျွန်တော် ယူမယ်ဗျာ"

"အေး ... အေး၊ လာပြီး ခ,ရေ"

အဘစိုင်းက သူ့ဆီကို လှမ်းလာတော့မယ်ဆိုတာ ရှိန်းသိနေ၍ အဘစိုင်း မလာခင် ရှိန်းက သူ့ဆီ အပြေးအလွှား သွားလိုက်ကာ ...

"နေ ... နေ အဘစိုင်း၊ သမီး သွားလိုက်မယ်"

ရှိန်းရဲ့စကားကို အဘစိုင်းက ခေါင်းတစ်ချက်သာ ဆတ်ပြပြီး သစ်ခွစင်ဘက်ကို ပြန်ဝင်သွားတော့သည်။ ရှိန်းသည် ဘောင်းဘီအိတ်ကပ်ထဲမှာ အဆင်သင့်ထည့်ထားသော သူ့အတွက် လက်ဆောင်ထုပ်လေးကို အသာဖိစမ်းရင်းက ရှိန်းက သူရှိရာကို သွားလိုက်ကာ ...

"ဘာအလိုရှိပါသလဲရှင်"



www.burmeseclassic.com

www.burmeseclassic.com



သူက ရှိန်း ထင်သည့်အတိုင်းပင် ရှိန်းကို ဂရုတောင် မပြုလေဘဲ သူကြိုက်တဲ့ ကျောက်ခက်ပန်းအိုးလေးကိုပဲ ကြည့်ရင်းက ...

"ဒါလေးယူမယ်၊ ကားပေါ်တင်လိုက်တော့၊ ဟိုဘက်မှာပြီးတော့မှ ပေါင်းရှင်းမယ်နော်"

"ဟုတ်ကဲ့"

သူက ဘောင်းဘီအိတ်ကပ်ထဲကို လက်နှစ်ဖက်လျှိုထည့်ကာ သူ့အမေရှိရာ သစ်ခွစင်လေးဘက်သို့ လှည့်ထွက်သွားတော့သည်။

အိုခေ ... အေးဆေး ဖြစ်သွားပြီ။ ရှိန်းသည် သူထွက်သွားသည်နှင့် အလှစိုက်ကျောက်ခက်ပန်းအိုးလေးရဲ့ အကူအညီဖြင့် သူ့ဆီကို ဆယ့်တစ်ရက်နေ့ လက်ဆောင်ကို အရောက်ပို့ပေးမှာ ဖြစ်ပါသည်။

ရှိန်းသည် ပန်းအိုးထဲက အလှကျောက်စရစ်ခဲဖြူလေးတွေကို နည်းနည်းဖယ်ကာ ရှိန်းရဲ့ပါကင်အိတ်လေးကို ပန်းအိုးထဲမှာ မြှုပ်လိုက်သည်။ ပြီးရင်တော့ ကျောက်စရစ်လေးတွေ





ကို နေရာတကျ ပြန်စီထားလိုက်တော့သည်။ ပြီးရင်တော့ ခြံလုပ်သား ကော်င်လေးကို သူ့ကားပေါ်သို့ သွားတင်ခိုင်းလိုက်တော့သည်။

အိုခေ ... ဒီနေ့အတွက်တော့ အေးဆေးဖြစ်သွားပြီ။ နှုးညံ့စွာ ဖြားယောင်းခဲ့တဲ့ ချစ်ခြင်းတရားတစ်ခုအတွက် ရှိန်းသည် ရင်ခုန်စွာ မျှော်နေမိပါသည်။ သူသာ သတိထားမိမယ်ဆိုရင် ရှိန်းရဲ့ရေမရောတဲ့ မေတ္တာစေတနာတွေကိုပါ နားလည်သင့်လောက်ပါသည်။

သူတို့သားအမိနှစ်ယောက် ထွက်သွားသောအခါ မေခက ရှိန်းရဲ့ပခုံးကို လာဖက်၍ ...

"ဒီချောက်လက်တွေကိုသာ ခ,တွေ့သွားရင် လုံးဝကို ရင်ခုန်သွားမှာပါပဲ၊ အင်း ... တို့ရဲ့ ခ,လေးတစ်ယောက်တော့ ရှိန်းပြာရောင်ရဲ့ ပဥ္စလက်ရွေ့ကွက်တွေထဲမှာ အကြီးအကျယ်ကို မျောသွားရှာပြီပေါ့ပဲဟယ်၊ အင်း ... ဒီကလေးတစ်ယောက်တော့ လုံးပါးပါးသွားမှာပါ၊ ရှိန်းပြာရောင်ကို ချစ်စိတ်တွေနဲ့ပဲ ရူးရှာမယ်"



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းက မေခရဲ့အပြောကြောင့် တဟားဟားနှင့် အော်ရယ်နေမိတော့သည်။ ညနေခင်း ကောင်းကင်ဟာ တိမ်စိုင်တို့ဖြင့် ကခုန်အရောင်အသွေးစုံနေပါသည်။ လူတစ်ယောက်အပေါ် စွဲလမ်းသွားပြီဆိုတဲ့စိတ်ဟာ အချစ်ထက် ပိုမြဲတယ်ဆိုတဲ့ အသိတစ်ခုကို သူ့အား သိစေချင်ပါသည်။

ချစ်သူတွေ ဖြစ်လာဖို့အတွက် ဘယ်အရာက အခြေခံအကြောင်းတရား ဖြစ်နိုင်မလဲ မပြောတတ်ပါ။

❣ ○ ❣





ဒီနေ့ တစ်ရက်တာအတွက် သူ့မှာ နေမထိထိုင်မသာ အဖြစ်နဲ့ ဘယ်လိုနေလို့ နေရမှန်းတောင် မသိပါ။ သူမဘာကြောင့် ဒီနေ့ သူ့ဆီ ပစ္စည်းမပို့တာလဲ။ လာနေကျပစ္စည်းလေးတွေ မလာတော့ သူ့မှာ လုံးဝကို ဘာအလုပ်မှ လုပ်လို့ကို မရတော့ပါ။

သူ ရှိန်းပြာကို ဒီလောက်တောင် စွဲလမ်းပြီး ငြိနေပြီလား။

အချစ် ... အဲဒီအချစ်ဆိုတာကို သူ ခံစားမိနေပြီ။ ခ,သည့် ဖုန်းကိုဘေးချ၍ ပြတင်းပေါက်ပေါင်မှာ ထိုင်နေရင်း ကောင်းကင်ကြီးကို ငေးမောကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းက ကိုယ့်ကို အဲဒီလောက်ထိတောင် လွမ်းမိုး ထားပါတယ် ရှိန်းရယ်။ ကိုယ် မင်းမျက်နှာလေးကို တွေ့လိုက် ရတာနဲ့ ကိုယ့်အချစ်တွေ ပွင့်ထွက်ကုန်လိမ့်မယ် ထင်တယ်။

အဲဒီအချိန်မှာပင် စည်းချက်ညီစွာ ပေါ်ထွက်လာသည့် ဒီဖုန်းသံလေးဟာ သူ့ရဲ့စိတ်တွေကို လှုပ်နှိုးလိုက်သလိုပင်။ ခ,သည် ဒါ ဘယ်သူဆိုတာ သိနေတဲ့အတွက် အသည်းအသန်ကို ဖုန်းကိုင်လိုက်တော့သည်။

မင်းကို အဲဒီလောက်ထိ ကိုယ်ရူးနေပြီ ရှိန်း။

"မင်္ဂလာပါ စပ်(ဝ်)နေခ၊ ဒီနေ့ ချောကလက်ကို ကြိုက်ရဲ့ လား"

ချောကလက် ...။ ဒီ ... ဒီနေ့မှာ သူ ဘာကိုမှ လက်ခံရရှိခြင်း မရှိခဲ့ပါဘူး။ ခ,သည် ယောင်အမ်းအမ်း ဖြစ်သွား ကာ သူမကို ပြန်မေးရသည်။

"ရှိန်း ... ကျွန်တော် ဒီနေ့ ဘာမှမရဘူး"

"အပော် ... ရှင် မသိဘူးလား၊ တို့က ရှင့်ကိုလည်တယ် လို့ ထင်ထားတာ၊ ဒီနေ့ ရှင့်ဆီကို ဆဲယ့်တစ်ရက်မြောက်





နေ့အဖြစ် Hershey's Hug and kisses တံဆိပ် ချောက လက်(၁၁)တုံး ပို့ပေးတယ်လေ၊ တို့ကိုယ်တိုင် ရှင့်ကိုပေး တာတောင် မသိလိုက်ဘူးလား ...

အင်း ... အဲဒါကြောင့် 'ပေးကာပေး၏ မရ'ဆိုတဲ့ စကား ရှိခဲ့တာပေါ့"

အမ် ... သူ ခေါင်းတွေတောင် မူးလာပြီ။ ရှိန်းပြာ ရောင်က သူ့ဆီ ချောကလက် ပို့ပေးပြီးသွားပြီတဲ့။ ပြီးတော့ သူမကိုယ်တိုင် ပေးတာတဲ့။ သူ ဘာမှမရပါဘူး။ တစ်ခုခုတော့ လွဲနေပြီထင်တယ်။

"မဟုတ်ဘူး ... ကျွန်တော့်ဆီ ဘာမှမရောက်လာဘူး၊ လွဲ နေပြီထင်တယ် ရှိန်းပြာရောင်"

"မလွဲပါဘူး၊ ဒီနေ့ ရှင် ပျိုးဥယျာဉ်ခြံထဲ သွားတယ်မှလား၊ အဲဒီမှာ တို့ပေးလိုက်တာ"

ပျိုးဥယျာဉ်ခြံမှာ ပေးတာတဲ့။ သူဖြင့် သိတောင်မသိ ပါဘူး။

"ရှိန်း ... ဟို ... ကျွန်တော် ဘာမှမရဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံမှာ လောဆော စိတ်မောနေသည့်အသံ ဖြစ်နေတာကို တစ်ဖက်ကလည်း သတိထားမိသွားစွာဖြင့် ...

"ကဲပါ ... အဲဒီလောက် စိတ်မလောပါနဲ့၊ ဒီနေ့ ရှင်ဝယ်သွားတဲ့ ကျောက်ခက်ပန်းအိုးလေးထဲမှာ ချောကလက် ပါတယ်၊ တို့ကိုယ်တိုင် ရောင်းပေးလိုက်တာလေ"

"အဲဒါ ... အဲဒါ မင်း့လား၊ ခဏလေး ... ကိုယ် ချောကလက်ထုပ် သွားယူလိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ၊ တို့ ဖုန်းကိုင်ထားပါ့မယ်"

ခ,သည် သူ့အခန်းဝမှာ အလှတင်ထားသော ကျောက်ခက်အိုးလေးကို ကြည့်လိုက်မိသည်။ အပြင်ပန်းကြည့်ရင်တော့ သာမာန်ပါပဲ။ ခ,သည် ပန်းအိုးထဲတွင် ထည့်ထားသည့် အလှကျောက်စရစ်ခဲဖြူလေးကို ဖယ်လိုက်ရင်တော့ ဘူးဖြူဖြူလေးထဲမှာ အစီအရီ ထည့်ထားသည့် Hershey ချောကလက်လေး (၁၁)တုံး။ အဲဒီဘူးလေးမှာ တွဲချည်ထားသော postcard လေးမှာ မြင်ဖူးနေကျ စာသားလေးကို တွေ့လိုက်ရပြန်သည်။

"To ... Satt Nay Kha





From ... Shane Pyar Youn

Subject ... 11th Feb:"

... တဲ့။ သူဟာ တတ်လည်း တတ်နိုင်လွန်းသော အဲဒီကောင်မလေးကို လက်ဖျားခါသွားသလို ပိုပြီးလည်း မြတ်နိုးမိသွားပါသည်။ သူသည် ချောကလက်ဘူးလေးကို ငုံ့ယူလိုက်ပြီး ဖုန်းပြန်ပြောလိုက်သည်။

"ဟား ... မင်းရဲ့လုပ်ဆောင်ချက်က ပီပြင်ပါပေတယ်ကွာ၊ ရှိန်း ... ညနေက ပန်းအိုးရောင်းတာ မင်းပေါ့နော်၊ အဲဒါ ဟုတ်လားဟင်"

သူက တိုးဖျော့ဖျော့လေသံဖြင့် မေးလိုက်သလို စိတ်ထဲမှာလည်း အတော်အားဖျော့သွားတာဖြစ်သည်။ သူဟာ ဘာလို့များ သူ့ကို ပန်းအိုးရောင်းတဲ့ ကောင်မလေးကို မကြည့်ခဲ့မိတာပါလိမ့်။ ဖြူဖြူစင်စင် ပြင်ဦးလွင်သူလေး ဆိုတာကလွဲလို့ ကျန်တာမသိပါ။

ရှိန်းပြာရောင်ကိုတွေ့ဖို့ အခွင့်အရေး လွဲသွားခဲ့တာ မို့ မဟုတ်ပါစေနဲ့ ဆုတောင်းနေချိန်မှာပဲ သူမက ဝန်ခံခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် စပ်(ဝ်)နေခ ...

ရှင့် အံ့သြသွားတယ် မှလား၊ အဲဒါဆို တို့ ကျေနပ်တယ်"

"မင်း အရမ်းကို တော်ပါတယ် ရှိန်းပြာရောင်၊ ကျွန်တော့်ကို စိတ်လှုပ်ရှားစေပါတယ်"

သူတို့နှစ်ယောက်ကြားမှာ စကားသံတို့ ခဏတိတ်ဆိတ်သွားတော့သည်။ ရင်ခုန်သံချင်း တစ်ယောက်နှင့်တစ်ယောက် ခံစားနားထောင်နေမိတာလားတော့ မပြောတတ်ပါ။ ချစ်သွားပြီ ရှိန်းရယ်။

မင်းရဲ့ထူးဆန်းတဲ့ idea လေးတွေရယ်၊ ပြီးတော့ ကိုယ် မြင်နေရတယ်၊ မင်းရဲ့ဖြူစင်တဲ့နှလုံးသားလေးရယ်၊ အဲဒါတွေနှင့် ထပ်တူထပ်မျှ သူကလည်း သူမကို ... ...။

"ရှိန်း ... မင်း အချစ်ဆိုတာကို ယုံလားဟင်"

သူမက လေးနက်တည်ငြိမ်စွာသော မသိမသာ သက်ပြင်းချသံ တစ်ခုဖြင့် ခပ်တိုးတိုး စကားဆိုလေသည်။





"အချစ်ဆိုတာ ယုံကြည်စရာ အရာဝတ္ထုမျိုးလား စပ်(ဝ်)နေခ၊ တို့ကတော့ အချစ်ကို မယုံကြည်ဘူး၊ ချစ်တာထက် စွဲလမ်းပြီး တသသ မေ့မရတဲ့ နက်ရှိုင်းမှုမျိုးကသာ ခိုင်မြဲပြီး ယုံကြည်စရာ ကောင်းတာပါ"

စွဲလမ်းပြီး တသသ မေ့မရတဲ့ နက်ရှိုင်းမှုမျိုးကသာ ယုံကြည်ဖွယ်ရာ ကောင်းတယ်တဲ့လား ရှိန်း။ အဲဒါဆို ကိုယ်ကလည်း မင်းကို ...။

"ရှိန်း ဆယ့်လေးရက်နေ့ ရောက်တော့မယ်နော်၊ ကျွန်တော့်ကို ဗယ်လင်တိုင်းဒေးအကြောင်း ပြောပြမယ်ဆို"

"အင်း ... ပြောပြမှာပေါ့၊ ကျွန်မတို့ ဆုံတဲ့နေ့ကျရင် အဲဒီဒဏ္ဍာရီလေးကို ပြောပြမယ်၊ ဗယ်လင်တိုင်းဒေးလို့ ဘာကြောင့် ခေါ်တယ် ဆိုတာကိုပေါ့ ...

ကဲ ... တို့ ဖုန်းပိတ်လိုက်တော့မယ်နော်၊ မနက်ဖြန် ရှင့်အတွက် ထူးခြားတဲ့နေ့ကလေး ဖြစ်ပါစေ ... good luck"

"ဟေး ... ရှိန်း ... ရှိန်းပြာရောင်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဆက်စကားပြောခွင့် မပေးတော့ဘဲ ဖုန်းပိတ်သွားတော့သည်။ ဘာတွေလဲ။ မနက်ဖြန် ထူးခြားတဲ့နေ့လေး။ ရှိန်း ဘာကိုပြောသွားတာလဲ။

သူဟာ ချောကလက်ဘူးလေးကို ငေးကြည့်နေရင်းကမှ တစ်စုံတစ်ရာကို ဆတ်ခနဲ သွားသတိရမိသွားသည်။ ဟုတ်ပါ့မလား။ ဒီကိစ္စကို သူ ဘယ်သူ့ကိုမှ (မိဘားစုကလွဲ၍)ပြောပြတာ မဟုတ်ပါ။

ဘာပဲဖြစ်ဖြစ်ပါ၊ သူ မနက်ဖြန်တွေထက် ဗယ်လင်တိုင်းဒေး ဖြစ်တဲ့ သူ့ဘတ်ဒေးမှာ ရှိန်းနှင့်ဆုံတွေ့ဖို့ရယ်၊ ပြီးတော့ ရှိန်းပြောပြမယ့် ဗယ်လင်တိုင်း Story လေးကို သူမမျက်နှာလေးအား တစိမ့်စိမ့်ကြည့်ပြီး နားထောင်ရမည့် အချိန်တွေကို ပိုတောင့်တမိနေပါသည်။

❢○❢





ဖေဖော်ဝါရီလ(၁၂)ရက်နေ့

ရှိန်းပြောရောင်က ဘာအဓိပ္ပာယ်နှင့် ထူးခြားသောနေ့လေးဖြစ်ပါစေ ဆိုသော စကားလုံးသုံးသလဲတော့ သူ မပြောတတ်ပေမယ့် ဒီကနေ့က သူ့အတွက် ထူးခြားတယ်ဟု ပြောရပေမည်။ ဘာဖြစ်လို့လဲဆိုရင် ဒီနေ့ညနေမှာ မိုးသောက်နှင့် သူ ပူးပေါင်းပြီး စီစဉ်ထားသည့် "စေတနာ"ဆေးခန်းလေးမှာ ဒီနေ့သူ ဆေးခန်းစထိုင်မှာဖြစ်သည်။ ဒီအကြောင်းကို သူက ကောင်းဇံတို့ကိုတောင် ဒီမနက်ကမှ ပြောဖြစ်တာ ဖြစ်ပါသည်။

သူ့ရဲ့အချိုးတွေဟာ လူလိမ္မာ၊ လူတော်လေးဘက်သို့ ကူးလာတာဖြစ်သည်သည့်အတွက် သူ့ကိုတောင် ဘော်ဒါတွေက နောက်နေကြသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ဘော်ဒါကြီးတော့ အချစ်ကို ရှာဖွေတွေ့ရှိပြီး သွားကတည်းက အရင်လိုမဟုတ်ဘဲ အရမ်းအရမ်းကို လိမ္မာနေပါလား၊ ကေန္တတော့ ကေန္တပဲဟော့၊ ဘာလဲ ... သားသားလိမ္မာလာပါပြီ၊ မာမီရယ် ရှာပေးကွယ်၊ မိန်းမယူချင်တယ်ဆိုပြီး ပူဆာတော့မလို့ ရှေ့ပြေးစစ်ဆင်ရေး ဆင်နေတာလား"

ရဲခေါင်စကားကြောင့် သူက အသာပြုံးမိသွားပါသည်။ သူ့ပုံစံဟာ တကယ်ပဲ အဲဒီလို ဖြစ်နေသလားတော့ မပြောတတ်ပါ။

ရှိန်းပြာရောင် ဆိုသော ကောင်မလေးနှင့် ပတ်သက်ခဲ့မိတဲ့နောက်ပိုင်းမှာ သူဟာ အရင်ကလို မဟုတ်တော့ဘဲ အတွေးအခေါ်တွေ ရင့်ကျက်လာတာကို ရှက်လာသလိုရှိကာ အလုပ်လုပ်ဖို့လုံးပမ်းဖြစ်တော့သည်။

သူ ဆရာဝန်တစ်ယောက် ဘာလို့ ဖြစ်လာတာလဲလို့မေးရင် မျိုးရိုးရဲ့ဂုဏ်သိက္ခာကြောင့်လို့ပဲ ဖြေရမည်။ ဝါသနာ





ကြောင့်တော့ မဟုတ်ပါ။ ပညာဂုဏ်၊ ဓနဂုဏ်၊ ရူပဂုဏ်၊ လက်ရုံးရည်၊ နှလုံးရည် အားလုံးပြည့်စုံသာလွန်စေသော နှိုင်းမရလူမျိုးဖြစ်အောင် စီစဉ်ပေးခဲ့သော ဘွားဘွားအတွက် သူက ဆရာဝန်ဖြစ်စေခဲ့တာဖြစ်သည်။

သူ့ဝါသနာ အပြင်းအထန် မပါ,ပါဘဲ ဂုဏ်အရှိန်အဝါကြောင့်ဖြစ်တာမို့ ဒီဆရာဝန်အလုပ်ကို သူက professional အဖြစ် မလုပ်ဘဲ နေ,နေတာဖြစ်သည်။ အခုတော့ သူက သူ့ရဲ့ဆေးထိုးအပ်ကိုင်တဲ့လက်ကို မှီတက်မခံတော့ပါ။

သူတို့မြို့လေးရဲ့ နည်းနည်းနိမ့်ပါးသော အခြေခံလူတန်းစားတို့ရှိရာ ရပ်ကွက်လေးမှာ ဆေးခန်းလေးဖွင့်ခဲ့သော သူနှင့် မိုးသောက်အတွက်တော့ ဂုဏ်ယူစရာပင် ဖြစ်သည်။

"ဩော် ... ဒါနဲ့ မင်းရဲ့ရှိန်းပြာရောင် ဒီကနေ့အတွက် ပစ္စည်းပို့ပေးပြီးပြီလား"

သူက ခေါင်းအသာယမ်းလိုက်ကာ ကော်ဖီတစ်ငုံ, ငုံလိုက်ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့လည်း သူ ဘယ်လိုမထင်တဲ့ တိုက်ကွက်မျိုးနဲ့ဝင် မလဲ မသိဘူးကွ၊ ရှိန်းက ငါ့အတွက် အမြဲစိတ်ဝင်စား စရာကောင်းတဲ့ ကောင်မလေးပါ"

"မင်း သူ့ကို တကယ်ချစ်သွားတာပေါ့၊ ဟုတ်လား"

"အင်း ... အချစ်ဆိုတာမျိုးက အရမ်းထူးဆန်းတယ်ကွ၊ ပြီးတော့ ပဋ္ဌလက်ဆန်တယ်၊ ငါ ဘယ်မိန်းမကိုမှ စိတ် မဝင်စားခဲ့ဖူးဘူး၊ ငါနဲ့ တွဲသွားတွဲလာလုပ်တဲ့ ကောင်မလေး တွေဆိုတာလည်း ဘယ်လိုပြောမလဲ၊ တွဲတာပဲရှိတယ်၊ သူတို့အတွက် ခံစားချက်ဆိုတာ မရှိဘူး၊ ဒါပေမဲ့ ရှိန်းပြာ ရောင်ကိုကျတော့ အဲလိုမဟုတ်ဘူး ...

ငါ သူ့ကို အခုချိန်ထိ မမြင်ဖူး၊ မတွေ့ဖူးပါဘဲနှင့် သူ့အကြောင်းကို ဘာတစ်ခုလေးမှ မသိပါဘဲနဲ့ကို သူ့ကို စွဲလမ်းသွားမိတာ၊ အဲဒီတော့ကွာ ဘယ်လိုပြောရမလဲ၊ သူ့ရဲ့အပေါ်ယံလွှာ လှတယ် မလှဘူး ဆိုတာဟာ ငါ့အတွက် အရေးမကြီးတော့ဘူး၊ သူနဲ့ ပတ်သက်ခွင့် ရဖို့ကသာ အရေး ပါသွားတယ်၊ ဘာဖြစ်ဖြစ် ချစ်တယ်ဆိုတဲ့ ပုံစံမျိုးပေါ့ကွာ"





သူ့ရဲ့ဖွင့်ဆိုရှင်းပြချက် အပြီးမှာတော့ ကောင်းခံ့တို့ က လက်ခုပ်တီး bravo ထပေးကာ ...

"လုံးဝလေးစားသွားပြီ သူငယ်ချင်း၊ မင်းတစ်လျှောက်လုံး အချစ်ကို မယုံကြည်လာခဲ့သမျှ ဒီတစ်ခါတော့ I believe my love ဖြစ်သွားပြီပေါ့ ... ဟုတ်လား"

"ဒါပေါ့ကွာ၊ ငါ သူ့ကို တကယ်ချစ်မိသွားတာ"

ဖြစ်နိုင်မယ် ဆိုရင်တော့ သူက အဲဒီစကားကို ရှိန်း အား ဖွင့်ဟဝန်ခံချင်တာမျိုးဖြစ်သည်။ ဒါပေမဲ့ ဗယ်လင်တိုင်းဒေးမှ ပြောဖို့ ရည်ရွယ်ထားပါသည်။

သူ့ဘော်ဒါတွေနှင့် လမ်းခွဲပြီးနောက်မှာ သူ့ဟာ တစ်နေ့လယ်လုံး ရှိန်းရဲ့လက်ဆောင်ကို မျှော်နေမိသည်။ ဒါပေမဲ့ ဘာလက်ဆောင်မှ ရောက်ရှိလာခြင်း မရှိခဲ့ပါ။ ထားပါတော့ ညနေဘက်ရောက်မှာပါ။ အဲဒီလိုနှင့် ညနေခင်းလောက်မှာ သူ ဆေးခန်းထိုင်ဖြစ်သည်။ ဆေးခန်းအသစ်ဖြစ်ပေမယ့် သူတို့ဆေး ခန်းလေးဟာ သန့်ပြန့်သပ်ရပ်ကာ colour တစ်ခု ထွက်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပေးရှန့်(တ်)တစ်ယောက် ကြည့်ပြီးသွားချိန်မှာတော့ သူနာပြုဆရာမက သူ့ဆီကို ပန်းစည်းတစ်ပွေ့တစ်ပိုက်နှင့် ဝင်လာရင်း လာပြောလေသည်။

"အမျိုးသမီးတစ်ယောက်က ဒေါက်တာ့ကို ဒီပန်းစည်းတွေ ပေးပေးပါတဲ့၊ ရှိန်းပြာရောင်လို့ ပြောပါတယ် ဒေါက်တာ"

ရှိန်းပြာရောင်။ ဟား ... ဒီကောင်မလေး သူ ဆေးခန်းထိုင်တယ် ဆိုတာလည်း သိလိုက်ပြန်ပြီတဲ့လား။ သူဟာ အံ့သြမှုတစ်ဝက်၊ ကြည်နူးမှုတစ်ဝက်နှင့်အတူ သူနာပြုဆီက ပန်းစည်း၊ ပါကင်အိတ်လေးနှင့် စာကို ယူလိုက်ပြီး ...

"ကျေးဇူးတင်ပါတယ် မချို၊ လုပ်စရာရှိတာ သွားလုပ်ပါ"

သူနာပြုဆရာမလေး ထွက်သွားပြီးနောက်မှာ ခ,သည် အရင်ဆုံး စာကိုဖွင့်ဖောက်ကာ ဖတ်ကြည့်လိုက်မိသည်။ ဒါ သူမရဲ့လက်ရေးဖြစ်မည်။ မင်စိုဘောပင်လေးနှင့် ရေးထားသော ဝိုင်းစက်ညီညာပြန့်ပြူးသော လက်ရေးလေးဟာ ချစ်ဖို့ကောင်းပေစွ။





"သို့ ...

စပ်(ဝ်)နေခ ...

အစကတော့ ဆယ့်နှစ်ရက်မြောက်လက်ဆောင်လေးကို ကိုယ်တိုင် ရှင့်ဘေးနားမှာ ထားခဲ့မလို့ပါပဲ။ ဒါပေမဲ့ ဒီလည်းရောက်ရော ရှင် လူနာတွေနဲ့ မအားဘူး ဆိုတာတွေ့ရလို့ တို့ တစ်ဆင့်ပေးခိုင်းလိုက်တာပါ။

ပါကင်ထုပ်လေးက ဆယ့်နှစ်ရက်မြောက် လက်ဆောင်၊ ပန်းစည်းကတော့ ပထမဆုံး ဆေးခန်းထိုင်တဲ့နေ့အတွက် အမှတ်တရပါ။

လူ့တွေအတွက် အဖိုးတန်ဆုံးအလုပ်နှင့် ကုသိုလ်ပြုနေတဲ့ ရှင့်အတွက် ဂုဏ်ယူဝမ်းသာပါတယ်။

ရှိန်းပြာရောင်"

...။ အဲဒီစာကို ဖတ်ပြီးနောက်မှာတော့ သူဟာ တစ်ယောက်တည်း ကျေနပ်စွာပြုံးလိုက်ရင်း ပါကင်အိတ်လေးကို ဖွင့်ကြည့်လိုက်တော့သည်။ ကာတွန်း Disney ရုပ်လေးတွေပါသော postcard သေးသေးလေး ဆယ့်နှစ်ခုဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"To ... Satt Nay Kha

From ... Shane Pyar Youn

Subject ... 12nd Feb:"

...။ ဆိုသော စာသားလေးတွေနှင့် ဒီပစ္စည်းလေးတွေရဲ့ ညှို့အားတွေဟာ သူ့ရင်ကို အတိအကျ ထိမှန်စေပါသည်။ နှလုံးသားထဲမှာ ညင်သာနူးညံ့သော ခံစားမှုတစ်ခုရဲ့ စေစားချက်အတိုင်း ရှိန်းကို သူ ချစ်ခဲ့မိတာပင် ဖြစ်ပါသည်။

အဲဒီအတွက် ချစ်တာတစ်ခုပဲ နားလည်ပါသည်။

❣○❣





"ဒါ အံ့ဩစရာ မဟုတ်ပါဘူး၊ တို့က ရှင့်အကြောင်းကို သိအောင် စုံစမ်းထားတာပဲဟာ့"

ရှိန်းက ခပ်မြူးမြူးလေး သူ့ကိုပြောလိုက်လျှင် သူက တစ်စုံတစ်ရာကို တမ်းတနေသော လိုက်မောသံဖြင့် ...

"မင်းကို ကိုယ် အရမ်းကို တွေ့ချင်တာပဲ ရှိန်းရယ်၊ မင်းက စိတ်ဝင်စားဖို့လည်း ကောင်းတယ်၊ ပြီးတော့ ..."

သူ ဘာကိုပြောချင်နေတာလဲ။ ရှိန်းက ရင်တွေ တထိတ်ထိတ် အခုန်မြန်လာကာ ဒူးတွေတောင် ညွတ်ကျမတတ် ဖြစ်မလို ဖြစ်နေတာကြောင့် ဆက်ပြောလာမည့် သူ့စကားတွေအတွက် တားမြစ်မှုတစ်ခု ပြုရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဒီနေ့ ဆေးခန်းထိုင်တဲ့ အတွေ့အကြုံလေး ပြောပြဦးလေ"

ရှိန်း စကားလမ်းလွှဲသွားတယ် ဆိုတာ သူက နားလည်သိတတ်စွာဖြင့်ပင် စကားလမ်း ပြောင်းပေးရှာပါသည်။

"အင်း ... ဒီနေ့ ထူးခြားပါတယ်၊ ကိုယ့်အတွက်တော့ အတွေ့အကြုံသစ်ပေါ့၊ ကိုယ် ဟောက်(စ်)ဆင်းတုန်းက ထက် ပိုပြီးလက်တွေ့ကျတဲ့ ခံစားမှုမျိုးကို ခံစားရတယ်၊ ပြီးတော့ ကိုယ့်ပေးရှန့်တွေအတွက် အကောင်းဆုံးဖြစ်စေချင်တဲ့ စိတ်မျိုး ဖြစ်လာတယ်"

သူ့ရဲ့အဲဒီအပြောလေးက ချစ်စရာ ကောင်းလိုက်တာ။ သူ့ကို ထူးချွန်ပြီး ထက်မြက်တဲ့ အကျိုးပြုဆရာဝန်ကောင်း တစ်ယောက် ရှိန်း ဖြစ်စေချင်တာပါ။ ပြီးတော့ လူရုပ်၊ မိန်းကလေးတွေ အသည်းကိုခွဲတဲ့ Lady killer ဆိုတဲ့ အမည်နာမကြီး မရှိစေချင်ပါ။

ရှင့်ကို ဖြူဖြူစင်စင်နှင့် ခမ်းနားတင့်တယ်တဲ့ မင်းသားလေးအဖြစ်ပဲ မြင်ချင်တာပါ ခ,ရယ်။





"ရှိန်း ... ဘာလို့ စကားပြန်မပြောတာလဲဟင်"

အေးအေးချမ်းချမ်းနှင့် နေလို့ထိုင်လို့ကောင်းသော ရာသီဥတုနှင့်အပြိုင် ငြိမ်းအေးသော လေလှိုင်းထဲက အေးမြသည့် အသံလေးကြောင့် နှလုံးသားတစ်ခုလုံး ကြည်မွေ့သွားရပါသည်။ သူ ရှိန်းကို "ရှိန်း"လို့ တစ်ခါခေါ်တိုင်း ဘယ်လိုနားဝင်ပီယံရှိမှန်းမသိပါ။

သူ့နှလုံးသားကို ရှိန်းမြင်နေပြီ။ ရှိန်းဘက်ကတော့ သူ့ကို စချစ်ခဲ့တာ ဖြစ်ပေမယ့် သူ့ရဲ့နှလုံးသားကို ဖတ်တတ်ခဲ့သောအခါ ကိုယ့်ကိုယ်ကိုယ် ရှက်မိသလို ရှိပါသည်။

"ရှိန်း"

"ပြောလေ ... တို့ နားထောင်နေပါတယ်"

"ဘာလို့ စကားသံ တိတ်သွားတာလဲဟင်"

"အင်း ... ဘာပြောရင် ကောင်းမလဲ စဉ်းစားနေတာပါ၊ ရှင်နဲ့ တို့က ဖုန်းပြောဖြစ်တယ် ဆိုပေမယ့် အကြောင်းအရာက မယ်မယ်ရရ သိပ်မရှိဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"အာ … ဒါပေမဲ့ ရှိန်းက စကားပြောကောင်းတဲ့သူပါ၊ မင်း စကားပြောရင် အရမ်းနားယောင်လို့ ကောင်းတယ်၊ ကိုယ့်ဘဝမှာ မင်းက အမှတ်တရတွေ အများဆုံးရှိတဲ့ မိန်းကလေးပါ ရှိန်းရယ်"

တကယ်ပဲလားဟင်။ တို့ကို ပုံပြင်တွေတော့ မပြောပြပါနဲ့ ကောင်လေးရယ်။ သူနှင့်ရှိန်းရဲ့ကြားမှာ အလွှာပါးပါးလေး တစ်ခုသာ ခြားထားတယ်ဆိုတာ သူရော ရှိန်းပါ ရိပ်မိပြီးဖြစ်ပါသည်။ ကာရံထားတဲ့ အလွှာပါးလေးကနေ ရှိန်းက မျက်နှာထွက် ပြလိုက်တယ် ဆိုတာနှင့် သူက ရင်ဖွင့်ပွဲ အခမ်းအနားမျိုးကို ကျင်းပတော့မှာဖြစ်သည်။

သူနှင့်တွေ့ဆုံဖို့ နီးလာလေလေ ရှိန်းရဲ့ရင်ခုန်နှုန်း တွေ ပိုမိုမြန်ဆန်လာလေလေပဲဖြစ်သည်။

သူ့ကို ရှိန်း ချစ်မိနေခဲ့ပါသည်။

"ကိုယ်တို့ ဆယ့်လေးရက်နေ့မှာ တကယ်ဆုံကြမှာနော် ရှိန်း။ ကိုယ် မင်းကို သိပ်တွေ့ချင်တယ်။ ပြီးတော့ မင်း ကို စကားတွေ အများကြီး ပြောချင်တယ်"





"အခုလည်း ပြောနေတာပဲလေ"

သူ ဘာကိုဆိုလိုချင်တယ် ဆိုတာကို ရှိန်းကသိ လျက်နှင့် တမင်မသိဟန်ဆောင် မေးလိုက်တာဖြစ်သည်။ သူက လည်း ရှိန်းရဲ့စကားကို သိသည့်အလား ပြန်ပြောပါသည်။

"ပြောတာတော့ပြောနေတာပဲ၊ ဒါပေမဲ့မတူဘူးလေ၊ ကိုယ် စကားလေးတစ်ခွန်း ကြားဖူးတယ်၊ လူတစ်ယောက်အတွက် လေးနက်တဲ့စကားကို ပြောတယ်ဆိုတာ သူ့ရင်ထဲမှာ တကယ်ကို စစ်မှန်စွာဖြစ်နေလို့ပါ၊ အဲဒီအတွက် ထောင်တန် တဲ့စကားကို ပါးစပ်က ပြောတာထက် မျက်လုံးတွေက ပြောပြတာကို နားထောင်ပေးပါတဲ့ …

ကိုယ်ကလည်း အဲဒီလိုပဲပေါ့၊ ရှိန်းနဲ့ လေးနက်စစ် မှန်တဲ့စကားတွေပြောဖို့ မျက်ဝန်းတွေ ဆုံခိုင်းဖို့ လိုတယ် လေ"

အဲဒီစကားကြောင့် ရှိန်းဟာ အရမ်းကိုကျေနပ်သွား ကာ ကျေကျေနပ်နပ်ကြီးကို ပြုံးမိသွားသည်။ ပြင်ဦးလွင်က ကောင်လေးတစ်ယောက်ရဲ့ ကြီးမြတ်တဲ့ ချစ်ခြင်းမေတ္တာငွေ့တွေက တစ်မြို့လုံးကို ယှက်သန်းထားသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မေတ္တာငွေ့တွေက ရှိန်းရဲ့ရပ်ဝန်းတစ်ဝိုက်မှာတော့ နွေးထွေးနေပါသည်။

မျက်ဝန်းတွေ ဆုံကြဖို့တဲ့လား။

အဲဒီအကြောင်းကို တွေးမိလိုက်လျှင် ရှိန်းက လေးဖြူရဲ့"နူးညံ့တဲ့အမိန့်တော်"ဆိုတဲ့ သီချင်းကို နားထဲကြားယောင်မိသွားပါသည်။

"မျက်ဝန်းများနဲ့ ... သူရယ် ကိုယ်ဆုံတွေ့တဲ့ခဏ မျက်ဝန်းများထဲ ... အချစ်ကိုတွေ့ရှိခဲ့ကြ ... လောကကြီးနဲ့အဆက်ဖြတ်ကာ ... လေဟာနယ်ထဲ ... မိုးသားများအဖြစ်တို့နှစ်ဦး မျောလွင့်သွားကြ"

အဲဒီသီချင်းထဲကလိုပဲ သူနှင့်ရှိန်းဟာ မျက်ဝန်းတွေကတစ်ဆင့် အချစ်ကိုတွေ့မှာတဲ့လား။ အဲဒါဆိုရင်တော့ ရှိန်းရဲ့မျက်ဝန်းထဲမှာ အဓိပ္ပာယ်ပိုများနေမလားပဲ။

"ဩော် ...ဒါနဲ့ ရှိန်း မွေးနေ့ကကော ဘယ်တော့လဲ"

"ဘာလုပ်မလို့လဲ"





"ဩော် ... သိချင်လို့ပါ၊ ကိုယ့်အကြောင်းကိုတော့ မင်းက အားလုံးသိပြီး ကိုယ်ကမသိရဘူးဆိုရင် မကောင်းဘူးလေ"

"ရှင်သိချင်ရင် ပြောပြမှာပေါ့၊ ဒါပေမဲ့ အခုတော့မဟုတ်ဘူး နောက်မှ"

"အိုခေ ... ဒါဆို ရှိန်း ကိုယ့်ကို အကြွေးနှစ်ခု တင်သွားပြီနော်"

သူ့အပြောကြောင့် ရှိန်းက အံ့သြသွားပြီး ...

"ဟင် ... ဘာအကြွေးလဲ၊ တို့ ရှင့်ဆီက ပိုက်ဆံမချေးဘူးပါဘူးကွာ"

"ဟား ဟား ... မနောက်ပါနဲ့ကွာ၊ မင်း ကိုယ့်ကို ဗယ်လင်တိုင်းဒေးဖြစ်လာတဲ့ Story ပြောပြဖို့ရယ်၊ မင်း ဘတ်ဒေး ပြောပြဖို့ရယ် ကျန်နေတယ်လေ၊ မရဘူး ... ကိုယ်တို့ဆုံတဲ့နေ့ကျရင် ပြောပြရမယ်"

ချစ်စရာကောင်းသော အဲဒီအပြောလေးကို ရှိန်းက အပိုင်တောင်ဝယ်ထားပြီး ပါကင်ထုပ် သိမ်းထားချင်လိုက်တာ။ ကဲ ကဲ ... ထားပါလေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ဖုန်းပြောတဲ့အခန်းကဏ္ဍ ဒီမှာတင်ရပ်မှပါ။

"ကဲပါ ... ဒါဆို တို့ ဖုန်းပိတ်လိုက်တော့မယ်၊ ကောင်းသော ညပါ စပ်(ဝ်)နေခ ...

see you tomorrow"

ရှိန်းက အနိုင်နဲ့ပိုင်း ဖုန်းချလိုက်တော့သည်။ သူနှင့် ဖုန်းပြောပြီးသည်အထိ တသိမ့်သိမ့်နှင့် နွေးထွေးစွာ ကျန်ရစ်ခဲ့သော ရင်ခုန်ခံစားမှုများမှာ ဘာနဲ့မှမလဲနိုင်ပါ။

သူနှင့် မျက်ဝန်းချင်းစကားပြောရမည့်မှယ်လင်တိုင်းဈေးကိုသာ ရင်ခုန်နေမိပါသည်။

❣○❣





## ဖေဖော်ဝါရီလ (၁၃)ရက်နေ့

မနက်က မမ ပြန်ရောက်သဖြင့် ရှိန်းသည် မမနှင့်အတူ မိသားစုစုံညီစွာ စားကြသောက်ကြလေသည်။ ရှိန်းရဲ့မမဟာ ဒီအတောအတွင်းမှာ ပိုပြီး လှလာသလားလို့ပင်။ ပုံစံလေးကလည်း မြူးကြွနေကာ Hair style ကလည်း အသစ်ဖြစ်သည်။ ရှိန်းက မသက်သာသလို မျက်စောင်းတစ်ချက်ချီကာ ...

"မမနော် ... meeting ကိစ္စအကြောင်းပြပြီး ရန်ကုန်ကိုဆင်းတာ ဟုတ်ကောဟုတ်ရဲ့လား၊ ရှိန်းတော့ မယုံချင်ဘူးနော်၊ ဆံပင်ဒီဇိုင်းတွေကလည်း ပြောင်းလာတယ် မှန်မှန်ပြော၊ ဘယ်သူ့အတွက် အလှတွေပြင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းရဲ့ဘုဆတ်ဆတ်အမေးကို မမက သဘောကျပြီး တဟားဟားရယ်မောဟာ ရှိန်းရဲ့ပခုံးလေးကို ခပ်ဖွဖွဖက်၍ ...

"မဟုတ်ရပါဘူးရှင်၊ ဆံပင် Style ပြောင်းတယ်ဆိုတာက လည်း မမတို့ Cosmetic တွေရဲ့ ပင်တိုင်မင်းသမီး သဏ္ဌာန်ချိုက beauty saloon ဖွင့်လို့သွားအားပေးတာကနေ သူတို့တွေက အတင်းတိုက်တွန်းလို့ ပြောင်းဖြစ်သွားတာ ရိုးရိုးလေးပဲ ...

ကျုပ်ကိုသာ စစ်နေတယ် နေစမ်းပါဦး ... ဒီကလည်း မေးရဦးမယ်၊ မမ ရန်ကုန်ဆင်းနေတုန်း ရှိန်း အိမ်ကပ်တယ် လို့ကိုမရှိဘူးဆို၊ တစ်နေ့တစ်နေ့ ထွက်လိုက်တဲ့အပြင်တဲ့၊ ဘွားဘွားက တိုင်ထားတယ်နော် ...

ပြော ... အဲဒါက ဘာအထာလဲ ... ရှင်းပါဦး"

မမက ရှိန်းကို မျက်စချီမေးလိုက်လျှင် ရှိန်းသည် အဲ့ခနဲဖြစ်သွားကာ မျက်နှာနည်းနည်းပျက်သွားရတော့သည်။ ရှိန်းကို ဘွားဘွားတို့ ပြောလည်းပြောချင်စရာပင်။ တစ်နေ့တစ်နေ့ အိမ် ကပ်တယ်လို့ကိုမရှိပါ။ မေခတို့ ရွှေစင်တို့အုပ်စုနှင့် ဟိုသွားလိုက်





ဒီသွားလိုက်၊ ပြီးရင် ခ,ကိစ္စအတွက် ခေါင်းချင်းရိုက်တိုင်ပင်ရနှင့် အရမ်းကို မျက်စိစပါးမွေးစူးချင်စရာပင်ဖြစ်သည်။

ရှိန်းသည် ကိုယ့်အကြောင်း လူမသိအောင် ဟက်ခနဲ ရက်ရယ်တစ်ချက်ရယ်ကာ ရှော်ပစ်လိုက်သောအထာဖြင့် ...

"အဟဲ ... ဘာအထာမှမရှိပါဘူး မမရဲ့၊ သမီးက ဘော်ဒါ တွေနဲ့ တွေ့ကြုံဆုံခိုက် လျှောက်လည်နေတဲ့ သဘောပါ အဟဲ ဟဲ"

"ဟွန်းနော် ... သိပ်တော့ မယုံချင်ပါဘူး"

ရှိန်းက ယုံပါဘညာပြောကာ မမကို ချွဲမလို့လုပ် တုန်းမှာပဲ ရှိန်းရဲ့ဘောင်းဘီအိတ်ကပ်ထဲမှ ဖုန်းလေးက ထမြည်လာ လျှင် ရှိန်းက မမကို မျက်စိတစ်ဖက်မှိတ်ပြရင်း ...

"ပလိ(စ်) ... မမ ဖုန်းကိုင်လိုက်မယ်နော်"

မမက ခေါင်းညိတ်ပြလိုက်လျှင် ရှိန်းသည် မမရှေ့ မှာပင် ဖုန်းဖွင့်နားထောင်လိုက်ပါသည်။ (တစ်မျိုးထင်သွားမှာစိုး သောကြောင့်)။

"အင်း ... မေခ ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ရှိန်း ဒီနေ့ နင် ဘာမှ မလှုပ်ရှားပါလား၊ ဘာလဲ ... ပေးပြီးသွားပြီလား"

"နီး ... နီး ... မနက်က ငါ့အစ်မ ပြန်ရောက်လာလို့ အိမ်မှာပဲရှိတယ်"

"ဩော် ... အိုကေ ... အိုကေ ... I see ပြီ၊ ငါတို့လာခဲ့ရမှာလား"

"ဟုတ်တယ်၊ ဟို နင်တို့သဘောပဲလေ"

"ဟုတ်ပြီ လာခဲ့မယ်၊ wait a minute"

ရှိန်းက ဖုန်းပြောပြီးသွားလျှင် မမဘက်ကို လှည့်ကာ ...

"မေခတို့လေ၊ အိမ်လာမလို့တဲ့ မမရဲ့"

"အင်း ... အင်း ... မမနဲ့ နောက်ရက်တွေကျမှ လျှောက်လည်ကြတာပေါ့"

"ဟုတ် ... မမ"

ရှိန်းနှင့် မမက စကားပြောနေချိန်မှာပင် မေခတို့အုပ်စုက ဆိုင်ကယ်ကိုယ်စီဖြင့် ပေါက်ချလို့လာလေပြီး ဖောရှော





အထာတွေလုပ်ကာ ရှိန်းကို အပြင်ရအောင် ခေါ်ထုတ်လေသည်။ ရှိန်းရဲ့သူငယ်ချင်းတွေက အဲဒီလိုမျိုးကို အားကိုးရပါသည်။

"ရှိန်း လိုက်သွားလေ၊ ညနေတော့ အရမ်းမစောင်းစေနဲ့"

အိုကေ ... မမဆီက ပါမစ်ရတာနှင့် ရှိန်းသည် မြူးကြွစွာဖြင့် ခေါင်းတစ်ချက်ညိတ်ကာ အကျီသွားလဲဦးမည်ဟု ပြောပြီး အပေါ်တက်လာခဲ့သည်။ ရှိန်းသည် ဒီနေ့ သူ့အတွက် ရည်ရွယ်ထားသည့် ရေမွှေးပန်းခြောက်နင်းဆီ(၁၃)ပွင့်ကို ပါကင်ပန်းစည်းသေးသေးလေးပုံစံ ထုပ်ပိုးထည့်ထားသောကြောင့် မမ မသိအောင် ယူသွားရာမှာ အဆင်ပြေပါသည်။

အိတ်ထဲမှာ ပစ္စည်းထည့်ပြီး အဝတ်အစားလဲပြီးသွားသည့်နောက်မှာတော့ ရှိန်းသည် ရင်ခုန်စွာ တစ်ချက်ပြုံးမိပါသည်။ မနက်ဖြန်ဆို တို့တွေရဲ့မျှော်လင့်ချက်တွေ အရောင်တောက်အသက်ဝင်ပေပြီ။ သူ့မွေးနေ့ဖြစ်တဲ့ မနက်ဖြန်ရဲ့လက်ဆောင်ကိုတော့ ရှိန်းက အဆင်သင့် ပြင်ဆင်ပြီးသွားပြီဖြစ်သည်။

အား ... မြန်မြန်သာ ရောက်လှည့်ပါတော့ မနက်ဖြန်။



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းသည် ကိုယ့်အတွေးတွေကို ဖျောက်၍ အောက်ထပ်သို့ ပြန်ဆင်းလာတော့သည်။

"ကဲ ... ready ပဲ၊ မြန်မြန်သွား မြန်မြန်ပြန်ပဲနော်၊ နင်တို့ သိပ်ရှုပ်တယ် ... ဟင်း ဟင်း"

ရှိန်းက မေခနှင့် ရွှေစင့်ကို ဖိန့်ဖိန့်လုပ်ခိုင်း၍သာ ဒီနေ့အပြင်ထွက်ဖို့ကိစ္စက အဆင်ပြေသွားတာဖြစ်သည်။ ရှိန်းတို့သည် မမကို နှုတ်ဆက်ပြီးနောက် မေခရဲ့ဆိုင်ကယ်ကို အိမ်မှာပဲထားခဲ့ကာ ရှိန်းရဲ့ဂျစ်ပုလေးနှင့်ပဲ သွားလိုက်တော့သည်။

"ဟူး ... ကြီးတော် ငါတို့ကို ဒုက္ခပေးရတာ တော်တော်မှနေသာထိုင်သာ ရှိရဲ့လား"

"ဟဲ ... ဟဲ ... အချစ်တို့ကလည်း ဒါလေးကူညီရတာကို၊ ကဲပါ ... ဒီနေ့ action က ကြီးတယ်၊ အဲဒီအတွက် ငါတို့တွေ ဓာတ်ကြိုတိုက်ထားရမယ်"

ရှိန်းရဲ့စကားကြောင့် မေခတို့က လှုပ်လှုပ်ရှားရှားဖြစ်သွားကြပြီး ...

"နင့်မှာ ဘာအစီအစဉ် ရှိလို့လဲ"





ရှိန်းက ကားကို ဘေးသို့ထိုးရပ်လိုက်ကာ သူမတို့ဘက်သို့ မျက်နှာလှည့်၍ ...

"ဒီလိုဟ ... ဒီနေ့က ငါကိုယ်တိုင် သူ့ဆေးခန်းထဲကိုပစ္စည်းအရောက်ပို့ပေးချင်တာ၊ အဲဒီအတွက် နည်းနည်းတော့ ဓာတ်ကွက်ခင်းရမှာပေါ့ဟယ် ...

ငါတို့သုံးယောက်ပေါင်းထားတာပဲ၊ အကြီးကြီးလုပ်လို့ရတယ် ... ဟဲ ဟဲ"

"ကဲပါ ... ဘာလုပ်ရမလဲ ဆိုတာသာပြော၊ ဒီလောက်တောင် စကားတွေ ပလ္လင်ခံနေပုံရရင် ဟင်း ... ဟင်း၊ ရင်ခုန်တယ်ဟေ့"

ရွှေစင်က သူ့ရင်ဘတ် သူဖိကာ နောက်ရွတ်ရွတ်ဖြင့်ပြောလျှင် ရှိန်းနှင့် မေခက သဘောကျ၍ တဟားဟားအော်ရယ်နေမိတော့သည်။ ရှိန်းသည် ဒီကနေ့အတွက် အားဖြည့်ကူညီဖို့လူကိုတော့ ရွှေစင့်ကိုပဲ အပူကပ်ရတော့မည်။

"ငါ ပြောပြမယ်ဟယ်၊ ဆေးခန်းဆိုတော့ သူ့ဆီရောက်အောင် အလွယ်တကူ သွားလို့ရတယ်၊ ဒါပေမဲ့ ဒီတိုင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ငါဝင်သွားတာနဲ့ ငါဘယ်သူဆိုတာ သူသိသွားနိုင်တယ်ဟာ၊ အဲဒီတော့ သူ မသိဘဲနဲ့ သူ့အခန်းထဲမှာ ထားနိုင်တဲ့နည်းကို သုံးရဖို့အတွက် ငါနဲ့အတူ ဆေးခန်းလိုက်ဖို့ ရွှေစင် plz help me !”

ရှိန်း စကားကို သဘောပေါက်သွားသော ရွှေစင်က ရှိန်းကို မျက်စောင်းတစ်ချက်ထိုး၍ ...

“ငါကပဲ လူဇာမာ လုပ်သင့်တယ်ပေါ့၊ ဖြစ်ပါ့မလားဟယ်၊ တော်ကြာ ဆေးထိုးတာတို့ ဘာတို့လုပ်ရင် သက်သက်မဲ့ ငါက ဓားခုတ်ရာ လက်ဝင်လျှိုလိုက်ရဦးမယ်”

“အာ ... နင်ကလည်း ဘာမှမဖြစ်စေရဘူး၊ ဆေးလည်း အထိုးမခံရပါဘူးဟယ်၊ နှာစေးချောင်းဆိုး လာပြတဲ့သဘောပါ ဘာညာပေါ့၊ ကူညီပါ ရွှေစင်လေးရယ်”

“ဟွန်း ... ဝဋ်ရှိသလောက်တော့ ခံဆပဦးတော့ မိရွှေစင်ရေ၊ ဟင်း ... ရှိန်းပြာ့်ရောင် ရှင်ကြိုက်သလိုသာလုပ်တော့”

မေခကတော့ ရွှေစင်ရဲ့ဖြစ်နေပုံကိုကြည့်ပြီး တဟားဟား အော်ရယ်နေပါတော့သည်။ အင်း ... ရှိန်းလည်း သူတို့နှစ်





ယောက် ရှိနေလို့သာ ဒီလောက် အိုကေလာတာဖြစ်သည်။ ရှိန်းသည် ကားကိုဆက်မောင်းလာခဲ့ရင်း သူ့ဆေးခန်းနှင့် မလှမ်းမကမ်းမှာရပ်ကာ ရှိန်းနှင့် ရွှေစင်က ဆေးခန်းထဲကို ဝင်လာကြသည်။

မေခကတော့ ကားပေါ်မှာ စောင့်နေတာဖြစ်၏။ ရှိန်းတို့ ဆေးခန်းအရောက်မှာ ကိုယ့်ရှေ့ကနှစ်ယောက်၊ သုံးယောက်လောက်ရှိနေသဖြင့် ထိုင်ခုံတန်းလေးမှာ ထိုင်စောင့်နေရင်းက ရွှေစင့်ကို ဓာတ်တိုက်ရသေးသည်။

“ရွှေစင် ... ပိရိပါစေနော်”

“စိတ်ချပါ၊ နင်သာ နင့်ကိစ္စကို အိုကေအောင်လုပ်၊ ငါ့ကို ပူမနေနဲ့၊ ဒီလောက်ကတော့ ပိုင်တယ်”

ရှိန်းနှင့် ရွှေစင်က စကားတပြောပြောဖြင့် စောင့်နေရင်း ကိုယ့်အလှည့်သို့ ရောက်လာလျှင်တော့ ရင်တစ်ချက်ခုန်သွားပါသည်။ ရှင်နှင့် အနီးဆုံးနေရာကို ရောက်နေပါပြီ ခ။ ရှိန်းနှင့် ရွှေစင်က သူ့အခန်းထဲ ဝင်သွားလျှင်တော့ သူက မျက်လုံးအကြည့်နှင့် ရှိန်းက သူ့ကိုအကြည့် မျက်ဝန်းချင်း သွားဆုံရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ရှိန်းသည် အဆမတန်ပင် ရင်ခုန်နှုန်းကြီးမားလာခဲ့ပေ၏။ သူကလည်း ရှိန်းကို တဒင်္ဂမှင်သက်စွာ ငေးကြည့်နေပြီး သတိပြန်ဝင်သွားကာ မျက်လုံးလွဲသွားပြီး ...

"ဟို ... ဘာဖြစ်လဲ ခင်ဗျ"

ရွှေစင်က ခပ်သွက်သွက်ပင် ဝင်ဖြေပါသည်။

"နှာစေးပြီး ချောင်းဆိုးချင်သလို ဖြစ်နေတယ် ဒေါက်တာ၊ ရာသီဥတုကလည်း နည်းနည်းအေးတော့ ဖျားမှာစိုးလို့ပါ ဒေါက်တာ"

"ကျွန်တော် ကြည့်ပေးပါ့မယ်၊ ဒီဘက်ကိုကြွပါ ခင်ဗျ"

ရွှေစင့်ကို သူက လိုအပ်တဲ့ treatment ပေး၊ ပရက်ရှာတိုင်းနေချိန်မှာ ရှိန်းသည် အိတ်ထဲက ပါကင်ပန်းစည်းအသေးလေးကိုထုတ်ကာ ဘယ်နေရာမှာ ထားရပါ့ဆိုပြီး မျက်စိတစ်ချက်ကစားလိုက်သည်။

အကောင်းဆုံးကတော့ ရှိန်းရဲ့ဘေး မလှမ်းမကမ်းမှာရှိနေသည့် သူ့ရဲ့သီးသန့်စားပွဲပေါ်မှာ တင်ခဲ့လိုက်တာပဲဖြစ်သည်။ ဒါပေမဲ့ သူ ရှိနေတော့ ဘယ်လိုလုပ်ရပါ့မလဲ။





"ဘာမှမဖြစ်ပါဘူး၊ ရာသီဥတုက နည်းနည်းအေးတော့ နှာစေးတာ ဖြစ်မှာပါ၊ အဖျားသွေးလည်းမရှိဘူး၊ pressure လည်း ပုံမှန်ပါဘဲ ...

ကျွန်တော် နှာမွန်ပျောက်ဆေး ပေးလိုက်မယ်လေ"

သူက ဆေးတွေစပ်ကာ အိတ်ထဲထည့်ပြီးနောက် ရွှေစင့်ကို လှမ်းပေးလေသည်။ ရွှေစင်က ဆေးကိုလှမ်းယူပြီး ရှိန်းကို မျက်စလှမ်းပစ်လိုက်သည်။ ရှိန်းသည် ပေးဖို့ရာ ဘယ်လိုမှအခွင့်မသာသောကြောင့် ပြန်ဖို့ ထရိုက်လျှင်တော့ ကံတရားက ရှိန်းကို လက်ဆောင်ပေးလိုက်ပါသည်။

"ဒေါက်တာ ... ပေးရှန့်တစ်ယောက် accident ကြောင့် ခြေထောက်ထိထားတာ၊ ကျွန်မ လွှတ်လိုက်မယ်နော်"

"ဗျာ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့"

သူက စိုးရိမ်ကြီးစွာဖြင့် အဲဒီ အက်ဆီးဒင့်ဖြစ်ထားတဲ့သူကို ပြေးတွဲကာ ဗျာများနေရှာသည်။ အဲဒါကိုက ရှိန်းအတွက် မဟာအခွင့်အရေးပါ။ ရှိန်းသည် ကျေနပ်စွာ ပြုံးလိုက်မိသည်။ သူ့လူနာအပေါ်မှာ ဆရာဝန်ကောင်း ပီသစွာ အာရုံနှစ်ပြီး ဂရု



www.burmeseclassic.com

www.burmeseclassic.com



စိုက်နေတဲ့ အချိန်မှာပဲ ရှိန်းက သူ့စားပွဲပေါ်မှာ ဆယ့်သုံးရက် မြောက်လက်ဆောင်ကို အသာတင်ကာ ရွှေစင်နှင့်အတူ ပေါ့ပါး လွတ်လပ်သော ခြေလှမ်းတို့ဖြင့် ထွက်လာခဲ့တော့သည်။ မေခက တော့ ကားပေါ်မှာ ရင်တမမနှင့် စောင့်နေရှာတော့မည်။

ကဲ ... ဆယ့်သုံးရက်မြောက် လက်ဆောင်ကိုတော့ အောင်မြင်စွာ ပေးနိုင်ခဲ့ပြီ။ မနက်ဖြန် ... မနက်ဖြန်မှာတော့ ရင် ခုန်မှုတွေ ပြည့်နှက်နေမှာပါ။

သူနှင့်တွေ့ဆုံရမည့် မနက်ဖြန်သည် ရှိန်းအတွက် ကမ္ဘာ့အရေးထက် ပိုကြီးမားနေခဲ့ပါသည်။

❣○❣





ရှိန်းသည် မဂ္ဂဇင်းတစ်အုပ်ကို ဟိုလှန်ဒီလှန်ဖတ် နေသော်လည်း စိတ်ကတော့ ပါလှတယ် မဟုတ်ပါ။ ဒီအချိန်ဆို ရင်တော့ သူ ဖုန်းမျှော်နေလောက်ပြီ။ ဖုန်းဆက်ဖို့ကလည်း လော လောဆယ် အခွင့်မသာသေးပေ။ ရှိန်းရဲ့ဘေးနားမှာ မမ ရှိနေတာ ကြောင့်ဖြစ်သည်။

မမလစ်တာနှင့် သူ့ဆီကို ဖုန်းဆက်ရမည်။ လရောင် က ညအမှောင်ကို အေးချမ်းတိတ်ဆိတ်စေပေမယ့်လည်း သူ့ရင်ထဲ မှာတော့ တမ်းတနေမှာပဲဆိုတာ ရှိန်း သိနေပါသည်။

ပြီးတော့ မနက်ဖြန်ဟာ ရှိန်းတို့နှစ်ယောက်ရဲ့ မျှော်လင့်သောနေ့။



www.burmeseclassic.com

www.burmeseclassic.com



"စိမ်းရေ ... မြေးလေး၊ ဒီကိုခဏလာပါဦးကွယ်၊ ဘွား မြေးကို ပြောစရာရှိလို့"

မမက "ဟုတ်ကဲ့" ဆိုပြီး ဘွားရှိတဲ့ အခန်းထဲကို ဝင်သွားတော့သည်။ အိုကေ ... ဖုန်းကို ခြံထဲဆင်းပြောတာက အကောင်းဆုံးပါ။ ရှိန်းသည် အဲဒီအတွေးနှင့်အတူ ဖုန်းကိုယူ၍ ခြေသံဖွဖွနင်းကာ ခြံထဲသို့ ဆင်းလာခဲ့သည်။

ညဉ့်က ဆယ့်တစ်နာရီတောင် ခွဲချေပြီ။ သူ အိပ်များ အိပ်နေပြီလား။ မအိပ်လောက်သေးပါဘူး။ သူ ရှိန်းရဲ့ဖုန်းကို မျှော်တလင့်လင့် စောင့်နေမှာပါ။ ရှိန်းသည် သူ့ဖုန်းကို ခေါ်လိုက်လျှင်တော့ တန်းမတ်စွာ ဝင်သွားတော့သည်။

"ရှိန်း ... ကိုယ် ညနေကတည်းက ရှိန်း ဖုန်းကို မျှော်နေတာ"

သူ့ရဲ့အဲဒီစကားကြောင့် ရှိန်းက ကျေနပ်စွာပြုံးမိသွားသည်။ သိနေတယ်လေ ... ရှင် ဘာတွေတွေးနေတယ်ဆိုတာကို သိနေတာပေါ့။

"ဒီနေ့ တို့ပေးတဲ့လက်ဆောင် ရတယ်မှလား"





"ရတယ်၊ ဒီနေ့ ကိုယ့်ဆီလာတဲ့ မိန်းကလေးနှစ်ယောက်တည်းက တစ်ယောက်က ရှိန်း၊ ဟုတ်တယ်မှလားဟင်"

ရှိန်းရဲ့အဖြေကို မျှော်လင့်စွာဖြင့် မေးနေသော သူ့အမေးကြောင့် ရှိန်းက သဘောကျစွာ ရယ်မောလိုက်ရင်းက ရစ်လိုက်သေးသည်။

"ရှင်ကလည်း ရှင့်ဆေးခန်းကို လူတွေအများကြီးလာတာကို ရှင်က တို့လို့ ဘာလို့ခွပ်စွဲရတာလဲ"

"အား ... မရစ်ပါနဲ့ကွာ၊ ကိုယ် တကယ်သိချင်နေတယ်၊ ညနေက နှစ်ယောက်ထဲက တစ်ယောက်က ရှိန်း ဆိုတာ ကိုယ် သေချာသိနေတယ်၊ ပြောကွာ ... ကိုယ့်ကို နေမကောင်းဘူးဆိုပြီး ဆေးကုခိုင်းတဲ့ တစ်ယောက်လား၊ ဒါမှမဟုတ် အဖော်လိုက်တဲ့ တစ်ယောက်လား"

"မှန်းကြည့်ပေါ့"

သူက အတန်ငယ် တိတ်ဆိတ်သွားသည်။ ပြီးတော့မှ ညင်သာတိုးဖျော့သော အသံချိုချိုလေးဖြင့် ရှိန်း ရင်ခုန်သံတွေကို ကပြောင်းကပြန် ဖြစ်သွားစေမည့် စကားတစ်ခွန်းကို သူဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်စိတ်ထဲမှာ သိတော့ သိနေတယ်၊ ကိုယ် ပြောကြည့်မယ်နော်၊ ရှိန်းက အဖော်လိုက်လာတဲ့တစ်ယောက် ဖြစ်မယ်၊ ကိုယ့်အခန်းထဲကို ရှိန်းတို့ ဝင်လာတော့ ကိုယ်နဲ့ မျက်လုံးချင်း ဆုံမိသွားတဲ့ တစ်ယောက်က ရှိန်း ဖြစ်နိုင်တယ်၊ ကိုယ် သူနဲ့မျက်လုံးချင်း ဆုံလိုက်တဲ့အချိန်မှာ ကိုယ့်ရင်ဘတ်ထဲမှာ နွေးခနဲ ဖြစ်သွားတယ်။ ပြီးတော့ ဘာလို့လဲ မသိဘူး၊ အရမ်းရင်းနှီးနေသလိုမျိုး ခံစားရတယ်... ကိုယ်မှန်းတာ မှန်လားဟင်"

ဘယ်လောက်တောင်များ ရင်ခုန်ကျေနပ်စရာကောင်းလိုက်လေသလဲ။ ရှိန်းတို့နှစ်ယောက်က အဲဒီလောက်တောင် ရင်ဘတ်ချင်း နီးကြသတဲ့လား။

"ဟုတ်တယ် ... ရှင် မှန်းတာ မှန်ပါတယ် စပ်(ဝ်)နေခရယ်"

"ဟား ... ဟုတ်တယ်၊ ဝမ်းသာလိုက်တာ ရှိန်းရယ်၊ ဒါ ... ဒါဆို ကိုယ် ရှိန်းကို မြင်ဖူးပြီပေါ့နော်၊ အူး ... ပျော်တယ်ကွာ၊ ကိုယ်က ရှိန်းကို မနက်ဖြန်မှာတွေ့ရင် ရှိန်း ဘယ်လိုပုံစံလေးလဲဆိုတာ မသိတော့ ရှာရခက်နေမှာ၊ အခုတော့ အိုခေသွားပြီ၊ ကိုယ် ရှိန်းကို လုံးဝမှတ်မိတယ်"





"အမယ် ... သူ့ကို မနက်ဖြန်တွေ့မယ်လို့ မချိန်းရသေးပါဘူးနော်"

ရှိန်းရဲ့စကားကြောင့် သူက အင်မတန် စိုးရိမ်ထိတ်လန့်သွားသော အသံဖြင့် လှမ်းတောင်းပန်လေသည်။

"ဟား ဟ ... ရှိန်း၊ အဲဒီလိုတော့ မလုပ်ပါနဲ့ကွာ၊ ကိုယ်က ရှိန်းကို အရမ်းကို တွေ့ချင်နေတာပါ၊ အဲဒီလိုတော့ မရက်စက်ပါနဲ့"

သူ့ရဲ့စကားသံ အဆုံးမှာ ရှိန်းဟာ အရမ်းကို ရူးသွားပလား မပြောတတ်တော့ပါ။ ချစ်တယ် ဆိုတာထက် ရှင့်အချစ်တွေက နက်ရှိုင်းနေတယ်ဆိုတာ ရှိန်း မြင်နေရတယ်။ အဲဒါ တကယ်ပဲလား ခ။ ဒါမှမဟုတ် ရှင့်ရဲ့ masterpiece ညှို့ယူမှု စွမ်းအားလား။

အို ... အဲဒီအတွေးတွေ သွားစမ်းပါ။ ရှိန်းကို သူ ချစ်တာ တကယ်ပါ။

အဲဒီလိုပဲ ရှိန်းကလည်း ... ...။



www.burmeseclassic.com

www.burmeseclassic.com



"ရှိန်း တွေ့ကြရအောင်ကွာ၊ မနက်ဖြန် ကိုယ့်မွေးနေ့လေး ကို ကိုယ် ရှိန်းနဲ့အတူ ဖြတ်သန်းချင်တယ်၊ ကိုယ့်ဘဝရဲ့ အနက်ရှိုင်းဆုံးသူနဲ့ ကိုယ့်ဘတ်ဒေးလေးကို ကျင်းပချင် တယ် ရှိန်းရယ်"

အနက်ရှိုင်းဆုံးသူတဲ့။ ကြားရတာ ကြည်နူးစရာ ကောင်းလိုက်တာ။ ရှိန်းလည်း ရှင့်ကို သိပ်ချစ်တာပါပဲ ခရယ်။

"အိုခေလေ ... တို့ ဘယ်ကိုလာခဲ့ရမလဲ၊ မွေးနေ့ရှင်ပဲ ပြောပါ"

"ရှိန်း သဘောပါ၊ ရှိန်း ချိန်းလေ"

"အင်း ... အဲဒါဆို ရှင်ထိုင်နေကြ ကန်တော်ကြီးထဲမှာပဲ ဆုံကြမယ်လေ၊ (၂)နာရီလောက်မှ ဆုံတာပေါ့"

"အိုခေ ... ဪ ... ရှိန်း၊ ကိုယ့်ကို ဗယ်လင်တိုင်း story ပြောပြနော်။ ပြီးတော့ ကိုယ်လိုချင်တာကို ဘတ်ဒေး present အဖြစ် ပေးရမယ်"

ရှိန်းက ဖုန်းပြောတာ နည်းနည်းကြာနေပြီမို့ မမ ရိပ်မိသွားမှာ စိုးတာကြောင့် စကားစမြန်မြန်ဖြတ်ရသည်။





"အိုခေလေ ... ဒါဆို မနက်ဖြန် ဆုံတာပေါ့၊ တို့ ဖုန်းပိတ် လိုက်တော့မယ်နော် ... good night"

သူနှင့် မနက်ဖြန် အစီအစဉ်တွေကို တွေးရင်း ရင် တွေ တဒိုင်းဒိုင်းခုန်ကာ ကြည်နူးမိလေသည်။ စကားတွေ အများ ကြီး ပြောချင်သေးပေမယ့် မမ သိသွားမှာ စိုးတာကြောင့် ရှိန်းက ခပ်မြန်မြန်ဖြတ်ကာ အိမ်ထဲသို့ ပြန်ဝင်လာရသည်။ ဘွားဘွားနှင့် မမ စကားပြောလို့ ပြီးများသွားပလား။

အဲဒီအတွေးနှင့်အတူ ဘွားဘွား အခန်းရှေ့က ဖြတ် လျှောက်လိုက်ရင်တော့ ကြားလိုက်ရတဲ့ စကားသံကြောင့် ရှိန်းရဲ့ ခြေလှမ်းတွေ တုံ့ဆိုင်းသွားရတော့သည်။

"ဘွားဘွားကတော့ စိမ်းလေးကို စိတ်အေးသွားပြီဆိုပေမယ့် စိတ်မချသေးဘူး၊ ဒါကြောင့် ဘွားတို့ စိတ်ချရအောင် စိမ်းကို သင့်တော်တဲ့သူနဲ့ နေရာချပေးဖို့ စီစဉ်ထားတာ ပေါ့ ..."

စပ်(ဝ်)နေခ ဆိုတာ စိမ်းအတွက် အသင့်တော်ဆုံး၊ အလိုက်ဖက်ဆုံး လက်တွဲဖော်ပဲ ဘွားဘွား သေချာ ရွေး



www.burmeseclassic.com

www.burmeseclassic.com



ချယ်ထားတဲ့ မောင်စပ်(ဝ်)နေခကို မြေးလေးအနေနဲ့ လက်ခံပေးစေ့ချင်တယ်”

ဘုရား ... ဘုရား။ ဘာတွေဖြစ်ကုန်တာလဲ။ ရှိန်းသည် ဒူးတွေတောင် ညွတ်ကျမတတ် ဖြစ်သွားရတော့သည်။ မှားပြီ ... ရှိန်း အကြီးအကျယ် မှားသွားပြီ။ ဒီနာမည်မျိုးဟာ နှစ်ယောက် မရှိနိုင်တဲ့ နာမည်မျိုးပါ။ စပ်(ဝ်)နေခနဲ့ မမကို ဘွားဘွားက စီစဉ်နေတယ်။

အား ... ရှိန်း မှားသွားပြီ။

“ဘွားဘွားကတော့ မောင်နေခကိုပဲ စိမ်းလေးနဲ့ လက်ဆက်ပေးချင်တယ်၊ ဆရာဝန်လည်း ဖြစ်တယ်၊ မျိုးရိုးအစဉ်လာကလည်း ကြီးမားတင့်တယ်တယ်။ မြေးလေးတို့ လူချင်းဆုံကြည့်ပါ၊ တစ်ဖက်မိဘတွေကလည်း မြေးလေးကို သူတို့သားနဲ့ လက်ဆက်ပေးချင်ကြတယ်၊ မြေး စဉ်းစားပေါ့ကွယ်၊ ဘွားကတော့ ဖြစ်စေချင်တယ်”

“စိမ်း စဉ်းစားပါရစေဦး ဘွားဘွား၊ ဒီကိစ္စက တစ်ဘဝလုံးစာနဲ့ဆိုင်နေတော့ အချိန်နည်းနည်းလောက်တော့ပေးပါ





ဘွားဘွား၊ ဟို ... အဲဒါ စိမ်းငြင်းလိုက်တာ မဟုတ်ဘူးနော်။ စိမ်း သူ့ကို လေ့လာကြည့်ချင်သေးတယ်၊ ပြီးတော့မှ စိမ်း လက်ခံသည် လက်မခံသည်ကို ဘွားဘွားကိုပြောပြပါ့မယ်”

မမနှင့် ဘွားဘွားက တိုင်ပင်ဆွေးနွေးနေဆဲပင်။ ရှိန်းသည် ဘယ်လိုအင်အားနဲ့မှ ဆက်နားမထောင်နိုင်တော့ပါ။ အပေါ်ထပ်သို့သာ ပြေးတက်လာကာ ကိုယ့်ကိုယ်ကိုယ်လည်း ဆောက်တည်လို့ မရတော့ပါ။

ဘုရားရေ ... ဘာတွေ ဖြစ်သွားတာလဲ။ ရှိန်းက ကိုယ့်အစ်မနဲ့ သဘောတူထားတဲ့ သူကိုမှ သွားပြီး ဖြားယောင်းပစ်မှားခဲ့မိတယ်၊ ကံကြမ္မာရယ် ... ရက်စက်လိုက်တာ။ ဘာဖြစ်လို့များ ရှိန်းကို မမနဲ့ ဒီကိစ္စတွေနဲ့မှ သွားဆုံစေတာလဲ။

ရှိန်း ဘယ်လိုလုပ်ရမလဲ။ ရှိန်းရဲ့အပြုအမူတွေကြောင့် မမကို ရှိန်း ဘယ်လိုရင်ဆိုင်တော့မလဲ။ ရှိန်းသည် မျက်ရည်တွေဝဲတက်ကာ ပါးပြင်ပေါ်သို့ တလိမ့်လိမ့် ကျလာခဲ့တော့သည်။ ရှိန်း ဘာလုပ်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်ပဲ ခ,နဲ့တွေ့ဖို့ လုပ်ထားတယ်။ ဟင့်အင်း... သူ့ကို သွားမတွေ့တော့ဘူး။

ရှိန်းရဲ့ဂုဏ်သိက္ခာ၊ မမရဲ့ဂုဏ်သိက္ခာ။

မေ့လိုက်ပါတော့ စပ်(ဝ်)နေခရယ်။

တို့က ရှင့်အတွက် ဆောင်းတစ်ညမှာ မက်ခဲ့တဲ့ အိပ်မက်တစ်ခုလို့ သတ်မှတ်ပေးပါ။ ကယောက်ကယက်ဆန်တဲ့ မှုန်ရီပိုးတဝါးအိပ်မက်ပါ။

အရာအားလုံး အစက ပြန်စချင်လိုက်တာ။

❣○❣



"ချစ်တယ်"လို့ ပြောဖို့ကျတော့လည်း

မဖြစ်ပြန်ဘူး ...

"မုန်းတယ်"လို့ ပြောမယ်ဆိုတော့လည်း

ပြောမထွက်ဘူး ...

မေ့ပစ်ဖို့ ပြောရအောင်လည်း

သံယောဇဉ်ဆိုတာမျိုးက

ဖြတ်ချင်တိုင်း ဖြတ်ပစ်လို့ရတဲ့

ကြိုးတစ်ချောင်းမှ မဟုတ်တာ။

"ချစ်တယ်"ပဲဖြစ်ဖြစ်

"မမေ့ဘူး"ပဲဆိုဆို

ဖြတ်ခွင့်မရှိတဲ့ စည်းတစ်ခုအတွက်



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားက တစ်စုံတစ်ရာကို

ပြင်းပြင်းထန်ထန် တားမြစ်ထားတယ်

အချစ်ဇရီယာပြင်ပသို့ ရောက်ရှိနေပါသဖြင့် ...။

❣ ○ ❣





## ဖေဖော်ဝါရီ(၁၄)ရက်နေ့

တကယ်တမ်း မပြတ်သားခဲ့သည့် ရှိန်းသည် ကိုယ့်နှလုံးသားကိုယ် ဒဏ်ခတ်ထားခဲ့ရာက ပျော့ညံ့စိတ်တစ်ခုကြောင့် သူရှိရာ နေရာကိုတော့ သူ မသိအောင် တိတ်ကဲတိတ်လေး သွားခဲ့ပါသည်။

နာရီတကြည့်ကြည့်နှင့် အမျှော်ကြီး မျှော်နေသော သူ့ကို တိတ်တဆိတ် ငေးကြည့်ကာ ရှိန်း ရင်ဘတ်တစ်ခုလုံး ဆို့နင့်ကြေကွဲနေတော့သည်။

ရှင့်ကို တို့ လှည့်စားခဲ့တာလို့ ထင်ပါ။ တို့ကို မုန်းပါ ခ,ရယ်။ ရှင့်အတွက် နောက်ဆုံးလက်ဆောင်အဖြစ် ဒီဘတ်ဒေးကိတ်လေးကိုတော့ တို့ ရှင့်ဆီ ပို့ပေးလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းသည် ဝိတ်တာလေးတစ်ယောက်ကို အကူအညီတောင်းကာ ချိစ်ဘတ်ဒေးကိတ်ပေါ်မှာ "HAPPY BIRTHDAY" ဖယောင်းတိုင်လေးကို စိုက်ပေးလိုက်ပြီး သူ့စားပွဲဝိုင်းကို ပို့ခိုင်းလိုက်တော့သည်။ လာပို့တဲ့ ဘတ်ဒေးကိတ်ကြောင့် သူက အံ့သြစွာ ပြုံးသွားလျက် ရှိန်းကို ဆက်စောင့်နေရှာပါသည်။

မစောင့်ပါနဲ့တော့ ခ,ရယ်။ တို့ကို မုန်းဖို့အတွက်ပဲ စဉ်းစားပါ။ မမအတွက် တို့ ပြတ်သားမှ ဖြစ်လိမ့်မယ်။ ရှင့်ကို ချစ်တဲ့အချစ်ထက် မမကို တို့ ပိုချစ်တယ်။ အဲဒါကြောင့်ပါ ခ။

အချိန်တွေ တရွေ့ရွေ့ကုန်လာတာနှင့်အမျှ သူ နည်းနည်း စိတ်လောလာပုံ ရပါသည်။ သူ့လက်ချောင်းလေးတွေက ဟန်းဖုန်းခလုတ်လေးတွေဆီကို ပြေးလွှားလို့နေသည်။ အဲဒါ ရှိန်းဆီကို ဖုန်းခေါ်နေတာပဲဖြစ်မည်။

ရှိန်းသည် ခပ်လှမ်းလှမ်း တစ်နေရာကနေ သူ့ကို ငေးကြည့်နေရင်း သက်ပြင်းတွေသာ အကြိမ်ပေါင်းမနည်း ချမိနေတော့သည်။





နောက်ပြီးတော့ သူအဲဒီလောက်ထိ ဖွဲ့ရှိလိမ့်မည်ဟု ရှိန်း ထင်တောင်မထင်မိခဲ့ပါ။ ရှိန်းနှင့်သူ ချိန်းထားတာဟာ နှစ်နာရီကတည်းကဖြစ်သည်။ အခု ငါးနာရီပင် ထိုးနေပြီ။ တစ်စက်ကလေးမှ အပြုံးမပျက်ဘဲ စောင့်နေဆဲ ... စောင့်နေမြဲ။ ရှိန်းကို မေ့လိုက်ပါ။

"နောက်လူရင်မှာ ... ပျော်နိုင်မှာပါ ... ငါ့အနားမလာနဲ့တော့ ... အခုလို ပြောတာ ... မချစ်လို့ မဟုတ်ဘူးနော် ... သိပ်မကြာခင် ... အဆင်ပြေမှာပါ ... ငါနားလည်ပြီးသား ... မင်းနဲ့ ကိုယ်နဲ့ စည်းခြားနေပြီကွာ"

ခပ်တိုးတိုး ပျံ့လွင့်လာတဲ့ ဝိုင်ဝိုင်းရဲ့ "စည်း" သီချင်းကြောင့် ရှိန်းက အော်ငိုချင်စိတ်တောင် ပေါက်သွားရတော့သည်။ တို့တွေကြားမှာ စည်းခြားသွားပြီ ခ,ရယ်။

ရှိန်းသည် ကျလာတဲ့ မျက်ရည်တစ်စကို လက်ဖြင့် ခပ်ကြမ်းကြမ်း ပွတ်သုတ်ကာ အပြင်သို့ လှည့်ထွက်လာခဲ့တော့သည်။ နေခဲ့ပါတော့ ... ခရယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် စကားလေးတစ်ခွန်း ကြားဖူးထားတယ်။ လူတစ်ယောက်အတွက် လေးနက်တဲ့စကားကို ပြောတယ်ဆိုတာ သူ့ရင်ထဲမှာ တကယ်ကို စစ်မှန်စွာ ဖြစ်နေလို့ပါ၊ အဲဒီအတွက် ထောင်တန်တဲ့စကားကို ပါးစပ်က ဖွင့်ပြောတာထက် မျက်လုံးတွေက ပြောပြတာကို နားထောင်ပေးပါတဲ့ ...

ကိုယ်ကလည်း အဲဒီလိုပဲပေါ့၊ ရှိန်းနဲ့ လေးနက်စစ်မှန်တဲ့ စကားတွေပြောဖို့ မျက်ဝန်းတွေ ဆုံခိုင်းဖို့ လိုအပ်တယ်လေ"

အဲဒီစကားကို ပြန်ကြားယောင်ရင်း မခံစားနိုင်စွာ မျက်ဝန်းတွေကို မှိတ်ပစ်လိုက်တော့သည်။

အချစ်ဆိုတာ တို့နှစ်ယောက် လက်လှမ်းရင် နီးစပ်သွားနိုင်ပေမယ့် ရှင် ကမ်းပေးထားတဲ့လက်ကို တို့ ပုတ်ထုတ်ခဲ့ပြီ ခ,။

ရှင် ကြိုက်သလောက် စိတ်နာနိုင်ပါတယ် ချယ်။





မင်း ဘယ်ဆီမှာလဲ ရှိန်း။ ကိုယ့်ဆီကို အဲဒီနေ့က မလာနိုင်တာဟာ ဘာကြောင့်လဲ။ မင်း ကိုယ့်ကို အသည်းခွဲဖို့အတွက် တမင်ကြံစည်ပြီး လှည့်စားခဲ့တာလား။

သူဟာ အတွေးပေါင်းများစွာနှင့်ကို ချာချာလည်နေခဲ့ရတာဖြစ်သည်။ သူ့ရဲ့အဖြစ်ကို သိသောအခါ သူ့သူငယ်ချင်းတွေက သူ့ဘက်က မခံမရပ်နိုင်ဖြစ်ကာ ...

"အဲဒါ မင်းကို စော်ကားတာ၊ မင်းကို Climax အထိပါလာအောင် ဆွဲခေါ်ပြီးတော့မှ တစ်ချက်တည်းနဲ့ ကိုင်တာ၊ အဲဒီလို မိန်းမတစ်ယောက်အတွက် မင်း ဘာမှခံစားနေဖို့ မလိုဘူး၊ မေ့ပစ်လိုက်စမ်းပါ ခ,ရာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘော်ဒါတွေရဲ့ ခံစားချက်ကို သူ နားလည်ပါ သည်။ တကယ်လည်း ရဲခေါင် ပြောသလို သူ ဖြစ်သင့်ပါသည်။ ဒါပေမဲ့ သူ့နှလုံးသားသည် ရှိန်းကိုသာ တမ်းတမ်းတတ ဖြစ်နေခဲ့သည်။

ရှိန်း သူ့ကို အခုလို လုပ်သွားတာဟာ အကြောင်း တစ်ခုခုတော့ ရှိရမည်။ သူ့ဘတ်ဒေးအတွက် ဘတ်ဒေးကိတ် တောင် ပို့ပေးခဲ့တာပဲ။ လူက ဘာအကြောင်းကြောင့် မရောက် လာရတာလဲ။

သူ တောက်လျှောက် ဖုန်းခေါ်ပါသော်လည်း စက် က အမြဲတမ်း ပိတ်ထားသည်တဲ့။ သူ့မှာ ဘာလုပ်လို့ ဘာကိုင် ရမှန်းမသိနှင့် အချစ်ပျောက်သွားသော ခံစားချက်ဟာ အတော် နေရထိုင်ရ ဆိုးရွားလှပါသည်။

ရှိန်းကို တွေ့နိုင်ဖို့ လမ်းစရှာရာမှာ သူဟာ ကောင်းခံ ကို အကူအညီတောင်းတော့ ကံဆိုးစွာပင် ကောင်းခံရဲ့အဘွားနဲ့ အမေက ဗန်ကောက်ကို Medical check up လုပ်ရင်းနှင့် ဟိုမှာ





ရှိနေတဲ့ အမျိုးတွေဆီမှာ ခဏနေမယ် ဆိုသည့်သတင်းကြောင့် သူဟာ လူကြီးတွေကို အားနာတာကြောင့် ဆက်မမေးနိုင်းတော့ပေ။

သူ့နည်းသူ့ဟန်ဖြင့် ရှာဖွေဖို့ဆိုတာ ရှိန်း သူ့ဆီ ဆက်တဲ့ ဖုန်းနံပါတ်တစ်ခုသာသိသော သူဟာ အရမ်းကိုခက်လှ ပါသည်။ ဒါပေမဲ့လည်း သူ့အနေဖြင့် လုံးဝအားမလျှော့ခဲ့ပါ။ ဒီမြို့ကျဉ်းကျဉ်းလေးထဲမှာ ရှိနေမှာပဲဆိုတဲ့ စိတ်နှင့် နေ့တိုင်းလိုက် ရှာခဲ့သည်။

တစ်ခါသာ ရှိန်းရဲ့မျက်နှာလေးကို မြင်ဖူးပေမယ့် တစ်သက်လုံး မေ့မရတော့တာမို့ သူဟာ တွေ့ရမယ်ဆိုတဲ့စိတ်နှင့် အသည်းအသန် အပူတပြင်း ရှာဖွေမိပါသည်။

"မင်း လုပ်နေတာတွေက လုံးဝအဓိပ္ပာယ်မရှိဘူး ဆိုတာကို မင်း သတိကော ထားမိရဲ့လား"

"မသိတော့ဘူးကွာ၊ ငါ့ကိုယ်ငါ့လည်း ဘာဖြစ်နေတယ် ဆိုတာ မသိဘူး၊ ဒါပေမဲ့ ငါ သူ့ကို အရမ်းတွေ့ချင်နေမိ တယ်၊ ငါ ရအောင်ရှာမယ်ကွာ ...



www.burmeseclassic.com

www.burmeseclassic.com



ငါ့ဘက်က မေတ္တာပေးထားပြီးပြီ၊ ရောင်ပြန်ဟပ်မှာပါ၊ ကုန်ကုန်ပြောမယ် ဟောကောင်၊ သူ ငါ့ကို အခုလို ဖြတ်သွားခဲ့တာဟာ လှည့်စားပြီး ငါ့ကို ဟားတိုက်မလို့ ဆိုရင်တောင် ငါ ခွင့်လွှတ်တယ် ...

ငါ ပြင်ဦးလွင်မှာ ရအောင်ရှာမယ်၊ မတွေ့ရင် မန္တလေး ဆင်းမယ်၊ အဲဒါမှ မတွေ့ရင် ရန်ကုန်ထိ ဆက်ရှာမယ်"

သူ့ရဲ့ပြင်းထန်လှတဲ့ စိတ်ဓာတ်ကြောင့် ကောင်းဇံတို့က အအံ့သြကြီး အံ့သြကာ မျက်လုံးအဝိုင်းသားဖြင့်သာ ကြောင်ကြည့်နေခဲ့ကြသည်။

မင်းပြောတာ ဟုတ်တယ် ရှိန်း။ အချစ်ဆိုတာထက် နက်ရှိုင်းမှုရှိပြီး တသသ မေ့မရတဲ့ စွဲလမ်းမှုမျိုးကသာ ပိုနိုင်မြဲစေတာပါ။

ကိုယ်က မင်းကို ချစ်တာတစ်ခုတည်းပါတဲ့ အချစ်ချည်းသက်သက် ဆိုရင်တော့ မေ့ပစ်လိုက်လို့ ရပါတယ်။ ဒါပေမဲ့ အခုတော့ ကိုယ်က မင်းကို ချစ်နေရုံတင် မကသေးဘူး၊ တသသ မေ့မရဘဲ နက်နက်ရှိုင်းရှိုင်းကို စွဲလမ်းနေခဲ့မိလို့ ကိုယ် ရူးနေရပြီ။





ကျေးဇူးပြုပြီး ကိုယ့်ကို သနားတယ်ဆိုရင် ကိုယ့်ရင်ခွင်ထဲက အချစ်တွေကိုငဲ့ပြီး ကိုယ့်ဆီ လျှောက်ခဲ့ပါ။

"ခ,ရာ ... မင်း အခုလိုကြီးတော့ စိတ်မလေပါနဲ့ကွာ၊ ငါတို့လည်း ကူရှာပေးမှာပါကွာ၊ မင်း သူ့ကို သိပ်ချစ်တာပဲဟာ၊ အချစ်ရဲ့ဆွဲအားက ဒီလောက် ပြင်းထန်နေတာ မင်းဆီကို သူ ရောက်လာမှာပါ၊ မင်းရဲ့အချစ်ကွန်ယက်ထဲက သူ မရုန်းထွက်လောက်ပါဘူးကွာ"

"ကျေးဇူးပါပဲကွာ"

သူ့ရဲ့ "ကျေးဇူးပါပဲကွာ"ဆိုသော အသံမှာ တော်တော်လေး အားဖျော့နေတယ်ဆိုတာ သူ့ဘာသာသူ သိပါသည်။ သို့ပေမဲ့လည်း ...။

သူ ရှိန်းကို လိုက်ရှာနေသည်မှာ သူ့အချစ်ကို ဝန်ခံချင်လွန်းလို့ပင် ဖြစ်ပါသည်။ သူ့ရင်ထဲက ခံစားချက်တွေဟာ ရှိန်း သူ့ကို လှည့်စားသွားလားဆိုသည့် အတွေးနှင့်အတူ ဖျော့လင့်နေခဲ့တာကတော့ ဖိုးကာရဲ့သီချင်းထဲကလိုပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အချိန်တိုင်း ... သတိရဆဲပါ ... ဒီညလည်း တို့လွမ်းရ ဦးမယ် ... ကြယ်လေးများရယ် ... ချစ်သူအကြောင်းလေး ပြောပါ သိပ်သိချင်မိတယ် ... မျှော်ငေးကာ စောင့်စားဆဲ ... ဒီနေ့ ပြီးဆုံးသွားရင် ... ဝေဒနာညတို့ ဖြတ်ရဦးမှာ ... လမင်းကြီးလည်း ... ငါ့ကိုကျောခိုင်းလို့ သူ နှုတ်ဆိတ် နေတဲ့အခါ ...

ငါ မျှော်လင့်ပါရစေ တစ်သက်တာ ... လှည့်စား ထားခဲ့တာ သိနေပေမယ့်လည်း ... တစ်နေ့မှာ ငါ့ဆီ မင်း ပြန်လာဦးမလား ... မျှော်လင့်ခဲ့"

ကိုယ် မင်းကို မျှော်လင့်တောင့်တစွာ စောင့်နေပါတယ် ရှိန်း။ တစ်နေ့မှာ ကိုယ့်ဆီ ပြန်လာခဲ့ပါ။

❣ ○ ❣





"ဘာပဲဖြစ်ဖြစ် ဒီကိစ္စမှာ နင် လွန်သွားပြီ ရှိန်း"

မေခရဲ့ ဒေါသဖြစ်ကာ မကျေမချမ်း ဖြစ်နေသော စကားတွေကြောင့် ရှိန်းသည် သက်ပြင်းတစ်ချက် ချလိုက်တော့သည်။ မေခတို့ရဲ့ စုံစမ်းချက်အရ သူဟာ ရှိန်းကို အသည်းအသန် လိုက်ရှာဖွေနေတယ်ဆိုတာ ပြန်ကြားထားရပါသည်။

ရှိန်းဟာ ဘာလို့ သူ့ကို ထားခဲ့တယ်ဆိုတာ သေသေချာချာ ဂဃနဏ မသိသော မေခနှင့် ရွှေစင်က ရှိန်းကို အပြစ်ဆိုကြသည်။

ကျန်ခဲ့သူအဖြစ်နဲ့သာ နေခဲ့ပါ ခ,။ ရှင့်ကို တို့ ကျန်ခဲ့သူအဖြစ် ချန်ခဲ့ရတာဟာ အားလုံးကောင်းဖို့ အတွက်ပါ။ ရင်နာစွာနဲ့ကို တို့က ချန်ထားရစ်ခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ရှိန်း … ဘာကြောင့်လဲ၊ နင့်မှာ အဖြေတစ်ခုတော့ လုံလုံ လောက်လောက် ရှိသင့်တယ် …

နင် သူ့ကို ချစ်တယ်ဆိုတာ ငါတို့ သိတယ်၊ နင် အခုလို လုပ်ရတာ အကြောင်းတစ်ခုခုတော့ ရှိမှာပါ"

"ငါ သူနဲ့ မပတ်သက်ချင်ဘူး မေခ၊ သူနဲ့ငါ့ကြား မှာ နှစ်ပတ်စာ ပတ်သက်မှုက အပျော်သဘောပါပဲ၊ အဲဒီ အတွက် ငါ့မှာဘာမှပြောစရာမရှိဘူး၊ နင်တို့လည်း ငါ့ကို နားလည်နိုင်ပါစေ မေခ"

ရှိန်းက မျက်နှာတစ်ဖက်လွှဲ ပြောလိုက်လျှင် မေခ က မျက်မှောင်တစ်ချက်ကြုတ်ကာ ဘေးကထိုင်ခုံမှာ ဝင်ထိုင် သည်။

"ငါ နင့်ကို လုံဝနားမလည်နိုင်တော့ဘူး၊ ဒါပေမဲ့ ငါ့စိတ် ထဲမှာ သေချာသိနေတာက နင် သူ့ကို ပတ်သက်ခဲ့တဲ့ နှစ် ပတ်ဆိုတဲ့ အချိန်ကာလမှာ နင် အတည်အတံ့နဲ့ လေးလေး နက်နက်ရှိတယ်၊ အခုမှ အချိုးပြောင်းတာ"





ရှိန်းသည် မျက်ရည်မကျချင်တော့။ နှလုံးသားမှာ နင့်နင့်နဲနဲ ခံစားရတာကို ဘယ်သူ့ကိုမှလဲ မသိစေချင်ပါ။ အဲဒီ ဒုက္ခတွေနှင့် ကင်းလွတ်အောင် ရှိန်း ပြတ်သားစွာ ဆုံးဖြတ်ခဲ့သည်။

ရှိန်းဟာ သူ့ကို ဖျတ်ခနဲ သတိရသွားသောအခါ ရင်ထဲ၌ နာကျင်သွားသည်။ ဟင့်အင်း … အဲဒါတွေ မတွေးဘူး။ ရှိန်းသည် ခေါင်းကို ယမ်းခါပစ်လိုက်ရင်း သူ့ကို ဦးနှောက်ထဲ မှ ထုတ်ပစ်လိုက်သည်။

"ငါ စင်ကာပူ ပြန်ရတော့မယ် မေခ၊ ငါ့အတွက် နင်တို့ ဒီရက်တွေမှာ ပင်ပန်းခဲ့တယ်၊ ကူညီပေးခဲ့တယ်၊ အဲဒီအတွက် ကျေးဇူးတင်ပါတယ် …

ငါ ဘာလို့ သူ့ကို ဖြတ်တယ် ဆိုတာ အချိန်တန် ရင် နင်တို့ အလိုလို သဘောပေါက်သွားကြမှာပါ၊ အဲဒီ တော့ ငါ့ကို အဲ့ဒီအကြောင်းတွေ မမေးပါနဲ့၊ အချိန်တန်ရင် ဘာကြောင့်ဆိုတဲ့ အဖြေကို နင် သေချာပေါက် သိရမှာပါ"

အဲဒီစကားရဲ့အဓိပ္ပာယ်ကို မေခတို့ နားလည်မလား တော့ မပြောတတ်ပါ။ ရှိန်းကတော့ ကိုယ့်စကားရဲ့အဓိပ္ပာယ်ကို ကိုယ် နားလည်သဘောပေါက်စွာဖြင့် ပြုံးကာနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့လည်း အချစ်ဆိုတာ သွေးခွဲတတ်တဲ့ ကြားခံပစ္စည်းမှန်း ရှိန်းက (ကံကောင်းထောက်မစွာ) ကြိုသိခဲ့၍ အချစ်ကို လမ်းခွဲခဲ့တာဖြစ်သည်။

အချစ်ကြောင့် သူငယ်ချင်းတွေ စိတ်ဝမ်းကွဲရတယ်။

အချစ်ကြောင့် ညီအစ်ကိုတွေ စိတ်ဝမ်းကွဲရတယ်။

အချစ်ကြောင့် မိဘနဲ့သားသမီး စိတ်ဝမ်းကွဲရတယ်။

သွေးကွဲစေတဲ့ အချစ်ကို ရှိန်းက တမင်တကာကို လွှင့်ပစ်ခဲ့တာ ဖြစ်ပါသည်။

❣ ○ ❣





သူဟာ ရှိန်းကို ရှာဖွေနေတဲ့ ရက်တွေရဲ့တစ်နေ့မှာတော့ သူ့မေမေက သူ့ကို အံ့သြစရာ စကားတစ်ခွန်း ပြောလေသည်။

"သားကို မေမေ ပြောစရာရှိတယ် သား၊ အခုတလော သား ဘာတွေဖြစ်နေတာလဲ ဆိုတာ မေမေ မသိပေမယ့် မေမေ ပြောစရာရှိတာကိုတော့ ပြောထားရဦးမှာပဲ"

သူက မေမေ့ရဲ့ အထူးအဆန်းစကားကြောင့် အံ့သြသွားကာ အတည်အတံ့လေသံဖြင့် ....

"မေမေ ဘာပြောစရာ ရှိလို့လဲဟင်"

"သားကို မေမေ လေ့လာနေတာ၊ သား ဒီရက်ပိုင်းမှာ စိတ်နဲ့ ကိုယ်နဲ့ မကပ်ဘူး၊ မေမေ့ကို မညာနဲ့ သား၊ သား ဘာအတွက် ဒီလိုဖြစ်တယ် ဆိုတာကို မေမေ ကောင်းခဲ့ တို့ဆီကနေ တစ်စွန်းတစ်စ ကြားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... မေမေကလည်းဗျာ"

သူက မေမေ သိတယ် ဆိုတာကြောင့် ရှိန်းတိန်းတိန်း ဖြစ်သွားကာ ဆံပင်ထဲကို လက်ထိုးသွင်းလိုက်သည်။ သူ့ရဲ့ရှက်သွားပုံကို မေမေက အသာပြုံးကြည့်ရင်းက ...

"မေမေတို့ မျိုးရိုးဂုဏ်ဟာ ဘယ်လောက် ကြီးကျယ်မြင့်မြတ်တယ်ဆိုတာ သားအသိနော်၊ မေမေတို့ရဲ့ နေစံအိမ်မျိုးဆက်မှာ သားလေးက တစ်ဦးတည်းသောသား ဖြစ်တယ် ...

အဲဒီအတွက် မေမေတို့မျိုးရိုးအစဉ်အလာကို ထိန်းဖို့ ဆက်ခံဖို့က သားရဲ့တာဝန်ဖြစ်တယ်၊ သားက အင်မတန် ထက်မြက်ပြီး တော်တယ်၊ အဖေ့ခြေရာကို တစ်သဝေမတိမ်း နင်းနိုင်တဲ့ ယောက်ျားကောင်းဆိုတာ မေမေ ယုံကြည်တယ်"

မေမေက စကားစ ခဏရပ်ကာ သူ့မျက်လုံးတွေကို ငေးကြည့်နေသည်။ အကဲခတ်နေတဲ့ သဘောဖြစ်သည်။ မေမေ ဘာကိုဆိုလိုချင်တာလဲ။ သူက တိကျပြတ်သားစွာ သိချင်လာသည့်အတွက် မေမေ့ကို အကဲခတ်ကာ မေးကြည့်မိလေသည်။

"မေမေ ဘာပြောချင်တာလဲဟင်"





"သားကို နေရာချပေးဖို့အတွက် မေမေတို့ စီစဉ်ထားတယ်၊ မေမေတို့ရဲ့ဆန္ဒကို သား မငြင်းဘူးလို့ ထင်တယ်"

"ဗျာ"

သူက အံ့အားသင့်သွားချိန်မှာပင် မေမေက စကားဆက်ပြောပါသည်။

"အိမ်ထောင်ပြုသင့်ပြီလို့ မေမေ ထင်လို့ မေမေနဲ့ မင်းဘွားဘွားက စီစဉ်တာ သား၊ သားအနေနဲ့ ငြင်းစရာမရှိဘူး မှုလား"

အချစ်နဲ့ လက်ထပ်ခြင်းက တိုက်ရိုက်အချိုးမကျပါဘူးဆိုပြီး ပြောခဲ့တဲ့ သူ့အတွက် မေမေ့ကို ဘယ်လိုဖြေရှင်းချက်ထုတ်ရမလဲ။ ခ,သည် အရင်တုန်းကသာ အဲဒီစကားပြောနိုင်ခဲ့ပေမယ့် အခုချိန်မှာတော့ ... ...။

သူက မြတ်နိုးစွာ ချစ်နေမိသူမှာ ရှိန်းပင် ဖြစ်ပါသည်။

အဲဒီအတွက် မေမေရဲ့အစီအစဉ်ကို သူ လက်မခံနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ .... ကျွန်တော် အဲဒီကိစ္စကို လက်မခံပါရစေနဲ့"

သူ ငြင်းလိမ့်မယ်ဟု ဘယ်တုန်းကမှ တွေးမထားခဲ့သော မေမေက သူ့ကို အံ့သြသွားဟန်ဖြင့် စိုက်ကြည့်ကာ ...

"ဘယ်လို ... လက်မခံဘူး၊ ဟုတ်လား ... သား"

"ကျွန်တော့်မှာ ချစ်သူရှိပါတယ် မေမေ"

သူ့စကားကြောင့် မေမေက မျက်ခုံးတစ်ချက် ပင့်တင်လိုက်ပြီး ...

"ဘယ်သူလဲ သား၊ ဆွေကြီးမျိုးကြီးထဲကလား၊ ဘယ်မှာနေတာလဲ၊ ဘာအလုပ် လုပ်သလဲ၊ ပညာတတ်လား"

ကျွန်တော် မသိဘူး မေမေ။ မေမေ့ရဲ့မေးခွန်းတွေအတွက် သူ့မှာ ဖြေစရာအဖြေ မရှိခဲ့ပါ။ သူဟာ ရှိန်းပြာရောင်ဆိုသော နာမည်လေးတစ်ခုနှင့် ဖုန်းနံပါတ်သာ သိခဲ့သူဖြစ်ပါသည်။

သူသည် မသိမသာ သက်ပြင်းချရင်း ...

"ကျွန်တော် မသိပါဘူး မေမေ"





"ဘယ်လို ...

ကဲ ... ထားပါတော့လေ၊ မေမေကတော့ မေမေစီစဉ်ထားတဲ့ကိစ္စကို မဖျက်ချင်ဘူး၊ သားကို စိမ်းပြာရောင်ဆိုတဲ့ မိန်းကလေးနဲ့ စေ့စပ်ပေးမယ်၊ သားတို့ လူချင်းဆုံဖို့ မေမေ မကြာခင် စီစဉ်ပေးမယ်"

စိမ်းပြာရောင်။ သူဟာ ကာရန်တူနေသော နာမည်ကြောင့် အအံ့သြကြီး အံ့သြကာ မေမေ့ကို ကြောင်ကြည့်နေမိသည်။

"မေမေ စီစဉ်တဲ့ကိစ္စကို သား လက်ခံပေးပါ၊ မိန်းကလေးက ဆွေကြီးမျိုးကြီးထဲက ရန်ကုန်မှာ Cosmetic ကုမ္ပဏီတစ်ခု ထောင်ထားတယ်၊ ပညာလည်း တတ်တယ်၊ ဉစ္စာလည်းပေါတယ်၊ ရုပ်ကလည်း ချောတယ်၊ ဒီလိုမိန်းကလေးမျိုးဟာ သားအတွက် မေမေတို့မျိုးရိုးဂုဏ်အတွက် အသင့်တော်ဆုံးပဲ သား"

သူဟာ ဘာမှကို ဆက်မပြောနိုင်တော့ပါ။ မျိုးရိုးဂုဏ် အစဉ်အလာကို အင်မတန်မှ ထိန်းလှသော သူ့မိဘတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒကို သူက မဖြစ်မနေ ဖြည့်ဆည်းပေးရမည့်တာဝန် ရှိနေသည်။ တစ်ဖက်မှာလည်း သူ ချစ်နေသော ကောင်မလေးရှိသည်။

ဒီကိစ္စကို သူ့ဘော်ဒါတွေနှင့် တိုင်ပင်ဆွေးနွေးကြည့်လျှင် သူ့ဘော်ဒါတွေက ဤသို့ မှတ်ချက်ပြုလာပါသည်။

“မင်းအနေနဲ့ ရေရေရာရာ မသိတဲ့သူတစ်ယောက် ပြန်လာနိုးနိုးနဲ့ စောင့်မနေပါနဲ့ ခရာ၊ မင်းတို့ မျိုးရိုးဂုဏ်ကိုပဲ အလေးထားပြီး မင်းမိဘတွေ သဘောတူတဲ့သူကိုပဲ လက်ထပ်စေချင်တယ်၊ ငါတို့က စေတနာနဲ့ ပြောတာပါ၊ ဆုံးဖြတ်ရမှာက မင်းအပိုင်း ဖြစ်သွားပြီ”

သူဟာ အချိန်တွေကို ကျော်လို့ရရင် သိပ်ကောင်းမှာပဲ။

ကိုယ် ဘယ်လိုလုပ်ရမလဲ ရှိန်းရေ၊ မင်းကို ကိုယ် အရမ်းတမ်းတနေတယ်။ ဒါပေမဲ့ ကိုယ့်ပတ်ဝန်းကျင် အသိုင်းအဝိုင်းက မင်းကို မေ့ပစ်ဖို့ချည်းပဲ ပြောနေတယ်။ ကိုယ် လိမ္မာစွာနဲ့ မိဘစကားပဲ နားထောင်ရမှာလား။ ကိုယ့်ဆီ တစ်ချက်ငဲ့ကြည့်ပါဦး။





သူဟာ “လက်ထပ်ရခြင်း”ဆိုတဲ့ အဓိပ္ပာယ်အတွက် ငြင်းပယ်နိုင်ဖို့ စကားလုံးတွေ ရှာဖွေရင်းက ခေါင်းညိတ်ရတော့မလား မပြောတတ်တော့ပါ။

❣○❣



www.burmeseclassic.com

www.burmeseclassic.com








၂၀၁၁ ...

ဖေဖော်ဝါရီလ

www.burmeseclassic.com

www.burmeseclassic.com







ရှိန်း၏အခြေအစုံဟာ ပြင်ဦးလွင်ကို ခြေချလိုက်တာနှင့် နှလုံးသားတစ်ခုလုံး ဆွေးမြမြ ခံစားမှုတစ်ခုကို ခံစားလိုက်ရတော့သည်။ ပြောရမယ် ဆိုရင်တော့ ဒီကာလတွေမှာ ရှိန်းဟာ အလုပ်ထဲမှာပဲ အာရုံဝင်စားလျက် အချစ်ကို မေ့ထားခဲ့ရသည်။

စင်ကာပူမှာဆိုတော့ ရေခြားမြေခြားဆိုတာကတစ်ကြောင်း၊ လှုပ်လှုပ်ရှားရှား သွားသွားလာလာဖြင့် အလုပ်ဖောက်နေတာက တစ်ကြောင်းမို့ မေ့ဖျောက်လို့ ရခဲ့ပါသည်။ (တတ်နိုင်သမျှ။)

ကိုယ့်ကိုယ်ကိုယ် တော်တော်လေး mature (ရင့်ကျက်)ဖြစ်ကာ တည်ငြိမ်သွားပြီဆိုမှ မြန်မာပြည်ကို ပြန်လာတော့



www.burmeseclassic.com

www.burmeseclassic.com



မည်ဟု ဆုံးဖြတ်ထားခဲ့သော်လည်း မမရဲ့စေ့စပ်ပွဲကိစ္စကြောင့် ရှိန်းက မလာမဖြစ် ပြန်လာခဲ့တာဖြစ်သည်။

ရန်ကုန်မှာ တစ်ပတ်လောက် အေးအေးလူလူနေပြီးမှ ရှိန်းက လေယာဉ်ဖြင့် မန္တလေးမှတစ်ဆင့် ပြင်ဦးလွင် တက်မှာဖြစ်သည်။

အခု ပြင်ဦးလွင် ရောက်ပြီ။ ရင်ဘတ်တစ်ခုလုံးဟာ အောင့်မျက်ကာ မချိမဆန့် ခံစားရသော ဝေဒနာက အလျှင်း မပျောက်သေးပေမယ့် ဘာမှမဖြစ်သလို ဟန်ဆောင်ကောင်းနိုင်ခဲ့ပြီဖြစ်သည်။

"ရှိန်း ... ဒီတစ်ခါ ပြန်လာတာ တော်တော်ပြောင်းလဲသွားတယ်နော်၊ ပိုလည်း ချောလာတယ်၊ ပိုလည်း ရင့်ကျက်လာသလိုပဲ၊ ကလေးဆန်တဲ့ပုံစံ လုံးဝကို မတွေ့ရတော့ဘူး"

ဟုတ်မှာပေါ့ မမရယ်။ ရှိန်း ရင့်ကျက်လာခဲ့တာ အဆိုးထဲက အကောင်းပါ။ မမကတော့ အရင်ကထက် ပိုတက်ကြွ





ပျော်ရွှင်နေပုံ ရပါသည်။ ဒါပေါ့လေ ... အချစ်ဆိုတဲ့အရာဟာ အရာရာကို လန်းဆန်းတက်ကြွစေတာပေါ့လေ။

အဲဒီတော့ ရှိန်းလည်း မမနည်းတူ တက်ကြွရမှာပေါ့။

"မမက ပိုချောတာပါ၊ ဘယ်လိုလဲ မမ all fine တယ်မလား"

"ဒါပေါ့ ညီမလေးရဲ့၊ ရှိန်းကို နောက်ရက်မှ အေးဆေး သူနဲ့ မိတ်ဆက်ပေးမယ်လေ၊ သူကလည်း ရှိန်းလေးကို တွေ့ချင်နေတာ၊ တစ်ခါမှ မတွေ့ဖူးဘူးလေ"

အဲဒီစကားကြောင့် ရှိန်းဟာ စိမ့်ခနဲ တစ်ချက်အေးသွားတော့သည်။

သူက ဘာကြောင့် ရှိန်းကို တွေ့ချင်တာလဲ။ မမကကော အဲဒီကိစ္စတွေ သိသွားပြီလား။

ဟင့်အင်း ... သူ ဒီလောက်တော့ နားလည်မှာပါ။ ပြောလိမ့်မယ် မထင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူနဲ့မမက အခုဆို လက်ထပ်တော့မယ့် ချစ်သူတွေ ဖြစ်နေပြီပဲဟာ။ ရှိန်းကို.သူ မေ့နေမှာပါ။ ကျေးဇူးပြုပြီး ရှိန်းကို လာမတွေ့ပါနဲ့ စပ်(ဝ်)နေခ။

"ရှိန်း ... ညီမလေးမှာကော ချစ်သူရှိနေပြီလားဟင်"

မထင်မှတ်ဘဲ မေးလိုက်သည့် မေးခွန်းကြောင့် ရှိန်းရဲ့မျက်ခုံးတစ်ချက် ပင့်တက်သွားပါသည်။ ရှိန်းက အချစ်ကို ဧရိယာပြင်ပမှာ ထား,ထားခဲ့ပြီးသားပါ။ ရှိန်းသည် ခပ်ပါးပါးလေး ပြုံးကာ ခေါင်းတစ်ချက် ယမ်းပြရင်း ကလေးဆန်ဆန် အဖြေလေး တစ်ခု ဖြေလိုက်လေသည်။

"မရှိရပါဘူး မမရယ်၊ ရှိန်းက အခုမှ ကလေးပဲရှိသေး တာ၊ အချစ်ကိစ္စက လူကြီးတွေကိစ္စ၊ ကလေးနဲ့ မဆိုင်ဘူး... ဟဲ ဟဲ"

"ဟား ဟား ... ရှိန်းကတော့ ပြောတော့မယ်ကွာ"

သဘောကျစွာ ရယ်မောနေသော မမရဲ့မျက်နှာကို ရှိန်းက ငေးမဝစွာကြည့်ကာ ရင်ထဲဆို့နင့်လာခဲ့သည်။ ခွင့်လွှတ်ပါ မမရယ်။ ရှိန်း သိပ်မိုက်မဲခဲ့မိတယ်။





"မမကို သူက သိပ်ချစ်တာပဲလားဟင်"

မမက ရုက်ပြုံးလေးတစ်ခုဖြင့် ခေါင်းအသာဆတ် ပြကာ ...

"အင်း ... သူက မမကို ချစ်တယ်လေ၊ သူနဲ့ မမက ဘွားဘွားတို့ စီစဉ်ပေးလို့ တွေ့ခဲ့ကြတယ် ဆိုပေမယ့် လူကြီးတွေ ဆန္ဒကြောင့် တွဲခဲ့တာ မဟုတ်ဘူးလေ ... တစ်ယောက်နဲ့ တစ်ယောက် တကယ်ချစ်လို့ ဘွားဘွားတို့ စီစဉ်တာကို လက်ခံခဲ့တာ"

ရှိန်းသည် ဩော်ခနဲ မပြည်နိုင်။ ဘာကို ဝမ်းနည်းလို့ ဝမ်းနည်းသွားမိမှန်းလဲ မသိပါ။ စိတ်ထဲမှာ ရှက်တာကော၊ မျက်နှာပူတာကော၊ အားနာတာပါ ရောထွေးလျက် စိတ်တစ်ခု လုံးသည် လေးလံထိုင်းမှိုင်းလို့ လာပါသည်။

"ရှိန်းလည်း မငယ်တော့ဘူး၊ ချစ်သူရှိနေပြီဆိုရင် မမကို ပြောနော်၊ မမ လေ့လာပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမကလည်း သူစွဲတာနဲ့ သူများကိုပါ အစွဲထုတ်နေပြီ၊ ဒီတိုင်းလေးပဲ အေးအေးဆေးဆေး နေပါရစေ ချစ်မမရယ်"

ရှိန်းက နောက်ရွတ်ရွတ်လေး ပြောလိုက်လျှင် မမက တဟားဟားနှင့် ရယ်မောနေရင်းကမှ ရှိန်းရဲ့ဆံပင်လေးကို ပွသွားအောင် ဖွလိုက်ရင်းက ...

"ရှိန်းက ချစ်တတ်တဲ့ကောင်မလေးပဲ၊ ချစ်သူသာ ရှာလိုက်ပါ"

မမက ဘာအဓိပ္ပာယ်နှင့် ပြောသွားမှန်း ရှိန်း နားမလည်ပါ။

မမ အနားက ထွက်သွားလျှင်တော့ ရှိန်းသည် လေပူတစ်ချက် မှုတ်လိုက်ရင်း ဝရန်တာဘက်ကို ထွက်လာခဲ့သည်။

ပြင်ဦးလွင်မြို့လေးကတော့ မပြောင်းမလဲ သစ္စာရှိစွာနဲ့ အေးမြမြ ရာသီဥတုတစ်ခုကို ဖန်တီးပေးထားတုန်းပင်။ မြင်မြင်သမျှ စိမ်းစိုနေကာ လွမ်းမောဖွယ် ဖြစ်စေပါသည်။





ရှိန်းသည် ဝရန်တာမှာ ဟိုဟိုဒီဒီ တောင်စဉ်ရေမရ ငေးနေရင်းက ခြံထဲကို ကားတစ်စီးဝင်လာလျှင် ရှိန်းက ဘယ်သူပါလိမ့်ဆိုပြီး လှမ်းငေးမိလိုက်သည်။

အပြာရောင်ပြိုင်ကားလှလှလေးတစ်စင်းက ခြံထဲဝင်လာလျှင် မမက အံပြေးတစ်ပိုင်း ထွက်ကြိုလေသည်။ ဘယ်သူများပါလိမ့်။

ရှိန်းသည် ဝရန်တာကနေ ဆက်ကြည့်နေလိုက်လျှင် ကားပေါ်က ဆင်းလာသူမှာ စပ်(ဝ်)နေခပင်ဖြစ်သည်။ ပိုလိုစပို့ရှပ်အဖြူဆွတ်ဆွတ်ကို skinny ဂျင်းအနက်ဖြင့် ခပ်မိုက်မိုက်ဝတ်ဆင်ထားသောသူဟာ ဟိုအရင်ကလိုပဲ ချောတုန်းပဲဖြစ်သည်။

ဆံပင်စတိုင်လ်ကတော့ အရင်ကလို ကိုရီးယားအကောက် မဟုတ်တော့ဘဲ ဂျယ်လ်သုံးပြီး ထောင်ထားသော အလန်းစားပုံမျိုး ဖြစ်ပါသည်။

မနက်ခင်းမို့ နေခြည်နွေးနွေးရဲ့အောက်မှာ သူ့စိန်နားကပ် တဖျပ်ဖျပ်နှင့်အပြိုင် သူ့အပြုံးအေးအေးကိုလည်း ငြိမ်းချမ်းစွာ တွေ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မမကလည်း ပြုံးလို့၊ သူကလည်း ပျော်ရွှင်စွာ• စကားတွေပြောဆိုကာ မမရဲ့လက်ထဲကို အထုပ်လေးတစ်ထုပ် လှမ်းပေးပြီးနောက်မှာ တာ့တာ့ပြ၍ ထွက်သွားလေသည်။ ရှိန်းကို သူ မြင်သွားမှာစိုး၍ ရှိန်းက တိုင်ကိုကွယ်ကာ ရပ်လိုက်မိသည်။

ရှင် ဘဝသစ်မှာ ပျော်ပါစေ ခ။

အရင်ကထက် ပိုရွှင်လန်းနေသော သူ့မျက်နှာလေး နှင့် မမရဲ့ပြုံးရွှင်နေသော မျက်နှာလေးကို မြင်ရတာဟာ အင်မတန် စိတ်ကျေနပ်ဖို့ ကောင်းပါသည်။ မမနှင့် သူဟာ နေနှင့်လ ရွှေနှင့် မြလို အင်မတန် လိုက်ဖက်လှပါသည်။

အဲဒီလို လိုက်ဖက်တာကကိုက ကျေနပ်ပြီး မုဒိတာ ပွားစရာ ကောင်းလှပါသည်။

ရှိန်းတို့ Dinner စားပြီးမှာတော့ ကော်ဖီသောက် ရင်း ဘိုးဘိုး၊ ဘွားဘွားနှင့် မိသားစုစုံညီစကားဝိုင်းလေး စဖြစ် လေသည်။





"မြေးကြီးရဲ့ စေ့စပ်ပွဲလုပ်ဖို့ ရက်တောင်နီးပြီနော်၊ အားလုံး ready ပဲ မှလား"

"ဟုတ်ကဲ့ ဘွားဘွား"

"အေးကွယ် ... အဆင်ပြေရင် ပြီးတာပါပဲ၊ ဒါနဲ့ ရှိန်းလေး နဲ့ မဆုံသေးဘူးမှလား၊ ကိုယ့်ခဲအိုကိုတော့ တွေ့ဖူးထားမှ ပေါ့ဟယ်၊ ဒီလိုလုပ် စိမ်းလေး၊ မနက်ဖြန် အိမ်မှာ မီးပုံပွဲ လေးလုပ်လိုက် ...

မြေးတို့ ခင်ရာမင်ရာလောက်ပဲဖိတ်၊ မောင်မိုးသောက် တို့အုပ်စုကိုလည်း ခေါ်လိုက်၊ မောင်နေခကိုတော့ မလာ မဖြစ်ခေါ်နော် စိမ်းလေး"

"ဟုတ် ... ဘွား၊ အဲဒါဆို သမီး စီစဉ်လိုက်မယ်လေ၊ ညီမလေးလည်း မေခတို့ကို ဖိတ်လိုက်လေ၊ အပျော်ပါတီ လေးပေါ့"

ရှိန်းက ခေါင်းတစ်ချက် ဆတ်ပြလိုက်တော့သည်။ မနက်ဖြန်မှာ ရှိန်း သူ့ကို တကယ်ပဲ တွေ့ရတော့မည်။ ရှိန်းသည်



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်စွာဖြင့်ပင် မနက်ဖြန့်ကို မရောက်ဖို့ ဆုတောင်းရင်းက ရောက်လာခဲ့တော့သည်။

ခြံထဲမှာ မီးပုံပွဲလေးလုပ်ကာ ဘာဘီကျူးလုပ်၊ ဝိုင်ပုလင်းတွေ၊ အချိုရည်ပုလင်းတွေဖြင့် လူနည်းစုပါတီအသေးစားလေးအတွက် ရှိန်းသည် ခပ်ယဲ့ယဲ့ အပြုံးတစ်ခုဖြင့် ထောင့်စားပွဲမှာ ကပ်ထိုင်နေမိသည်။

မေခနှင့် ရွှေစင်ကတော့ ဟိုလူနှင့်သွားစကားပြော၊ ဒီလူနှင့် သွားစကားပြောနှင့် ရယ်မောပျော်ရွှင်နေကြသည်။ အကြိုပွဲလေးလို့ ပြောလို့ရမည့် ဒီပွဲလေးရဲ့ကာယကံရှင် သူကတော့ ရောက်မလာသေးပါ။

ဆေးရုံမှာ ဂျူတီရှိလို့ နည်းနည်းနောက်ကျမယ်လို့ ပြောသံကြားပါသည်။

ရှိန်း သူနှင့်တွေ့ရင် ဘယ်လိုလုပ်ရမလဲ။ ပြုံးပဲပြုံးပြရမှာလား။ နှုတ်ပဲဆက်ရမှာလား။ ရှိန်းက အေးမြမြရာသီမှာ မအေးချမ်းနိုင်ဘဲ ရင်တွေပူလို့ လာလေသည်။





မကြာခင်မှာပဲ သူ့ပြိုင်ကားအပြာလေးက ခြံထဲကို တလိမ့်လိမ့် ဝင်လာသည်။ မမက အပြေးအလွှား သွားကြိုပါသည်။

ရှပ်အင်္ကျီအနက်ရောင်ကို ကြယ်သီးနှစ်လုံးသုံးလုံးဖြုတ်ကာ skinny ဂျင်းဖြင့် ဝတ်ဆင်ထားသော သူ့ပုံစံက လူငယ်ဆန်ကာ အထာကျပါသည်။

သူနှင့်အတူ အဖော်တစ်ယောက်လည်း ပါ,ပါသေးသည်။ မမက ရှိန်းရှိရာကို ခေါ်လာလျှင် ရှိန်းက လူမှုရေးအရ မတ်တတ်ထရပ်ကာ မမဘေးမှာ နေလိုက်သည်။ မမက ချိုသာနူးညံ့သော အပြုံးတစ်ခုဖြင့် မိတ်ဆက်ပေးပါသည်။

“ကဲ .. မိတ်ဆက်ပေးရမယ်၊ ဒါ စိမ်းရဲ့အချစ်ဆုံး တစ်ဦးတည်းသော ညီမလေး ရှိန်းပြာရောင်တဲ့၊ မနေ့ကမှ ပြင်ဦးလွင်ကို ပြန်ရောက်တာလေ ...

ရှိန်း ... ဒါ ကိုစပ်(ဝ်)နေခတဲ့”



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းက သူ့ကို အသိအမှတ်ပြုသလို ခေါင်းတစ်ချက်ဆတ်ပြလိုက်သည်။ သူကတော့ ခနဲ့သလိုလို ရီသလိုလို အဓိပ္ပာယ်ဖော်မရသော အပြုံးတစ်ခုဖြင့် ...

"တွေ့ရတာ အရမ်းဝမ်းသာပါတယ် ညီမလေး၊ ကိုယ်စပ်(ဝ်)နေခပါ"

"သူကတော့ ဒေါက်တာမိုးသောက်နေတဲ့"

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်"

မိတ်ဆက်ပေးပြီးသွားပြီ ဆိုတော့ ရှိန်းရဲ့အခန်းကဏ္ဍက ပြီးပြတ်သွားပေပြီ။ စားနော် ... ဘာညာပြောပြီး ဟိုလိုလို ဒီလိုလိုနှင့် ထွက်လာခဲ့တော့သည်။

စပ်(ဝ်)နေခကို တွေ့ပြီးတော့ ရှိန်းဟာ ခေါင်းနောက်သွားရသလို ခံစားရပြီး ပန်းရုံလေးက ကြိမ်ခုံလေးမှာ သွားထိုင်ကာ လမင်းကြီးကို ငေးနေမိသည်။

ခြံထဲမှာတော့ စားကြသောက်ကြနှင့် ပျော်ရွှင်နေကြပါသည်။





ရှိန်းသည် လရဲ့ငြိမ်းအေးမှုတွေကို ငေးကြည့်နေရင်းက ကိုယ်ပါ အေးချမ်းလာသလို ခံစားရသည်။ ရှိန်းရဲ့စိတ်တွေ ဘယ်တော့များမှ ကြည်လင်အေးချမ်းသွားမှာပါလိမ့်။

"ညီမလေး တစ်ယောက်တည်း ဘာတွေတွေးနေတာလဲ၊ ကောင်လေး ချစ်သူကို လွမ်းနေတာထင်တယ်"

ကြားလိုက်ရတဲ့ အဲဒီစကားသံကြောင့် ရှိန်းသည် တစ်ကိုယ်လုံး အေးစက်ကျင်ခဲသွားရပါသည်။ သူဟာ ဘာကိစ္စ ဒီကိုရောက်လာတာပါလိမ့်။

အခုလိုချိန်မျိုးမှာ သူ ဒီလိုစကားမျိုး လာမပြောသင့်ပေ။

ဒါပေမဲ့လည်း မမျက်နှာကြောင့် ရှိန်းက အလိုက်အထိုက် ပြန်ပြောလိုက်ရသည်။

"မဟုတ်ပါဘူး ကိုစပ်(ဝ်)နေခ၊ ဒီလိုပဲ ထိုင်နေတာပါ"

"ဒါဆို ကိုယ်လည်း ဒီမှာထိုင်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုပင် သူက ရှိန်းနှင့် ဘေးချင်းကပ် ကြိမ်ခုံလေးမှာ ဆတ်ခနဲ ဝင်ထိုင်ချ၏။ အဲဒီအပြုအမူဟာ သိပ် ရိုင်းတာပဲ။

သူ ဒီလိုမျိုးတော့ ရှိန်းကို မဆက်ဆံသင့်ဘူး။ ရှိန်းသည် ပေါက်ကွဲလာသော ဒေါသကို အတင်းချုပ်တည်းကာ ဝုန်းခနဲ ထရပ်လိုက်လျှင် သူက အပြုံးမပျက် မျက်နှာဖြင့် လက်နှစ်ဖက်ပိုက်လျက် ကြိမ်ခုံလေးကို မျက်စပစ်ကာ ..

"ထိုင်ပါဦး ညီမလေးရဲ့"

"နေပါစေ၊ ကျွန်မ အိမ်ထဲဝင်တော့မယ်"

"ခဏလေးပါ၊ ကိုယ် ပြောချင်တာလေးတွေ ရှိနေလို့"

သူ ဒါတော့ တစ်ဆိတ် တရားလွန်သွားပြီဖြစ်သည်။ ရှိန်းသည် သက်ပြင်းတစ်ချက်ချကာ စိတ်ကို လျှော့ချလိုက်ရင်း ...

"လူကြီးလူကောင်းဆန်တဲ့ အပြုအမူမျိုးနဲ့နေတဲ့ ကိုစပ်(ဝ်) နေခ ကျွန်မ အရှိအသေတန်လောက်အောင် မလုပ်ပါနဲ့၊ မမ မြင်သွားရင် မသင့်တော်ဘူး"





ရှိန်းသည် ပြောပြီးတာနှင့် အိမ်ထဲကို ခပ်သွက်သွက် ဝင်သွားတော့သည်။ ရှိန်းကို ဘာအစားထဲကများ သူက ထင်နေသလဲ။ ရိုသလိုလို စကားလုံးတွေပြောနေတဲ့ သူ့ကို ရှိန်းသည် ဒေါသတွေ ဖြစ်လာမိသည်။

အဆိုးဆုံးကတော့ ရှိန်း ပြောသမျှကို အပြုံးမပျက် နားထောင်နေတာပဲဖြစ်သည်။

❣ ○ ❣



www.burmeseclassic.com

www.burmeseclassic.com



## ၂၀၁၁ - ဖေဖော်ဝါရီ(၁၄)ရက်နေ့

## (သို့မဟုတ်)

## ဗာလင်တိုင်းဒေး

ဖေဖော်ဝါရီဆယ့်လေး ဆိုတာနှင့် ဗာလင်တိုင်းဒေးဆိုတာ ခေတ်ကာလသားသမီးတိုင်း သိကြပါသည်။ အဲဒီလို အဓိပ္ပာယ်ရှိသော "ဗာလင်တိုင်းဒေး"ဖြစ်တဲ့ ဖေဖော်ဝါရီ(၁၄)မှာ မမနှင့်သူ့ရဲ့ စေ့စပ်မင်္ဂလာပွဲကို ကျင်းပမှာ ဖြစ်သည်။

မင်္ဂလာရက်သတ်မှတ်၊ နှစ်ဖက်မိဘစကားပြောတာလောက်ပဲ ဖြစ်သဖြင့် ဟိုတယ်မှာ အကျယ်ချဲ့ မလုပ်တော့ဘဲ





ဂုဏ်သရေရှိ လူကြီးတွေထဲကမှ အရင်းဆုံးလူတွေလောက်ပဲ ဖိတ်ကာ အသိသက်သေထား စကားပြောဖို့အတွက် မိန်းကလေးရှင်ရဲ့ အိမ်မှာပဲ စေ့စပ်စကားပြောပွဲလေး လုပ်ဖြစ်သည်။

မမကတော့ အပေါ်ထပ်မှာ ပြင်ဆင်နေပေသည်။ သတို့သားလောင်းကတော့ ရောက်မလာသေးပါ။ ရှိန်းက အောက်ထပ်က kitchen မှာ စားသောက်ဖွယ်ရာတွေအတွက် ကြီးကြပ်နေစဉ်မှာပင် ရှိန်းရဲ့လက်တစ်ဖက်ကို ခပ်ကြမ်းကြမ်း ဆောင့်ဆွဲကာ ပန်းရုံလေးဘက်သို့ ခေါ်ဆောင်သွားတော့သည်။

ရုတ်တရက်မို့ ကြောင်သွားပြီး ရှိန်းက ယက်ကန်ယက်ကန်နှင့် ပါလာရပေမယ့် အသိဝင်လာတဲ့ အခါမှာတော့ ရှိန်းက ကိုယ့်ကို ဆွဲခေါ်လာသူမှာ စပ်(ဝ်)နေခမှန်း သိရင် ဒေါသူပုန်တွေထကာ သူကိုင်ဆွဲထားသည့် လက်တွေကို ခပ်ကြမ်းကြမ်း ဆောင့်ရုန်းကာ သူ့ကို မီးဝင်းဝင်းတောက် မျက်လုံးတွေဖြင့်ကြည့်ကာ ...

"စပ်(ဝ်)နေခ ... ရှင် ဘာလုပ်တာလဲ၊ ရူးနေလား"



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းက kitchen မှာ ရှိနေတဲ့ လူတွေကြားက ဆွဲခေါ်လာတဲ့အဖြစ်ကို ရှက်ရမ်း,ရမ်းကာ ဒေါသတွေ ထွက်နေတာဖြစ်သည်။ သူကတော့ ထုံးစံအတိုင်း အပြုံးမပျက် မျက်နှာပေးဖြင့် လက်ပိုက်ကြည့်ကာ ...

"ကိုယ်က ညီမလေးဆီက အကြွေးတောင်းစရာရှိလို့"

ဟင် ...။ မမျှော်လင့်စွာ ကြားလိုက်ရတဲ့ အဲဒီစကားကြောင့် ရှိန်းသည် တော်တော်လေးကို အံ့အားသင့်ကာ စိတ်လည်းဆိုးမိပါသည်။ သူ ဒီလောက်ထိတော့ လုပ်ဖို့မကောင်းပေ။

သူနှင့်ရှိန်း တစ်ချိန်က ဘာဖြစ်ခဲ့ ဖြစ်ခဲ့ ဒီလိုအချိန်မျိုးမှာ အစကိုဆွဲမထုတ်သင့်တော့ပေ။ ပြီးတော့ အခုချိန်မှာ မမနှင့် သူက မကြာခင် လက်ထပ်တော့မယ့် တရားဝင်ချစ်သူတွေ။

"ဒီမှ စပ်(ဝ်)နေခ၊ ဒီအချိန်မျိုးမှာ ရှင် ဒီစကားမျိုးပြောဖို့သင့်သလား စဉ်းစား၊ ရှင့်ရဲ့ အခုလုပ်ပုံဟာ အင်မတန်အောက်တန်းကျတယ်၊ ရှင့်ရဲ့မင်္ဂလာအချိန်မှာ ရှင်ရှိနေတဲ့နေရာက ဘယ်နေရာမှာလဲ၊ စဉ်းစားစမ်းပါ"





"စဉ်းစားရမယ် ... ကိုယ်က ဘာတွေကို စဉ်းစားရမှာလဲ၊ ကိုယ်က ရှိန်းနဲ့ စကားတွေ ပြောချင်နေတာ"

ရှိန်းသည် အားခနဲ အာခေါင်ခြစ်အော်ကာ သူ့ရဲ့ ပြုံးနေသော မျက်နှာကြီးကို ကုတ်ဆွဲပစ်ချင်စိတ် ပေါက်လာပါသည်။

ဒါပေမဲ့ ရှိန်း သောင်းကျန်းလိုက်ရင် ဒီနေ့ မမရဲ့ကိစ္စပျက်သွားလိမ့်မည်။ အဲဒါတော့ အဖြစ်မခံနိုင်ပါ။

"ကျွန်မ တောင်းပန်ပါတယ် ကိုစပ်(ဝ်)နေခ၊ ကျေးဇူးပြုပြီး ရှင် အေးဆေးနေပေးပါ၊ အချိန်က အရမ်းနီးနေပြီ၊ တစ်ယောက်ယောက် မြင်သွားရင် အားလုံးရှုပ်ကုန်လိမ့်မယ်၊ ကျွန်မ အနူးအညွတ် တောင်းပန်ပါတယ်၊ ဧည့်ခန်းထဲကို ရှင့်မိဘတွေ ရောက်နေပြီ၊ သတို့သားက ဒီနေရာမှာ လုံးဝမရှိသင့်ဘူး၊ ရှင့်နေရာကို ရှင်သွားပါ"

ရှိန်းရဲ့ အတုန်တုန် အလှုပ်လှုပ် စကားတွေကို သူက ဂရုတောင် မစိုက်ဘဲ ဟက်ဟက်ပက်ပက် ရယ်မောကာ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းအသာယမ်းရင်း ရှိန်းကိုသာ ငေးကြည့်နေသည်။ အား ... ဒီလူနဲ့တော့ သေတော့မှာပဲ။

ရှိန်းကိုက မှားခဲ့တာပါ။

"ကိုစပ်(ဝ်)နေခ ... မမကို ရှင် ငဲ့ပါဦး၊ အချိန်အရမ်းနီးနေပါပြီ၊ သွားပါ ... ကျွန်မ တောင်းပန်တယ်"

"ဟား ဟား ... ရှိန်း၊ မင်းက အစ်မကိုသာ ချစ်တာ၊ မင်းအစ်မ ဘယ်သူနဲ့ ဇာစပ်မယ်ဆိုတာကိုတော့ မသိရှာပါလား"

"ဘာလဲ ... ဘာတွေ လာပြောနေတာလဲ၊ စပ်(ဝ်)နေခ ... ရှင် ထွက်သွားစမ်း"

"ရှိန်းရာ ... ကိုယ် အဲဒီနေ့က မင်းကို အကြာကြီး စောင့်ခဲ့တာ၊ မင်း ဘာလို့ ကိုယ့်ကို ထားသွားတာလဲ"

အား ... မြတ်စွာဘုရား ကယ်ပါ။ သူ ... သူဟာ ရှိန်းကို မကျေနပ်လို့ မမကို အသုံးချပြီး အရွက်ခွဲမယ်ဆိုတဲ့စိတ်နဲ့ လက်စားချေတာလား။

"မသိဘူး၊ ရှင် မမနဲ့ပဲ လက်ထပ်ရမယ်"





"ပလိ(စ်)ကွာ ... မင်းအစ်မနဲ့ လက်ထပ်မယ့်သူကို မင်းက ဘယ်သူလို့ ထင်နေတာလဲ"

"ဒီမှာ ... ရှင် ရူးနေပြီလား၊ မမနဲ့ လက်ထပ်မယ့်သူက ရှင် မဟုတ်လို့ ဘယ်သူဖြစ်ရဦးမှာလဲ"

"နိုး ... နိုး ... မှားနေပြီ ညီမလေးရဲ့၊ မမနဲ့လက်ထပ်မယ့်သူက ကိုယ်ပါကွ"

ရှိန်းရဲ့နောက်ဘက်ကနေ ကြားလိုက်ရတဲ့ အသံကြောင့် ရှိန်းသည် လှည့်ကြည့်လိုက်လျှင်တော့ အံ့သြစရာမြင်ကွင်းကို တွေ့ရလေသည်။ ဘုရားရေ ... မမနဲ့ ကိုမိုးသောက်နေ။

ကိုမိုးသောက်နေက မမရဲ့ပခုံးကိုဖက်လို့။ မမကလည်း ပြုံးကာ ရှိန်းတို့ဆီ လျှောက်လာကာ ရှိန်းကို မချိုမချဉ် မျက်နှာပေးဖြင့်ကြည့်ကာ ...

"မမနဲ့ လက်ထပ်မယ့်သူက ကိုစပ်(ဝ်)နေခပါလို့ ရှိန်းကို မမ တစ်ခါမှ မပြောခဲ့ဖူးပါဘူးနော်"

"ဟင် ... မမက ဘွားဘွား သဘောတူတဲ့သူနဲ့ဆို"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... ကိုမိုးသောက်က ဘွားဘွားသဘောတူတဲ့သူပေါ့၊ မမရဲ့ချစ်သူ၊ မမနဲ့ လက်ထပ်မယ့်သူကလည်း ဟောဒီက ဒေါက်တာမိုးသောက်နေပဲပေါ့ ရှိန်းရဲ့"

ဟင် ... ဘာတွေ ဖြစ်သွားပြီလဲ။ ရှိန်းသည် အခြေအနေတွေကို ဘာမှ လိုက်လို့မမီတော့ပါ။

ရှိန်းရဲ့အံ့သြနေသော ပုံစံကိုကြည့်ကာ မမက ရယ်မောနေရင်း ...

"ကဲ ... ကိုနေခ၊ ရှင်ပဲ ရှင်းပြလိုက်တော့၊ ကျွန်မတို့ဧည့်သည်တွေ ရောက်နေလို့ သွားလိုက်ဦးမယ် ...

ရှိန်း သူ ပြောတာသာ နားထောင်လိုက်တော့"

မမတို့စုံတွဲက ထွက်သွားသောအခါ သူက အပြုံးတစ်ခုဖြင့် ရှိန်းကို ရှင်းလင်းခန်း စဖွင့်လေတော့သည်။

"ကိုယ်ပြောပြမယ်၊ ဒီလို ရှိန်းရဲ့ ... ပြီးခဲ့တဲ့နှစ် ဖေဖော်ဝါရီ (၁၄)က ရှိန်း ကိုယ့်ကို လာမတွေ့တော့ ကိုယ် ရေလည်ခံစားနေရပြီး ရှိန်းကို အပူတပြင်း လိုက်ရှာခဲ့တာ ...





အဲဒီအချိန်မှာ ကိုယ့်မေမေကလည်း စိမ်းနဲ့ပေးစားမယ်ဆိုပြီး အမိန့်ထုတ်လိုက်တယ်၊ ကိုယ်နှင့်စိမ်း လူချင်းဆုံတဲ့နေ့မှာပဲ ကိုယ်က ပွင့်ပွင့်လင်းလင်း ပြောပြခဲ့တယ်လေ ...

ကိုယ့်မှာ ချစ်နေရတဲ့သူ ရှိပါတယ်ပေါ့၊ အဲဒါနဲ့ ပြောရင်းကမှ ရှိန်းက စိမ်းရဲ့ညီမဆိုတာသိ၊ အဲဒီ case ကို ဆက်လိုက်ရင်းကမှ မေခတို့က အကုန်ပြောပြသွားတာ ...

ဒီတော့ ကိုယ်နဲ့ စိမ်း တိုင်ပင်ရတာပေါ့။ စိမ်းကလည်း သူ့ချစ်သူ မိုးသောက်နဲ့ပဲ လက်ထပ်မယ်၊ ကိုယ်ကလည်း ရှိန်းကိုပဲ ...

အဲဒီတော့ အခြေအနေ အရပ်ရပ်ကို လူကြီးတွေ ပြောပြလိုက်တော့ သူတို့ကလည်း peace ပေးတယ်၊ ရှိန်းရဲ့ကျုံနေခဲ့တဲ့ ဒိုင်ယာရီလေးကို စိမ်းပေးလို့ ကိုယ် ဖတ်ခဲ့ရပြီးပြီ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒါနဲ့ ရှိန်း ဘာလို့ ထွက်သွားတာလဲ ဆိုတာပါ ကိုယ်တို့ သိသွားခဲ့တယ်၊ ရှိန်း အမြန်ဆုံး ကိုယ်တို့ဆီပြန်လာအောင် twist သုံးပြီး ခေါ်လိုက်တဲ့ သဘောပေါ့ ... အဟဲ"

ဘုရား ... ဘာတွေ ဖြစ်သွားတာလဲ။ တဒင်္ဂအတွင်းမှာ ပြောင်းလဲသွားတဲ့ အခြေအနေတွေကို ရှိန်းဖြင့် လိုက်လို့တောင် မမီတော့ပါ။ ပြီးတော့ ရှိန်းရဲ့ဒိုင်ယာရီကိုလည်း သူ ဖတ်ပြီးသွားပြီတဲ့။ ရှိန်းရဲ့ခံစားချက်တွေကို ...။ အို ... သွားပြီ။ ရှိန်းကတော့ ဒိုင်ယာရီစာအုပ်လေး ပျောက်သွားတယ်ပဲ ထင်ခဲ့မိတာ။

"ရှိန်း ... ကိုယ် လွှန်ခဲ့တဲ့ တစ်နှစ်လောက်ကတည်းက ပြောဖို့ ရည်ရွယ်ထားတဲ့ စကားလေးကို ဒီတစ်ခါတော့ ကိုယ် ပြောပါရစေနော် ...

ရှိန်းကို ကိုယ် အရမ်းကိုချစ်ပါတယ် ရှိန်း"

အိုး ... အိပ်မက်လား၊ တကယ်လား။ ရှိန်းသည် မယုံနိုင်ပါပေ။ ဒီလောက် ပျော်စရာကောင်းတဲ့ Happy ending ရှိနိုင်ပါ့မလား။





အဲဒီအတွက် ရှိန်းကိုနောက်တဲ့ သူ့ကို ရှိန်းကလည်း နောက်ရပါဦးမည်။

"ကျွန်မက အခု မချစ်ချင်တော့ဘူး၊ ကျွန်မနှလုံးသားကို ဧရိယာပြင်ပ ပို့ထားပြီးသား ...

ဝမ်းနည်းပါတယ် စပ်(ဝ်)နေခ၊ ရှင့် အတွက် service လုံလုံလောက်လောက် မရှိပါဘူး၊ connection ကျနေတယ်"

"ဒါဆိုလည်း ရတာပဲ"

သူက ပြုံးစစ မျက်နှာထားဖြင့် ရှိန်းရဲ့နားနားသို့ တိုးကပ်လိုက်ပြီး သူ့ဘောင်းဘီအိတ်ကပ်ထဲက ဖုန်းကိုထုတ်ကာ ဖုန်းခေါ်လေသည်။ သူ ရှိန်းဆီကို ဖုန်းခေါ်တာပါ။ ရှိန်းရဲ့ဖုန်းလေးကလည်း ထလို့မြည်လာလျှင် ရှိန်းက အံ့ဩစွာပင် ဘောင်းဘီအိတ်ထဲကဖုန်းကို ထုတ်ကာ ဖွင့်နားထောင်လိုက်သည်။

"ချစ်တယ် ရှိန်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းက ရင်တွေ အကြမ်းပတမ်း တုန်ယင်လာကာ သူ့ကို ကျောခိုင်းပြီးတော့ ဖုန်းနဲ့ပဲ ပြောဖြစ်လေသည်။

"လူကြီးမင်း တောင်းဆိုနေသော နှလုံးသားမှာ ဆက်သွယ်မှု ဇရီယာပြင်ပသို့ ရောက်ရှိနေပါသဖြင့် တောင်းဆို၍ မရနိုင်ပါရှင်"

ရှိန်းရဲ့အဲဒီစကားကို သူက သဘောကျစွာ ရယ်မောကာ ဖုန်းပိတ်လိုက်ပြီး ရှိန်းကို သူ့ဘက်သို့ ဆွဲလှည့်လိုက်ရင်း ခပ်တိုးတိုးလေးဖြင့် ...

"ရပါတယ်ကွာ၊ ဇရီယာပြင်ပ ရောက်နေလည်း အခုက စပြီး service ကောင်းသွားပြီ၊ ဘာလို့လဲဆိုတော့ ဒီမှာလေ (သူ့ရင်ဘတ် သူပုတ်ပြ၍) ...

နှလုံးသားတာဝါတိုင်ကြီးနား ရောက်နေမှတော့ ဇရီယာပြင်ပရောက်ဖို့ မလိုတော့ပါဘူး ကောင်မလေးရယ်"

သူက စကားလည်းအဆုံး ရှိန်းရဲ့လက်ကလေးတွေကိုလည်း ဆုပ်ကိုင်လိုက်ရင်း ...





ကစပြီး နှောင်ရက်ပေါင်းများစွာတိုင် နေမဝင်ဗယ်လင်တိုင်းဒေး တွေကို ဖြတ်သန်းနေမှာ ဖြစ်သည်။

သူ့ကိုချစ်တဲ့မေတ္တာဟာ စစ်မှန်လို့ ရှိန်းတို့ ပြန်လည် အဆင်ပြေသွားတာ ဖြစ်နိုင်သည်။

ဘယ်တော့မှ မမှန်းနိုင်ဘဲ အမြဲချစ်နေမယ့် ကိုယ့် နှလုံးသားတာဝါတိုင် ဗယ်လင်တိုင်း မင်းသားလေးကို သူ့နား,နား သို့ကပ်ကာ ခပ်တိုးတိုးလေး ပြောလိုက်ပါသည်။

"HAPPY BIRTHDAY ချစ်သူ၊ တို့ရဲ့ဗယ်လင်တိုင်း Anniversary (နှစ်ပတ်လည်)တိုင်းမှာ ဇရီယာပြင်ပ မရောက်ဘဲ ဆထက်တံပိုး ချစ်နေနိုင်ပါစေ"

"အိုခေ ... အဲဒီဆုတောင်းပြည့်မှာ၊ ကိုယ် သက်သေပြမယ်"

အဲဒီလိုဆိုပြီး သူက ညာတာပါတေးနှင့် ရှိန်းကို ဖက်ထားပါသည်။ အဲဒီအကြင်နာယုက်သမ်းနေတဲ့ ဗယ်လင်တိုင်းမှာ အချစ်တွေ ချိုမြနေဖို့ပဲ လိုသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကို ချောကလက်မကျွေးဖြစ်ပေမယ့် ဗယ်လင်တိုင်းမှာ အနမ်းတစ်ခုတော့ ပေးဖြစ်ပါမည်။

ကျေးဇူးတင်စွာဖြင့်

မယ်မင်းဘုံ

5th- September - 09.

5:50 P.M

BURMESE CLASSIC .com

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်- ၃၉၊ (မြေညီ) ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com